# မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၇၁)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ ၁၀ ရက်၊ အင်္ဂါနေ့။


**ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့**

# မြန်မာ-လာအိုချစ်ကြည်ရေးတံတား တည်ဆောက်ပြီးစီးမှုအခြေအနေဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နေပြည်တော်သို့ ရောက်ရှိနေသော လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်နှင့်ဇနီး မစ္စစ်ကေအို ဆိုင်ကျိုင်း ဆိုင်ညဆွန်တို့အား နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က ယနေ့ညနေ ၄ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် ဥပစာရှိ မြက်ခင်းပြင်၌ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုသည်။

ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် လာအို ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ယင်းနောက် နှစ်နိုင်ငံသမ္မတတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကိုစစ်ဆေးကြသည်။

ထို့နောက် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းမှ ကင်းထောက်လူငယ်မောင်မယ်များက နှစ်နိုင်ငံအလံငယ်များဝှေ့ယမ်း၍ ဂုဏ်ပြုကြိုဆိုရာ လာအိုနိုင်ငံသမ္မတက ကင်းထောက် လူငယ်မောင်မယ်များအားပြန်လည်၍ ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ *စာမျက်နှာ ၈ ကော်လံ ၁* ❁



**နှစ်နိုင်ငံအကြား တိုက်ရိုက်လေကြောင်းဆက်သွယ်ပျံသန်းရေး၊ ပုံမှန်နှင့်နယ်စပ်ကုန်သွယ်ရေးများ မြှင့်တင်ရေး၊ ပညာရေးကဏ္ဍပူးပေါင်းဆောင်ရွက်ရေး၊ သစ်တော၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများတွင် နည်းပညာဖလှယ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်တို့ နှစ်နိုင်ငံဆွေးနွေးပွဲတွင် ဆွေးနွေးကြစဉ်။ (သတင်းစဉ်)





ဝေဖြိုးအောင်၏ ဝူရှူးပြကွက်ကို တွေ့ရစဉ်။

# ဝူရှူးအားကစားပြိုင်ပွဲ မြန်မာအသင်းမှ ဝေဖြိုးအောင် ရွှေထပ်မံဆွတ်ခူး

**နေပြည်တော် ဒီဇင်ဘာ ၉**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝူရှူးထောက်လှုပွဲစဉ်များကို ယနေ့နံနက် ၉ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ဆက်လက်ကျင်းပရာ မြန်မာမှ ဝေဖြိုးအောင်က ရွှေတံဆိပ်ထပ်မံဆွတ်ခူးခဲ့သည်။

ထောက်လှုအမျိုးသား နန်းတောင်း ပွဲစဉ် (Nandao) တွင် မြန်မာ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်းတို့မှ နှစ်ဦးစီ၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်တို့မှ တစ်ဦးစီဝင်ရောက်ယှဉ်ပြိုင်ကြပြီး မြန်မာမှဝေဖြိုးအောင်က ၉ ဒသမ ၆၉ မှတ်ဖြင့် ပထမ၊ မလေးရှားမှ Mun Hua Ho က ၉ ဒသမ ၆၈ မှတ်ဖြင့် ဒုတိယ၊ ဗီယက်နမ်မှ Quoc Khanh Pham က ၉ ဒသမ ၆၇ မှတ်ဖြင့် တတိယရရှိကြသည်။ နာမည်ကြီးကစားသမားများဖြစ်သည်နှင့်အညီ အမှတ်များ သိပ်မကွာကြဘဲ နှာတစ်ဖျားအသာနှင့်အနိုင်ရသည်ကို တွေ့ရသည်။ ဝေဖြိုးအောင်အနေနှင့် သုံးခုမြောက်ရွှေတံဆိပ်ကို ဆွတ်ခူးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

နိုင်ငံ့ဂုဏ်ဆောင်ခဲ့သည့် ဝေဖြိုးအောင်ကို ပြည်ထောင်စုဝန်ကြီးများ၊ အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌတို့က ဂုဏ်ပြုချီးမြှင့်ခဲ့ကြသည်။ အမျိုးသား ဓားမောက်ပွဲစဉ် (Daoshu) တွင် အင်ဒိုနီးရှား၊စင်ကာပူ၊ ဗီယက်နမ်၊ မလေးရှားတို့မှ နှစ်ဦးစီ၊ မြန်မာ၊ ဘရူနိုင်း၊ ထိုင်းတို့မှတစ်ဦးစီဝင်ရောက်ယှဉ်ပြိုင်ကြပြီး အင်ဒိုနီးရှားမှ Achmad Hulaefi က ၉ ဒသမ ၇၀ မှတ်ဖြင့် ပထမ၊ ဗီယက်နမ်မှ Manh Quyen Nguyen က ၉ ဒသမ ၆၈ မှတ်ဖြင့် ဒုတိယ၊ မလေးရှားမှ Say Yoke Ng က ၉ ဒသမ ၆၇ မှတ်ဖြင့် တတိယရရှိကြသည်။ Achmad Hulaefi က ဒုတိယမြောက် ရွှေတံဆိပ်ရရှိခြင်းဖြစ်ပြီး ပြိုင်ဘက်များကို အသာစီးမှ ယှဉ်ပြိုင်အနိုင်ယူနိုင်ခဲ့သည်ကို တွေ့ရသည်။ အမျိုးသမီး တောင်ပိုင်းတုတ်ပွဲစဉ် (Nangun)တွင် မြန်မာ၊ အင်ဒိုနီးရှား၊ မလေးရှားတို့မှ နှစ်ဦးစီ၊ စင်ကာပူ၊ ဗီယက်နမ်တို့မှ တစ်ဦးစီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အင်ဒိုနီးရှားမှ Juwita Niza Wasni Wasni က ၉ ဒသမ ၆၄ မှတ်ဖြင့် ပထမ၊ Ivana Ardelia Irmanto က ၉ ဒသမ ၆၁ မှတ်ဖြင့် ဒုတိယ၊ မလေးရှားမှ Diana Bong Siong Linm က ၉ ဒသမ ၄၀ မှတ်ဖြင့် တတိယရရှိကြသည်။ မြန်မာကစားသမားနှစ်ဦးမှာ *စာမျက်နှာ ၅ ကော်လံ ၅* ✳




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

### ပထမဆု

ကျွန်ုပ်တို့အနေဖြင့် အလုပ်တစ်ခုခု လုပ်ကိုင်ဆောင်ရွက်ရာတွင် တစ်ခါတစ်ရံ ပေါ့ပေါ့လျော့လျော့လုပ်တတ်ကြ၍ ရည်မှန်းချက် မအောင်မြင်ဘဲဖြစ်ကြရသည်။ လုပ်ကိုင်သော အလုပ်တစ်ခုသည် ပိုပိုလိုလို တွက်ဆလုပ်ကိုင်ရမည့်အစား ပေါ့လျော့စွာလုပ်ကိုင်မိ၍ အလွဲလွဲအချော်ချော်ဖြစ်ကြရသည်။

ယခုအခါ ကျွန်ုပ်တို့နိုင်ငံတွင် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး စတင်ကျင်းပနေပြီ။ ကစားသမားတိုင်းက အောင်ရမည်ဟူသော စိတ်ဓာတ်အပြည့်အဝဖြင့် ယှဉ်ပြိုင်နေကြသည်။ အားကစားနည်း ၃၃ မျိုး ထည့်သွင်းယှဉ်ပြိုင်ရာတွင် အချို့ အားကစားသမားများက ဆုသေချာပေါက်ယူမည်ဟုဆိုကြသည်။ အချို့က ပထမဆုရွှေတံဆိပ်ကို မဖြစ်မနေရယူမည်ဟုဆိုသည်။ အချို့မှာမူ ဒုတိယ၊ တတိယရလျှင် တော်ပါပြီဆိုသူများလည်းရှိသည်။ ''အချို့က မမီတဲ့ပန်း တုံးခုလို့မလှမ်းချင်ပါဘူး''ဟု ပြောဆိုသံများလည်းကြားရသည်။ ရည်မှန်းချက်၊ မျှော်လင့်ချက်တစ်ခုသည် မိမိမျှော်မှန်းသလောက်သာဖြစ်တတ်သည်။ အမြင့်ဆုံးကိုမှန်းလျှင် အမြင့်ဆုံးသို့ ရောက်နိုင်ပြီး သာမန်အနေအထားကိုမှန်းလျှင် သာမန်သာဖြစ်နိုင်သည်။ မြင့်မြင့်မားမားမျှော်မှန်းပြီး စွန့်စွန့်စားစား အားထုတ်မည်ဆိုပါက အမြင့်ဆုံးသို့ ရောက်ရှိနိုင်ပါသည်။

ပထမဆုရွှေတံဆိပ်ကို မျှော်မှန်းလျှင် ပထမဆုရနိုင်သကဲ့သို့ ဒုတိယဆုမျှော်မှန်းပြီး ပထမပန်းဝင်သွားသူကား ရှားပါးလှ၏။ မိမိမျှော်မှန်းပြီး လုပ်ဆောင်သည်အထိသာ ဖြစ်လေ့ရှိသည်။ ပထမဆုမျှော်မှန်းနိုင်ပါမှ ပထမဆုရနိုင်သည်။ အကယ်၍ ပထမဆုမျှော်မှန်းထားပြီး ဒုတိယဆုရခဲ့လျှင်လည်း ဝမ်းနည်းဖွယ်ရာမဟုတ်ပါ။ ပထမဆုမမျှော်မှန်းခဲ့မိ၍ ဆုံးရှုံးသွားခြင်းကသာ ဝမ်းနည်းဖွယ်ရာဖြစ်သည်။

မည်သည့်အားကစားနည်းမဆို ပထမဆုရယူမည်(ဝါ)အနိုင်ယူမည်ဟူသော ''အောင်စိတ်''သည် အရေးအကြီးဆုံးဖြစ်သည်။ ပြိုင်ပွဲတစ်ခုသည် ထိုစိတ်ဓာတ်မရှိလျှင် ဆုံးရှုံးနိုင်၏။ ကျန်သောအစိတ်အပိုင်းတွင် နည်းစနစ်နှင့် ကြိုးစားအားထုတ်လေ့ကျင့်မှုသာ ကွာခြားမှုရှိ၏။ စိတ်ဓာတ်ရေးရာတွင်လည်း ''နိုင်ရမည်''ဟူသော ခိုင်မာသည့်စိတ်ဓာတ် အပြည့်အဝရှိရမည်။ နည်းစနစ်ပိုင်းနှင့် ကြိုးစားအားထုတ် လေ့ကျင့်မှုတွင်လည်း ပြည့်ဝနေပြီဆိုလျှင် ထိုအားကစားနည်းမှာ အနိုင်ရဖို့သေချာသလောက်ရှိသည်။

သို့ဖြစ်၍ ဆီးဂိမ်းပြိုင်ပွဲတွင် ကျွန်ုပ်တို့မြန်မာအားကစားသမားများအနေဖြင့် ''ပထမဆု''ကိုသာ မျှော်မှန်းပါဟု တိုက်တွန်းချင်ပါသည်။ အမြင့်မားဆုံးစိတ်ဓာတ်ထားရှိပြီး နည်းစနစ်နှင့် လေ့ကျင့်အားထုတ်မှုတွင်လည်း စနစ်ကျကောင်းမွန်သည်ဆိုလျှင် ကျွန်ုပ်တို့မျှော်မှန်းထားသောဆုတံဆိပ်များကို အမိအရဆွတ်ခူးပေးနိုင်မည်ဟု ယုံကြည်မိပါကြောင်း။ ။

**ဇီဝမျိုးစုံ တောမှာစုံ၏**

## ပြည်တွင်းသတင်း

### ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန် လှူဒါန်းနိုင်

**နေပြည်တော် ဒီဇင်ဘာ ၉**

ဂေါတမဘုရားအလောင်းတော်ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံ အင်ကြင်းတောဟူသည့် သံဝေဇနီယလေးဌာနအနက်မှ ပွင့်တော်မူရာ တစ်ဌာနကို တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့် သံဝေဇနီယသုံးဌာနကို နေပြည်တော်သတ္တဌာန အနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန် (နေပြည်တော်ကောင်စီဝင်) ဖုန်း-၀၆၇-၄၁၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၆၊ ဦးဝင်းဌေး (အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း- ၀၆၇-၄၁၄၂၀၂၊ ၀၆၇-၄၁၄၂၁၄၊ စီမံရေးရာဌာနမှူး ဖုန်း- ၀၆၇-၄၁၄၇၅၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဘုရားအလောင်းတော် ဖွားမြင်တော်မူရာဌာနတွင်မယ်တော်မာယာ ဖွားတော်မူဟန်နှင့်ဘုရားအလောင်းတော် ခြေခုနစ်လှမ်းကြွ၍ ကြွေးကြော်တော်မူဟန် ရုပ်တုတော်၊ မြတ်စွာဘုရားပရိနိဗ္ဗာန် စံဝင်တော်မူရာဌာနတွင် ပရိနိဗ္ဗာန်စံဝင်တော်မူဟန် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူတို့ကို စကျင်ကျောက်ဖြင့် ထုဆစ်လှူဒါန်းပူဇော်မည်ဖြစ်ပါ၍ စေတနာရှင်ပြည်သူများမှ အထက်ဖော်ပြပါအလှူခံဌာနများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။



### ရှမ်းနှစ်သစ်ကူးပွဲတော်နှင့် ကောက်သစ်လှူပွဲ သီပေါမြို့နယ်၌ စည်ကားစွာကျင်းပ

**သီပေါ ဒီဇင်ဘာ ၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ်တွင် ရှမ်းတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု အစဉ်အလာမပျက် နှစ်စဉ်ကျင်းပလျက်ရှိသော ရှမ်းနှစ်သစ်ကူးပွဲတော်နှင့် ကောက်သစ်လှူပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၆ ရက် နံနက် ၈ နာရီက ကွန်ကျောင်းကျေးရွာ ရွာဦးကွင်းပြင်၌ကျင်းပရာ သီပေါမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်နှင့် ပွဲတော်ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌဦးစိုင်းသာဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် သဘာပတိ ရှမ်းအမျိုးသားကြီး ဦးစိုင်းကျော်ညွန့်က အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းက တိုင်းရင်းသားမျိုးနွယ်စုများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်နှင့် ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းလိတ်တို့က ရှမ်းနှစ်သစ်ကူးပွဲတော်နှင့် ကောက်သစ်လှူပွဲ ဖြစ်ပေါ်လာပုံ အကြောင်းများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

**ကျင်းပ**

ထို့နောက် သံဃာတော်အရှင်သူမြတ်များနှင့် သက်ကြီးဘိုးဘွားများအား ပေါ်ဦးပေါ်ဖျား ကောက်သစ်များ လှူဒါန်းခြင်းနှင့် ဧည့်ခံကျွေးမွေးခဲ့ကြပြီး လှူဖွယ်ဝတ္ထုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ဆက်လက်၍ တိုးနရား၊ ကိန္နရီကိန္နရာပြိုင်ပွဲများ၊ ဓား၊ လက်၊ လှံသိုင်းအကများအပြင် ညပိုင်းတွင် ရှမ်းရိုးရာယဉ်ကျေးမှုဆိုင်ရာ ပဒေသာကပွဲများ၊ ခေတ်သစ် ရှမ်းတိုင်းရင်းသားအကများနှင့် စင်တင်တေးဂီတများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

### သက်ကြီးပူဇော်ပွဲနှင့် အာဟာရကျွေးမွေးခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၉**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ခနသိဒ္ဓိရပ်ကွက် ခနသိဒ္ဓိဓမ္မာရုံ၌ ဒီဇင်ဘာ ၈ ရက် မွန်းလွဲ ၂ နာရီက ပထမအကြိမ် သက်ကြီးပူဇော်ပွဲနှင့် အာဟာရကျွေးမွေးခြင်းအခမ်းအနားကို ကျင်းပရာ ဘဏ္ဍာရေးဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ရပ်ကွက်အတွင်းရှိ သက်ကြီးအဘိုးအဘွား ၁၂ ဦးကို ကန်တော့ပစ္စည်းများနှင့် ပူဇော်ကန်တော့ခြင်း၊ ကလေးသူငယ်များအား အာဟာရတိုက်ကျွေးခြင်းများကို ဆောင်ရွက်ခဲ့သည်။

**ဟောပြော**

ဆက်လက်၍ ဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးဝင်းက အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးများ အသိပညာပေး ဟောပြောခြင်း၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးနှင့် အိမ်ထောင်သည် အမျိုးသမီးများ သားဆက်ခြားပညာပေးခြင်း အကြောင်းအရာများကို ဟောပြောခဲ့သည်။

**မီမီလွင်(သတင်းစဉ်)**




## ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုရှေ့နေချုပ် ဝဏ္ဏကျော်ထင်ဒေါက်တာထွန်းရှင်သည် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များညီလာခံတွင် ၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်ဂုဏ်ထူးဆောင်ဆု (International Jurists Award- 2013)ကို ချီးမြှင့်ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

**ကချင်ပြည်နယ်ဥပဒေချုပ်နှင့် ဥပဒေအရာရှိများ**




**ရွှေ့ပြောင်းသွားလာ ဘေးကင်းကြွ သိမှတ်စရာ ကြိုတင်လေ့လာပါ**

ပြည်တွင်းသတင်း

# လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတနှင့်ဇနီးတို့ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၉**

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီဆိုင်ညဆွန်နှင့်ဇနီး မစ္စစ်ကေအို ဆိုင်ကျိုင်း ဆိုင်ညဆွန်တို့သည် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိလာရာ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး ဒေါ်လင်းလင်းတင် **(ယာပုံ)**၊ ဒုတိယဝန်ကြီးဒေါက်တာ အောင်ကျော်မြတ်နှင့်ဇနီးတို့က နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဧည့်သည်တော် လာအိုနိုင်ငံ သမ္မတနှင့်ဇနီးနှင့်အဖွဲ့အား ဂုဏ်ပြုတပ်ဖွဲ့က အလေးပြု၍လည်းကောင်း၊ နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်အဝင် လမ်းဘေးဝဲ /ယာမှ ကျောင်းသား ကျောင်းသူငယ်လေးများက နှစ်နိုင်ငံအလံများ ဝှေ့ယမ်း၍လည်းကောင်း ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**



*✷ ကျောဖုံးမှ*

လုပ်ငန်းစဉ်များ ဆွေးနွေးနိုင်ရန် ကျင်းပရခြင်း ဖြစ်ပါကြောင်း၊ ပြည်ထောင်စု လွှတ်တော်နာယကနှင့် ရခိုင်မိသားစုတို့ တွေ့ဆုံပွဲတင်ပြချက်နှင့်စပ်လျဉ်း၍ သဝဏ်လွှာပေးပို့မှုအပေါ် ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြရန် လိုကြောင်း၊ OIC အဖွဲ့အနေဖြင့် မြန်မာနိုင်ငံရောက်ရှိနေစဉ်အတွင်း အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့ပြီး လူသားချင်း စာနာမှုအတွက် အကူအညီပေးလိုကြောင်းနှင့် မျှမျှတတလုပ်ဆောင်သွားမည်ဟု သိရှိရကြောင်း၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကပါဝင်ဆောင်ရွက်နေသော လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီ၊ လူဝင်မှုကြီးကြပ်ရေးနှင့် တရားဝင် နေထိုင်သူ ဟုတ်မဟုတ်စိစစ်ရေး လုပ်ငန်းကော်မတီ၊ ဒေသတွင်းယာယီနေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီတို့က သက်ဆိုင်ရာလုပ်ငန်းကော်မတီအလိုက် တွေ့ကြုံရသည့် လုပ်ငန်း အခြေအနေများကို ဆွေးနွေးတင်ပြကြစေလိုကြောင်း၊ ရခိုင်ပြည်နယ်ပဋိပက္ခသုတေသန စင်တာကို သုတေသနပညာရှင်များနှင့် ဖွဲ့စည်းသွားမည်ဖြစ်ပြီး နှစ်ဖက်အဖွဲ့အစည်းများ၏ အခြေအနေကို သုတေသနပြုလုပ်၍ အကြံပြုဆွေးနွေးသွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ရခိုင်ပြည်နယ်နှင့် စပ်လျဉ်း၍ နိုင်ငံတကာဆက်ဆံရေး အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းကော်မတီ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီ၊ လူဝင်မှုကြီးကြပ်ရေးနှင့် တရားဝင်နေထိုင်သူများ ဟုတ်၊ မဟုတ် စိစစ်ရေးလုပ်ငန်း ကော်မတီ၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီနှင့် ဒေသတွင်း ယာယီနေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းကော်မတီတို့မှ ဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် ဒုတိယဝန်ကြီးများက သက်ဆိုင်ရာ ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်းက ဗဟိုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၆/၂၀၁၃)ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ရခိုင်ပဋိပက္ခစုံစမ်းရေးကော်မရှင်မှ ကြီးမှူး၍ ရခိုင်ပြည်နယ်အတွင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ရေး နည်းလမ်းများရှာဖွေဖော်ထုတ်ရန်ရည်ရွယ်၍ ဆွေးနွေးပွဲတစ်ရပ်ကျင်းပခဲ့မှုနှင့် ပြည်ထောင်စု လွှတ်တော်နာယကနှင့် ရခိုင်မိသားစုတို့ တွေ့ဆုံပွဲတွင် တင်ပြချက်များနှင့် စပ်လျဉ်း၍ ပေးပို့သည့် သဝဏ်လွှာအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ဝေလွင်က ရခိုင်ပြည်နယ်အတွင်း နယ်ခြားစောင့် ရဲတပ်ဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက် ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရခိုင်ပြည်နယ်ပဋိပက္ခစုံစမ်းစစ်ဆေးရေးကော်မရှင် အတွင်းရေးမှူး ဒေါက်တာကျော်ရင်လှိုင်က ရခိုင်ပြည်နယ်အတွင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး နှစ်ဖက်အဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးခဲ့မှုအပေါ် အကြံပြုဆွေးနွေးတင်ပြပြီး ရခိုင်ပြည်နယ်နှင့်စပ်လျဉ်း၍ နိုင်ငံတကာနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ဆက်ဆံရေးအခြေအနေ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ ရခိုင်ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုများ ပူးပေါင်းဆောင်ရွက်ထားရှိမှု အခြေအနေ၊ သတင်းမီဒီယာ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လွှင့်နိုင်ရေးတို့ကို ဒုတိယဝန်ကြီးများက ဆွေးနွေးတင်ပြခဲ့ကြသည်။

ယင်းနောက် ဒုတိယသမ္မတက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့၏ ကြိုးစားဆောင်ရွက်မှုကြောင့် ရခိုင်ပြည်နယ်နှင့်စပ်လျဉ်း၍ နိုင်ငံတကာအလယ်တွင် မြန်မာနိုင်ငံအနေဖြင့် ပုံရိပ်ကောင်းများရရှိလာပါကြောင်း၊ လုံခြုံရေးအပိုင်းတွင် အလေးအနက်ထား ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ဒုက္ခသည်စခန်းများရှိ ဒုက္ခသည်များ ကျန်းမာရေးစောင့်ရှောက်မှု ပေးရေးအတွက် ဆောင်ရွက်ရာတွင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့အကြား သဘောတူညီချက်စာချုပ်ဖြင့် ဆောင်ရွက်သည်ကို ရခိုင်တိုင်းရင်းသားများ သိရှိနားလည်အောင် တာဝန်ရှိသူများက ရှင်းပြရန်လိုအပ်ပါကြောင်း၊ ရခိုင်ပြည်နယ်နှင့် စပ်လျဉ်းသည့်သတင်းများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးရန်လိုအပ်ပါကြောင်း၊ နိုင်ငံတကာကလည်း ရခိုင်ပြည်နယ်အရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအစိုးရ၏ ဆောင်ရွက်ချက်ကို အသိအမှတ်ပြုချီးကျူးပါကြောင်းနှင့် လိုအပ်သော အကူအညီများကို ၎င်းတို့ဘက်မှ ကူညီပေးသွားလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

## ဆီးဂိမ်းအားကစားပြိုင်ပွဲများ အခမဲ့ကြည့်ရှုနိုင်ရန် ရုပ်သံလိုင်းသုံးလိုင်း ထုတ်လွှင့်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၉**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် အရုပ်အသံအရည်အသွေး ပိုမိုကောင်းမွန်သော ရုပ်သံလိုင်းများ ပိုမိုထုတ်လွှင့်နိုင်ရန်အတွက် ဒစ်ဂျစ်တယ် ထုတ်လွှင့်မှုနည်းပညာဖြစ်သည့် (DVBT) စနစ်ဖြင့် ဒစ်ဂျစ်တယ်ချန်နယ်များဖြစ်သည့် တောင်သူလယ်သမားများ ရုပ်သံလိုင်း၊ လွှတ်တော် ရုပ်သံလိုင်းနှင့် တိုင်းရင်းသားလူမျိုးစုများ ရုပ်သံလိုင်းတို့ကို အောက်တိုဘာ ၁၅ ရက်မှစ၍ တစ်ပြိုင်တည်း ထုတ်လွှင့်ပေးလျက်ရှိသည်။ ထို့အပြင် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ယှဉ်ပြိုင်မည့် အားကစားပွဲများကို အခမဲ့ကြည့်ရှုနိုင်ရန် ပြိုင်ပွဲကျင်းပသည့်နေရာများမှ တိုက်ရိုက်ထုတ်လွှင့်ပေးမည့် ရုပ်သံလိုင်းသုံးလိုင်းကိုလည်း (MRTV Sea Games Channel) အဖြစ်ထုတ်လွှင့်ပေးလျက်ရှိပါသည်။

နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ မိဘပြည်သူများ အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုနိုင်ရန် လက်ရှိဝန်ဆောင်မှုပြုနေသည့် (Cable TV) ထုတ်လွှင့်မှုများတွင် အားကစားလိုင်းများ အပါအဝင် စုစုပေါင်း ၂၄ လိုင်းအား ယနေ့နံနက်ပိုင်းမှစတင်၍ တိုးချဲ့ထုတ်လွှင့်လျက်ရှိပါသည်။ ထိုသို့ ထုတ်လွှင့်ရာတွင် လှိုင်းနှုန်း (Frequency) များ ပြောင်းလဲမှုရှိပါသဖြင့် လှိုင်းနှုန်းညှိ (Tuning) ပြုလုပ်၍ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဖမ်းယူကြည့်ရှုရာတွင် အခက်အခဲရှိပါက တယ်လီဖုန်းနံပါတ် ၀၆၇-၄၂၂၂၈၆ သို့ မေးမြန်းစုံစမ်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။ **(သတင်းစဉ်)**

## စုပေါင်းလမ်းလျှောက်ပွဲကျင်းပ

**ဝိုင်းမော် ဒီဇင်ဘာ ၉**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၇ ရက် နံနက် ၅ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ကျော်ဝင်း ဦးဆောင်၍ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ ဆရာ ဆရာမ များနှင့်ကျောင်းသား၊ ကျောင်းသူများ၊လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ် (၅) ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများနှင့်မိဘပြည်သူများသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးစုရပ်မှ ခတ်ချိအဝိုင်းပတ်အထိ စုပေါင်းလမ်းလျှောက်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**


**အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း**

ကျေးဇူးရှင်ဆရာ ပြည်ထောင်စုရှေ့နေချုပ် ဝဏ္ဏကျော်ထင် ဒေါက်တာထွန်းရှင်သည် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များညီလာခံတွင် ၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင် ဂုဏ်ထူးဆောင်ဆု (International Jurists Award-2013) ကို ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်လျက်ရှိပါကြောင်း။

**မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်နှင့်**
**တိုင်း/ခရိုင်/မြို့နယ် ဥပဒေအရာရှိများ၊ ဝန်ထမ်းများ**

**မြေကွက်ရောင်းမည်**

ဈေး၊ ကျောင်း၊ ကားဂိတ်အနီး၊ ပုဂံလမ်းမကြီး၊ ကျောကပ်လမ်း၊ ဂုတ်ကွက်၊ ကွန်ကရစ်လမ်းခင်းပြီး၊ ပေ ၄၀×၆၀၊ မြေချပါမစ်၊ VIP ကွက်၊ (ကျပ် သိန်း ၄၅၀)၊ (၅၄) ရပ်ကွက်၊ ဒဂုံတောင်မြို့နယ်။ **ဖုန်း-၀၉-၅၁၀၁၅၀၂**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးခင်မောင်သိန်း (ဘ) ဦးမောင်မောင်၏ နိုင်ငံကူးလက်မှတ် မမှတ်မိသည် ခရီးသွားရင်းပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အောက်ပါ ဖုန်းနံပါတ်သို့ ဆက်သွယ်ပေးပါရန် အကြောင်းကြားအပ်ပါသည်။ **ဖုန်း-၀၉-၅၀၂၂၇၅၃**

**ဂုဏ်ယူဝမ်းမြောက်ခြင်း**

ပြည်ထောင်စုရှေ့နေချုပ် ဝဏ္ဏကျော်ထင် ဒေါက်တာထွန်းရှင်သည် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များညီလာခံတွင် ၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင် ဂုဏ်ထူးဆောင်ဆု (International Jurists Award-2013) ကို ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူ ဝမ်းမြောက်လျက်ရှိပါကြောင်း။

**မွန်ပြည်နယ် ဥပဒေချုပ်**
**ပြည်နယ်ဥပဒေအရာရှိနှင့်**
**ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဥပဒေရုံးများမိသားစု**






# အီရန်က ဒေသတွင်း နိုင်ငံခြားသားတပ်များ ရှိနေခြင်းကို ကန့်ကွက်

*တီဟီရန် ဒီဇင်ဘာ ၉*

*အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီက ဒေသတွင်း နိုင်ငံခြားတပ်များတည်ရှိနေခြင်းကို ယင်း၏ နိုင်ငံအနေဖြင့် ဆန့်ကျင်ကြောင်း ဒီဇင်ဘာ ၈ ရက်က ပြောကြားသည်။*

*တီဟီရန်တွင် အလည်အပတ်ရောက်ရှိနေသော အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းနှင့် တွေ့ဆုံရာတွင် အီရန်သမ္မတက အရှေ့အလယ်ပိုင်းဒေသနှင့် ပါရှန်ပင်လယ်ကွေ့တွင် တည်ရှိနေသော မည်သည့်နိုင်ငံခြားတပ်ကိုမဆို ဆန့်ကျင်ကြောင်း ပြောကြားခဲ့သည်။*

*နိုင်ငံခြားတပ်များ တည်ရှိနေမှုကြောင့် ဒေသတွင်း တင်းမာနေမှုများကို စိုးရိမ်ရသည့်အတွက် တပ်များအားလုံး ထွက်ခွာသွားသင့်ကြောင်း ပြောကြားခဲ့သည်။*

*ထို့ပြင် အာဖဂန်နစ္စတန်၏ လုံခြုံရေးကို အာဖဂန်နိုင်ငံသားများကသာ လုပ်ဆောင်သင့်ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။*

*၂၀၁၄ ခုနှစ်တွင် ပြုလုပ်မည့် နေတိုးခေါင်းဆောင်သည့်တပ်ဖွဲ့များ နိုင်ငံတွင်း တည်ရှိမှုနှင့် ပတ်သက်၍ စစ်တမ်း ကောက်ယူပြီးနောက် အာဖဂန်နစ္စတန်တွင် အမေရိကန်တပ်များ အကန့်အသတ်ဖြင့် ထားရှိရေးကို ဆောင်ရွက်ရန် နှစ်ဖက်သဘောတူညီချက်စာချုပ်ကို လက်မှတ်ရေးထိုးရန်အတွက် အာဖဂန်နစ္စတန်နှင့် အမေရိကန်တို့က ပြင်ဆင်နေသည့်အတွက် အီရန်သမ္မတက ယခုကဲ့သို့ မှတ်ချက်ပြုခဲ့ခြင်းဖြစ်သည်။ ယခင်ကာလက ဂျီနီဗာတွင် အီရန်နှင့် အင်အားကြီးနိုင်ငံများအကြား လက်မှတ်ရေးထိုးနိုင်ခဲ့သော နျူကလီးယားစာချုပ်နှင့်ပတ်သက်၍ အီရန်သမ္မတအား အာဖဂန်သမ္မတကာဇိုင်းက ဂုဏ်ပြုစကားပြောဆိုခဲ့ပြီး အီရန်နှင့် အာဖဂန်နစ္စတန်တို့သည် အကျိုးစီးပွားတူနိုင်ငံများဖြစ်ကြောင်း ပြောကြားခဲ့သည်။*

*(ဆင်ဟွာ)*



# ထိုင်းရွေးကောက်ပွဲ မကြာမီ ကျင်းပမည် ဝန်ကြီးချုပ် ရင်လတ် ပါလီမန်ကို ဖျက်သိမ်း

**ဗန်ကောက် ဒီဇင်ဘာ ၉**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် အစိုးရဆန့်ကျင်မှုများဖြစ်ပွားခဲ့ပြီးနောက် ဝန်ကြီးချုပ် ရင်လတ်ရှင်နာဝပ်က ပါလီမန်ကို ဖျက်သိမ်းရန် ကြေညာလိုက်ပြီး ရွေးကောက်ပွဲကျင်းပရန်လည်း တိုက်တွန်းဆော်ဩလိုက်သည်။

"အစိုးရအနေနဲ့ ပြည်သူတွေရဲ့ အသက်အိုးအိမ်ဆုံးရှုံးမှုတွေဖြစ်တာ မလိုလားပါဘူး" ဟု ဝန်ကြီးချုပ် ရင်လတ်ရှင်နာဝပ်က ဒီဇင်ဘာ ၉ ရက်တွင် ရုပ်မြင်သံကြားမှ တစ်ဆင့်ပြောသည်။ "ဒီအဆင့်ဟာ လူအများစုက အစိုးရကို ဆန့်ကျင်နေဆဲအချိန်ပါ။ အကောင်းဆုံးနည်းလမ်းကတော့ အာဏာကို ထိုင်းပြည်သူတွေကိုပြန်ပေးဖို့ ရွေးကောက်ပွဲတစ်ရပ်ကျင်းပရမှာဖြစ်ပါတယ်။ ဒါကိုတော့ ထိုင်းပြည်သူတွေ ဆုံးဖြတ်ရပါလိမ့်မယ်"ဟု သူမကပြောသည်။ ပါလီမန်ကို ဖျက်သိမ်းခြင်းဖြင့် အစိုးရဆန့်ကျင်ဆန္ဒပြမှုများ အဆုံးသတ်မည်မဟုတ်ကြောင်း နောက်ထပ်ဆန္ဒပြမှုပြုလုပ်ရန် အတိုက်အခံ ခေါင်းဆောင် သောင်ဆူဗန်က ဆော်ဩလိုက်ချိန် ထိုင်းဝန်ကြီးချုပ်က မှတ်ချက်ပြုပြောဆိုလိုက်ခြင်းဖြစ်သည်။ အာဏာကို ရွေးကောက်တင်မြှောက်ခြင်းမပြုဘဲ ပြည်သူ့ကောင်စီနှင့် အစားထိုးလွှဲပြောင်းပေးသင့်သည်ဟု အတိုက်အခံက ဆိုသည်။ ရင်လတ်၏ အစိုးရကို ၎င်း၏ အစ်ကိုဖြစ်သူ ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်က လွှမ်းမိုးချုပ်ကိုင်နေသည်ဟု ဆန္ဒပြသူများက ရှုတ်ချပြောဆိုလျက်ရှိသည်။ ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်သည် အကျင့်ပျက်ခြစားမှုဖြင့် ထောင်နှစ်နှစ်ကျခံရမည်ဖြစ်သော်လည်း ထိုင်းအစိုးရက လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေဖြင့် လွတ်မြောက်နိုင်သည်ဟုဆိုရာတွင် ယင်းဥပဒေပြဋ္ဌာန်းရန်ကြိုးစားစဉ် အစိုးရဆန့်ကျင်ဆန္ဒပြမှုစတင်ဖြစ်ပွားခဲ့ရသည်။ **(ပရက်စ်တီဗွီ)**

# ထိုင်းအတိုက်အခံ ဒီမိုကရက်ပါလီမန်အမတ်များ အစုလိုက် အပြုံလိုက် နုတ်ထွက်

**ဗန်ကောက် ဒီဇင်ဘာ ၉**

ထိုင်းအတိုက်အခံဒီမိုကရက်ပါတီ၏ ပါလီမန်အမတ်များသည် အစိုးရ ဆန့်ကျင်ဆန္ဒပြလူစုလူဝေးနှင့်ပေါင်းစည်းရေး အစုလိုက်အပြုံလိုက် နုတ်ထွက်ရန် ဒီဇင်ဘာ ၈ ရက်က ဆုံးဖြတ်ခဲ့ကြသည်။

သက်ဆင်အစိုးရက လက်ရှိထိန်းချုပ်ထားသော ပါလီမန်သည် တရားဥပဒေနှင့်မညီညွတ်ဟုယူဆကြသောကြောင့် ဒီမိုကရက်အမတ်များက နုတ်ထွက်ရန် တညီတညွတ်တည်းသဘောတူခဲ့ကြောင်း ပြည်တွင်းမီဒီယာများက ဖော်ပြကြသည်။

လမ်းလယ်ဆန္ဒပြမှုများကို ဦးဆောင်ရန် နိုဝင်ဘာ ၁၁ ရက် မတိုင်မီက ဒုတိယဝန်ကြီးချုပ်ဟောင်း ဆူသက်သောင်ဆူဗန်အပါအဝင် ဒီမိုကရက်ပါလီမန်အမတ် ကိုးဦးတို့သည် ပါလီမန်မှ နုတ်ထွက်ခဲ့ကြသည်။

ဆူသက်သည် လက်ရှိအချိန်တွင် အစိုးရဆန့်ကျင်ရေးအုပ်စုများ၏ မဟာမိတ်အဖွဲ့တစ်ခုဖြစ်သော ပြည်သူ့ဒီမိုကရက်တစ် ပြုပြင်ပြောင်းလဲရေး ကော်မတီဝင် အထွေထွေအတွင်းရေးမှူးဖြစ်သည်။ **(ဆင်ဟွာ)**

# မင်ဒဲလားအား ဂုဏ်ပြု၍ အထူးညီလာခံကျင်းပမည်

**ကိတ်တောင်း ဒီဇင်ဘာ ၉**

တောင်အာဖရိကနိုင်ငံက ကွယ်လွန်သွားပြီဖြစ်သော နယ်လ်ဆင်မင်ဒဲလားအား ဂုဏ်ပြုသောအားဖြင့် အထူးပူးတွဲပါလီမန် အစည်းအဝေးတစ်ရပ်ကို ကိတ်တောင်းမြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

အဆိုပါညီလာခံကို မင်ဒဲလားအားဂုဏ်ပြုရန် နိုင်ငံရေးပါတီအားလုံးမှ နိုင်ငံရေးသမားများတက်ရောက်ကြမည်ဟု ဆိုသည်။ ယင်းအထူးညီလာခံကို သမ္မတဟောင်းမင်ဒဲလားအား ဒီဇင်ဘာ ၁၅ ရက်တွင် နိုင်ငံတော်ဈာပနဖြင့် မသင်္ဂြိုဟ်မီရက်သတ္တတစ်ပတ်ကြာ ပြုလုပ်မည့် အမှတ်တရ သီတင်းပတ်စတင်ပြီးနောက် အဆိုပါ ဂုဏ်ပြုရန် အစီအစဉ်ထွက်ပေါ်လာခြင်းဖြစ်သည်။

**(ပရက်စ်တီဗွီ)**

# ဘီဂျေပီက အိန္ဒိယပြည်နယ်လေးပြည်နယ်တွင် ကွန်ဂရက်ပါတီအား အပြတ်အသတ်အနိုင်ရ

**နယူးဒေလီ ဒီဇင်ဘာ ၉**

အိန္ဒိယ၏ လက်ရှိအာဏာရ ကွန်ဂရက်ပါတီသည် အတိုက်အခံ ဘာရာတီယာဂျနာတာပါတီ(ဘီဂျေပီ)ကို ယှဉ်ပြိုင်သည့် ပြည်နယ်လေးခုတွင် နေရာအားလုံး၌ ရှုံးနိမ့်ခဲ့ရာ လူထုစစ်တမ်းများအရ နောင်နှစ်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ၌ ဖြစ်ပေါ်လာမည့် အခြေအနေ များကို ဒီဇင်ဘာ ၈ ရက်က မြည်းစမ်းခဲ့ရပြီးဖြစ်သည်။

မဲပေးမှုအရေအတွက်အရ ကွန်ဂရက်ပါတီသည် ဒေလီမြို့တွင် ၇၀ နေရာအနက် ရှစ်နေရာသာရရှိခဲ့ပြီး ဘီဂျေပီပါတီက ၃၂ နေရာရရှိခဲ့သည်။ ဘီဂျေပီသည် အလယ်ပိုင်းပြည်နယ် ချက်တစ်ဂါ့တွင် ကွန်ဂရက်ပါတီကို အနိုင်ရရှိထားပြီး ရာဂျာစသန်နှင့် မတ်ဒယာပရာဒေ့ရှ်ပြည်နယ်များတွင် ကွန်ဂရက်ပါတီအပေါ် တစ်ခဲနက် အောင်ပွဲဆင်နိုင်ခဲ့သည်။

ဒေလီရွေးကောက်ပွဲတွင် တတိယနေရာ၌ရှိသော အေအေပီ ပါတီသည် ဘီဂျေပီပါတီနောက်မှ ကပ်လိုက်ကာ ၂၈ နေရာရရှိထားသည်။

ဘီဂျေပီပါတီအနေဖြင့် အမတ်နေရာအများစုဖြစ်သော ၃၆ နေရာကို မရရှိနိုင်ခဲ့ရာ မြို့တော် ဒေလီတွင် အုပ်ချုပ်ရေးအဖွဲ့ ဖွဲ့စည်းနိုင်မှု ရှိမရှိ စောင့်ကြည့်ရမည်ဖြစ်သည်။ **(ဆင်ဟွာ)**



# ဗဟိုအာဖရိကနိုင်ငံသို့ ပြင်သစ်တပ်ဖွဲ့ဝင်များထပ်မံရောက်ရှိ တပ်ဖွဲ့ဝင်အင်အား ၁၆၀၀ အထိ တိုးလာ

**ပါရီ ဒီဇင်ဘာ ၉**

ဗဟိုအာဖရိကနိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှုများကို နှိမ်နင်းပေးရန် ပြင်သစ်တပ်ဖွဲ့ဝင် ၁၆၀၀ အထိ ရှိလာလိမ့်မည်ဖြစ်ကြောင်း ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်က ပြောကြားလိုက်သည်။

ပြင်သစ်နိုင်ငံအနေဖြင့် ဒီဇင်ဘာ ၇ ရက် ညနေပိုင်းမှစ၍ ပြင်သစ်တပ်ဖွဲ့ဝင် ၁၆၀၀ ဗဟိုအာဖရိကနိုင်ငံ၌ ရှိလာလိမ့်မည်ဖြစ်ကြောင်း ကုလသမဂ္ဂ ဆုံးဖြတ်ချက်အရ ယခင်တပ်ဖွဲ့ဝင် ၄၀၀ ကျော် အဆိုပါနိုင်ငံ၌ ဖြန့်ကြက်ထားရာမှ အကြမ်းဖက်မှုများ နှိမ်နင်းရန် ပြင်သစ်တပ်ဖွဲ့ဝင်များ စေလွှတ်မှုကို တိုးမြှင့်လိုက်ကြောင်း ပြင်သစ်မြို့တော် ပါရီ၌ ကျင်းပသည့် အာဖရိကနိုင်ငံ ၄၀မှ နိုင်ငံ့ခေါင်းဆောင်များတက်ရောက်သော နှစ်ရက်ကြာ အစည်းအဝေးတွင် ဟော်လန်က ပြောကြားလိုက်ခြင်းဖြစ်သည်။



ပြင်သစ်နိုင်ငံအနေဖြင့် ဗဟိုအာဖရိကနိုင်ငံ၌ ရန်ပုံငွေထူထောင်ပေးနိုင်ရေး ဗြိတိန်နှင့်ဂျာမနီတို့အပါအဝင် အီးယူနိုင်ငံများသို့ ကူညီပေးရန် ထောက်ခံတောင်းဆိုပေးသွားမည်ဖြစ်ကြောင်း ပြင်သစ်သမ္မတက ထပ်လောင်းပြောကြားလိုက်သည်။

ယနေ့အစောပိုင်းတွင် ပြင်သစ်တပ်မတော်ရင်းကြီးသည် အင်အား ၁၂၀၀ အထိတိုးလာပြီဖြစ်ကြောင်း၊ ၎င်းတို့သည် ကင်မရွန်းနယ်စပ်မှ ဗဟိုအာဖရိကနိုင်ငံသို့ ဝင်ရောက်လာခဲ့ကြောင်း ပြင်သစ်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ဂေးလက်ဂျာ ရွန်းက ပြောသည်။ **(ပရက်စ်တီဗွီ)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်ခရိုင်အတွင်းရှိ မူဆယ်မြို့နယ်၊ ကွတ်ခိုင်မြို့နယ်၊ နမ့်ခမ်းမြို့နယ်၊ ပန်ဆိုင်း(ကျူကုတ်)မြို့နယ်ခွဲနှင့် မုံးကိုးမြို့နယ်ခွဲများမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ပြည်နယ်၊ လမ်း၊ တံတား၊ အဆောက်အအုံလုပ်ငန်းများ၌ အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ လမ်းခင်းကျောက်မျိုးစုံနှင့် လုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက် အပိုင်းအလိုက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| အိတ်ဖွင့်တင်ဒါအမှတ် | အမှတ်(၃)(၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်) |
|---|---|
| ၁။ လမ်းခင်းကျောက်မျိုးစုံ | - ၂၂၂၈.၉၁ ကျင်း |
| ၂။ မြစ်သဲ | - ၃၇.၉၈ ကျင်း |
| ၃။ သံချောင်း(ရွယ်စုံ) | - ၁၁.၆၃၆ တန် |
| ၄။ ဘိလပ်မြေ | - ၅၁.၁၂၅ တန် |
| ၅။ သွပ်အမိုးပြား (မျိုးစုံ) | - ၉၆၂၄ ပေ |
| ၆။ မီးခံကျောက်ပြား | - ၁၈၁၂ ချပ် |
| ၇။ သစ်မာ (ရွယ်စုံ) | - ၁၆.၃၇၆ တန် |
| ၈။ သစ်အခြားသား(ရွယ်စုံ) | - ၂၂.၁၂ တန် |
| ၉။ ကျောက်ရောမြေ/ဖြုန်း | - ၃၃၇၁.၅ ကျင်း |
| ၁၀။ အုတ် | - ၅၂၅၉၃ ချပ် |
| ၁၁။ တင်ဒါပိတ်မည့်ရက်/အချိန် | - ၂၃-၁၂-၂၀၁၃ ရက် ၁၆း၃၀ နာရီ |
| ၁၂။ တင်ဒါဖွင့်မည့်ရက်/အချိန် | - ၂၄-၁၂-၂၀၁၃ ရက် နံနက် ၉ နာရီ |
| ၁၃။ တင်ဒါ/တင်သွင်းစိစစ်ရွေးချယ်မည့်နေရာ | - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မူဆယ်ခရိုင်၊ မူဆယ်မြို့၊ ဖုန်း-၀၈၂-၅၀၅၁၅ |

၁၄။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ပြည်တွင်းသတင်း

# မြန်မာ - ဘင်္ဂလားဒေ့ရှ် လေကြောင်းလိုင်းသစ် စတင်ပျံသန်း

သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ- သန်းထိုက်(လှိုင်သာယာ)

**ရန်ကုန် ဒီဇင်ဘာ ၉**

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံအကြား ပထမဦးဆုံးနေ့ ခရီးစဉ်အဖြစ် လေကြောင်းလိုင်းသစ် စတင် ပျံသန်းပြေးဆွဲသည့် ဖွင့်ပွဲ အခမ်းအနားကို ယနေ့ည ၇ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပခဲ့သည်။

အဆိုပါ လေကြောင်းလိုင်းသည် ယခင်ခြောက်နှစ်အကြာက ဖွင့်လှစ်ခဲ့သည့် ရန်ကုန်- ဘင်္ဂလားဒေ့ရှ် Biman လေကြောင်းလိုင်းဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံသည် ဘက်ပေါင်းစုံမှ ပွင့်လင်းမြင်သာမှုရှိလာပြီး ခရီးသွားလာမှု လမ်းကြောင်းများလည်း အရှိန်အဟုန်မြင့် တိုးတက်လာခြင်းကြောင့်၊ ပြည်ပခရီးသွားပြည်သူများ အဆင်ပြေစေရန် ရည်ရွယ်လုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း အဆိုပါ လေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

" ဒီလေကြောင်းလိုင်းကို ယခင်ခြောက်နှစ်လောက်က ဖွင့်လှစ်ခဲ့ပါသေးတယ်။ အဲဒီတုန်းက တိုင်းပြည်က အခုလိုပွင့်လင်းမြင်သာမှုမရှိသေးတာရယ်၊ အခုလို ပြည်ပခရီးသွားလာမှုတွေက မများသေးတာရယ်ကြောင့် ဒီလိုင်းက မအောင်မြင်ခဲ့ပါဘူး။ အခုတော့ ပြည်ပခရီးသွားဧည့်သည်တွေ ဝင်ထွက်မှုများလာတာကြောင့် အခုလို လိုင်းသစ်ကို ပြန်လည်ဖွင့်လှစ်ဖို့ ရည်ရွယ်လုပ်ခဲ့တာပါ။ တစ်ပတ်ကို တနင်္လာနေ့နဲ့ ကြာသပတေးနေ့တွေမှာ ပြေးဆွဲပေးမှာပါ။ နောက်ပိုင်းတော့ လိုင်းတိုးချဲ့ ပျံသန်းပြေးဆွဲသွားဖို့ ရှိပါတယ်" ဟု အဆိုပါအဲလိုင်းမှ မသဇင်က ပြောကြားခဲ့သည်။

Biman လေကြောင်းလိုင်းသည် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့ကို ယခုနောက်ပိုင်းနှစ်များအတွင်း ပထမဦးဆုံးပြန်လည် ဖွင့်လှစ်ပေးသော လိုင်းဖြစ်သည်။ ယခုဖွင့်လှစ်သောလိုင်းသစ်မှာ BG 060 ဘင်္ဂလားဒေ့ရှ်လိုင်းဖြစ်ပြီး ခရီးသည် ၁၆၂ ဦးဆံ့ ဘိုးရင်း ၇၆၇ လေယာဉ်အမျိုးအစားဖြစ်ပြီး အဆိုပါလေကြောင်းသစ်သည် အပတ်စဉ် တနင်္လာနေ့နှင့် ကြာသပတေး နှစ်ရက်တို့တွင် ပြေးဆွဲပေးမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**




✳ ရှေ့ဖုံးမှ

အမှားများရှိခဲ့၍ ရမှတ်နည်းကာဆုနှင့်ဝေးခဲ့ရသည်။ Juwita မှာ ပြိုင်ပွဲပထမနေ့၌ကြေး၊ ဒုတိယနေ့၌ငွေ၊ ယခုတတိယနေ့၌ရွှေတံဆိပ် ရရှိခဲ့သည်ကို တွေ့ရသည်။

အမျိုးသမီး လုံ့ရှည်ပွဲစဉ် (Qiangshu) တွင် မြန်မာ၊ မလေးရှား၊ ဗီယက်နမ်၊ အင်ဒိုနီးရှားတို့မှ ငါးဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မလေးရှားမှ Eyin Phoon က ၉ ဒသမ ၆၇မှတ်ဖြင့် ပထမ၊ ဗီယက်နမ်မှ Thuy Vi Duong က ၉ ဒသမ ၅၉ မှတ်ဖြင့် ဒုတိယ၊ အင်ဒိုနီးရှားမှ Thalia Lovita SosrodJojo က ၉ ဒသမ ၄၀ မှတ်ဖြင့် တတိယရရှိကြသည်။ ငါးဦးသာယှဉ်ပြိုင်ခဲ့ပြီး မြန်မာမှ နှစ်ဦးပါဝင်သော်လည်း ကျွမ်းကျင်မှုပိုင်းအားနည်းသောကြောင့် ဆုမရရှိခဲ့ကြပေ။ Eyin Phoon က နည်းစနစ်မှန်မှန်နှင့် အမှားနည်းအောင် ယှဉ်ပြိုင်နိုင်ခဲ့သဖြင့် ယခုလိုရွှေတံဆိပ်ကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

နေ့လယ်ပိုင်းတွင် ဆန်းဆိုပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များကို ဆက်လက်ကျင်းပရာ အမျိုးသမီး ၄၈ ကီလိုတန်းတွင် ဗီယက်နမ်မှ Thi Chinh Nguyen က ဖိလစ်ပိုင်မှ Divine Wally ကိုလည်းကောင်း၊ အမျိုးသား ၄၈ ကီလိုတန်းတွင် ဖိလစ်ပိုင်မှ Jessie Aligagu က အင်ဒိုနီးရှားမှ Dasmantua Simbolon ကိုလည်းကောင်း၊ အမျိုးသမီး ၅၂ ကီလိုတန်းတွင် ဗီယက်နမ်မှ Thu Hoai Nguyen က ဖိလစ်ပိုင်မှ Evita Elise Zamora ကိုလည်းကောင်း၊ အမျိုးသား ၅၂ ကီလိုတန်းတွင် ဖိလစ်ပိုင်မှ Dembert Arcita က ထိုင်းမှ Phithak Paokrathok ကို လည်းကောင်း၊ အမျိုးသား ၅၆ ကီလိုတန်းတွင် လာအိုမှ Khamla Sou Kha phone က ထိုင်းမှ Tom Suepsangat ကို လည်းကောင်း အသီးသီး အနိုင်ရရှိကြပြီး ရွှေတံဆိပ်များဆွတ်ခူးခဲ့ကြသည်။ ဗိုလ်လုပွဲတွင် ဖိလစ်ပိုင်မှ လေးဦးယှဉ်ပြိုင်ခဲ့ပြီး နှစ်ဦးက နိုင်ငံ့ဂုဏ်ဆောင်ခဲ့သည်ကို တွေ့ရသည်။ ဗီယက်နမ်မှ နှစ်ဦးမှာ တစ်ဦးက ရွှေတံဆိပ်ရယူနိုင်ခဲ့သည်။ ထိုင်းမှနှစ်ဦးကတော့ ငွေတံဆိပ်နှင့်သာ ကျေနပ်ခဲ့ရသည်။ ဗိုလ်လုပွဲဖြစ်သည်နှင့်အညီ ပွဲစဉ်များ အကြိတ်အနယ်ရှိခဲ့သည်ကို တွေ့ရသည်။ ပြိုင်ဘက်ကို ထိုးသတ်ရာတွင် အမှတ်ရအောင်စွမ်းဆောင်နိုင်သူများက အောင်ပွဲဆင်ခဲ့ကြသည်။

**(သတင်းစဉ်)**

✳ ကျောဖုံးမှ

ဘောလုံးယှဉ်လုရာတွင် အားနည်းချက်ရှိသော်လည်း အပေးအယူ မှန်မှန်ဖြင့်ကစားကွက်ကို ထိန်းပြီး ကစား နိုင်ခဲ့သည်။

တီမောတို့ချေပဂိုးရရှိရေး ကြိုးစားခဲ့ရာ ပွဲချိန် ၃၆ မိနစ်၌ ညာခြမ်းမှ ဖြတ်တင်ပေးလိုက်သည့် ဘောလုံးကို တီမောမှ Jairo Pinheiro Palmeira Neto က ခေါင်းတိုက်သွင်းရာ မြန်မာဂိုးသမား ပြည့်ဖြိုးအောင် ကာကွယ်လိုက်သော်လည်း ပြန်အံထွက်လာသော ဘောလုံးကို ၎င်းကပင် ကန်သွင်းယူခဲ့ရာမှ ချေပဂိုး ရရှိသွားခဲ့သည်။

ချေပဂိုးရရှိခဲ့သဖြင့် တီမောတို့အားတက်ပြီး ဆက်တိုက်ထိုးဖောက်ခဲ့ရာ မြန်မာတို့ကြိုးစားဟန့်တားခဲ့ရသည်။ ပထမပိုင်းပွဲချိန်ပြီးသည်အထိ နှစ်သင်း စလုံးဂိုးထပ်မံမသွင်းနိုင်သဖြင့် တစ်ဂိုးစီဖြစ်နေခဲ့သည်။

ဒုတိယပိုင်းပွဲချိန်တွင်လည်း နှစ်သင်းစလုံးဂိုးသွင်းယူနိုင်ရေး ကြိုးစားခဲ့ရာ ဂိုးရလုနီးပါး ဖြစ်ခဲ့သော်လည်း ဂိုးအဖြစ်မပြောင်းနိုင်ခဲ့ချေ။ မြန်မာအသင်း အပေးအယူအချိတ်အဆက်များ အပိုအလိုဖြစ်နေရာ ထိရောက်သော တိုက်စစ်ကို ပုံမဖော်နိုင်ဘဲ ဖြစ်နေခဲ့သည်။ တစ်ဖန်မြန်မာအသင်း၏ ကစားအားမှာ ဒုတိယ ပိုင်းတွင် ကျဆင်းသလိုဖြစ်နေခဲ့သည်။

သို့သော်ပွဲချိန် မိနစ် ၇၀ ၌ မြန်မာတို့ ပယ်နယ်တီရရှိခဲ့ရာ ယင်းပယ် နယ်တီကို ကျော်ကိုကိုကန်သွင်းယူခဲ့သဖြင့် မြန်မာတို့ ဒုတိယဂိုးရရှိခဲ့သည်။ မြန်မာအသင်း နောက်ထပ်ဂိုးရရှိရေး ကြိုးစားခဲ့ရာ ပွဲချိန် ၇၇ မိနစ်၌ ကြည်လင်းက ဂိုးဧရိယာအတွင်းမှ အပိုင်ကန်သွင်းယူခဲ့သဖြင့် မြန်မာတို့ တတိယဂိုးရရှိခဲ့ပြန်သည်။

ပွဲချိန်ပြည့်သည်အထိ နှစ်သင်း စလုံး ဂိုးဆက်မသွင်းနိုင်သဖြင့် မြန်မာက သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ပြီး အုပ်စု(ခ)တွင် နှစ်ပွဲကစား၊ နှစ်ပွဲနိုင် ခြောက်မှတ်ရရှိထားပြီဖြစ်သည်။

ယနေ့ပွဲတွင် မြန်မာအသင်း၌ **ဂိုး**-ပြည့်ဖြိုးအောင်၊ **နောက်တန်း-** အောင်ဇော်နှင့် စည်သူအောင်၊ **အလယ်တန်း-** အသင်းခေါင်းဆောင် ကျော်ဇေယျာဝင်း၊ ဒေးဗစ်ဒန်း၊ နေလင်းထွန်း၊ ဇော်မင်းထွန်း၊ နိုင်လင်းဦးနှင့် ကြည်လင်း၊ **ရှေ့တန်း**- တိုက်စစ်မှူးများအဖြစ် ကျော်ကိုကိုနှင့် သက်နိုင်တို့ ပါဝင်ကစားခဲ့သည်။

ဒီဇင်ဘာ ၁၂ ရက်တွင် အင်ဒိုနီးရှားနှင့်ထိုင်း၊ကမ္ဘောဒီးယားနှင့် တီမောအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်သည်။

အမျိုးသား ဘောလုံးပြိုင်ပွဲ အုပ်စု(ခ)ပထမပွဲစဉ်တွင် အင်ဒိုနီးရှားက ကမ္ဘောဒီးယားကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ **(သတင်းစဉ်)**



**မြန်မာနှင့် တီမောပွဲတွင် အားပါးတရ လာရောက်အားပေးကြသည့် မြန်မာဘောလုံးပရိသတ်များကို တွေ့ရစဉ်။**
ဓာတ်ပုံ- မျိုးမင်းသိန်း(မရမ်းကုန်း)

# ဖိုင်နင်ရှယ်တိုင်းမ်စ်သတင်းစာမှ ရွေးချယ်ချီးမြှင့်သော နိုင်ငံအလိုက်အကောင်းဆုံးဘဏ်ဆုကို ကမ္ဘောဇဘဏ်ကရရှိ

**ရန်ကုန် ဒီဇင်ဘာ ၉**

အင်္ဂလန်နိုင်ငံ လန်ဒန်အခြေစိုက် Financial Times မှ ပေးအပ်သည့် ၂၀၁၃ ခုနှစ်အတွက် နိုင်ငံအလိုက် အကောင်းဆုံးဘဏ်ဆု "The Banker Awards 2013" ဆုချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၈ ရက် ဒေသစံတော်ချိန်ညနေ ၆ နာရီခွဲတွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရှိ Inter-continental Hotel Ballroom ခန်းမ၌ကျင်းပရာ ၂၀၁၃ ခုနှစ်အတွက် မြန်မာနိုင်ငံမှ ဘဏ်လုပ်ငန်းဆိုင်ရာ စွမ်းဆောင်မှုအကောင်းဆုံးဆု "Bank of the Year in Myanmar 2013" ဆုကို မြန်မာနိုင်ငံမှ ကမ္ဘောဇဘဏ်လီမိတက်ကို ရွေးချယ်ချီးမြှင့်ခဲ့သည်။



၂၀၁၃ ခုနှစ်အတွက် နိုင်ငံအလိုက်ဘဏ်လုပ်ငန်းဆိုင်ရာ စွမ်းဆောင်မှု အကောင်းဆုံးဆုများကို အမေရိကန်နိုင်ငံမှ Citi Bank၊ အင်္ဂလန်နိုင်ငံမှ Lloyd Banking Group၊ နယ်သာလန်နိုင်ငံမှ ING Bank၊ သြစတြေးလျနိုင်ငံမှ ANZ Bank၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ၊ CBC Bank၊ တောင်ကိုရီးယားနိုင်ငံမှ Shin Han Bank၊ စင်ကာပူနိုင်ငံမှ UOB Bank၊ မလေးရှားနိုင်ငံမှ AM Bank၊ ထိုင်းနိုင်ငံမှ Kasikorn Bank၊ အိန္ဒိယနိုင်ငံမှ ICIC Bank တို့အပါအဝင် နိုင်ငံပေါင်း ၁၄၈ နိုင်ငံ၏ သက်ဆိုင်ရာ ဘဏ်အဖွဲ့အစည်းများတို့ကလည်း အသီးသီးရရှိခဲ့ကြသည်။

၎င်းဆုချီးမြှင့်ပွဲ အခမ်းအနားသို့ ကမ္ဘာတစ်ဝန်းရှိနိုင်ငံပေါင်း ၁၄၈ နိုင်ငံမှ ဘဏ်ဥက္ကဋ္ဌများ ၊ CEO များ၊ အုပ်ချုပ်မှုဒါရိုက်တာများနှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ခဲ့ကြရာ မြန်မာနိုင်ငံအတွက် "Bank of the Year in Myanmar 2013" ဆုကို ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းကတက်ရောက် လက်ခံယူခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

"Bank of the Year in Myanmar 2013" ဆုသည် မြန်မာနိုင်ငံ၏ ဘဏ်သမိုင်းတွင် ပထမဦးဆုံးအကြိမ် ချီးမြှင့်ခံရခြင်းဖြစ်ကြောင်း သိရှိရပြီး ကမ္ဘာလုံးဆိုင်ရာ စွမ်းဆောင်မှုအကောင်းဆုံး Global Award ဆုကို အမေရိကန်နိုင်ငံရှိ Citi Bank မှ ရရှိခဲ့ကြောင်း သိရှိရသည်။

**(မြန်မာ့အလင်း)**

# ဆိုင်ကလုန်းမုန်တိုင်း မဒီ အားလျော့သွားမည်ခန့်မှန်း

**နေပြည်တော် ဒီဇင်ဘာ ၉**

ယနေ့မြန်မာစံတော်ချိန် ညနေ ၅နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မဒီ" (Madi) သည် အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ့မြောက်ဘက် ၂၇၅ မိုင်ခန့်၊ မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်ဘက် ၅၀၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါအားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်းသည် မြောက်ဘက်သို့ ဖြည်းညင်းစွာ ဆက်လက်ရွေ့လျားလျက် ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ အားလျော့သွားမည်ဟု ခန့်မှန်းရသည်။

အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း၏အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

ဆိုင်ကလုန်းမုန်တိုင်း၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိသော်လည်း မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် မုန်တိုင်းအန္တရာယ်ကို ကြိုတင်သတိပြုရန်လိုအပ်ကြောင်း မိုး/ဇလမှ သတင်းထုတ်ပြန်ထားသည်။ **(မိုး/ဇလ)**

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# အမျိုးသားပညာရေးဥပဒေနှင့် ကျန်းမာရေးဆိုင်ရာဆေးပညာရေးကဏ္ဍ

**မြင့်တိုး(မြေနီကုန်း)**

နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရေးအခြေခံအုတ်မြစ်များ ချမှတ်ပြုပြင်ပြောင်းလဲမှုများကို အစွမ်းရှိသမျှ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေရာတွင် ပညာရေးပြုပြင်ပြောင်းလဲမှုများလည်း ပါဝင်ခဲ့ကြောင်း၊ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုသည် ပညာရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် အမှီသဟဲပြုနေကြောင်း၊ ပညာရေးသည် နိုင်ငံနှင့်လူမျိုး၏ အသက်ဝိညာဉ်၊ ဖွံ့ဖြိုးမှု၏ အခြေခံအုတ်မြစ်၊ လူ့အဖွဲ့အစည်း တည်ငြိမ်အေးချမ်းမှု၏ ဗဟိုဖြစ်ကြောင်း အစိုးရသစ်အနေဖြင့် ခံယူထားကြောင်း၊ ပြည်သူလူထုနှင့် ပညာရှင်များ၏ အကြံဉာဏ်များကို စုစည်းပြီး ချက်ချင်းဆောင်ရွက်ရမည့် လုပ်ငန်းနှင့် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းဟူ၍ (Action Plan) များရေးဆွဲရန်အတွက် မြန်မာ့ပညာရေးမြှင့်တင်ရေး အဖွဲ့အစည်းတစ်ခုကို ဖွဲ့စည်းပြီး အမြန်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟို႒ာန၌ နိုဝင်ဘာ ၇ ရက်က ကျင်းပခဲ့သည့် လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးပွဲတွင် သမ္မတကြီးက ပြောကြားခဲ့ပါသည်။

သက်ဆိုင်ရာစာတမ်းများကို ဆွေးနွေးအကြံပြုမှုများ ဆောင်ရွက်ခဲ့ရာတွင် ပညာရေးဆိုင်ရာ မူဝါဒစာတမ်း၊ အမျိုးသားပညာရေးဥပဒေနှင့် အခြေခံပညာရေးကဏ္ဍစာတမ်း၊ အမျိုးသားပညာရေးဥပဒေနှင့် အဆင့်မြင့်ပညာရေးကဏ္ဍစာတမ်း၊ အမျိုးသားပညာရေးဥပဒေနှင့် နည်းပညာ၊ သက်မွေးပညာရေးနှင့် နိုင်ငံတကာပညာရေးကဏ္ဍစာတမ်း၊ အမျိုးသားပညာရေးဥပဒေနှင့် ကောင်းမွန်သော ပညာရေးစနစ်နှင့် သန့်ရှင်းသော ပညာရေးစနစ်ဖြစ်ရေးစာတမ်း၊ ပညာရေးအရည်အသွေးအာမခံချက်စာတမ်းများကို ဖတ်ကြားအကြံပြုခဲ့ကြသည်။

နိုင်ငံတော်အစိုးရသစ် စတင်တာဝန်ယူချိန်မှစ၍ ပညာရေးပြုပြင်ပြောင်းလဲမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆွေးနွေးပွဲအကြိမ်ကြိမ်ပြုလုပ်ခဲ့ပုံ၊ ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေး ကော်မတီဖွဲ့စည်းမှု၊ အထူးလုပ်ငန်းအဖွဲ့၊ အကြံပေးအဖွဲ့၊ ဖွဲ့စည်းမှု၊ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းလုပ်ဆောင်ချက်များ၊ အမျိုးသားပညာရေးမူဝါဒကို ညှိနှိုင်းရေးဆွဲကာ အမျိုးသားပညာရေး ဥပဒေ(မူကြမ်း)ကို အဆင်သင့်ရေးဆွဲတင်ပြအကြံဉာဏ်ရယူပြီး အစိုးရအဖွဲ့နှင့် လွှတ်တော်တင်ပြအတည်ပြုချက်ရယူထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

ပညာရေးကဏ္ဍရင်းနှီးမြှုပ်နှံခြင်းသည် ရေရှည်တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုကြောင်း၊ ပညာရေးကဏ္ဍအရည်အသွေးမြင့်မားသည့်တိုင်းပြည်သည် နိုင်ငံကြီးခြင်း ငယ်ခြင်းကတစ်ပိုင်း၊ ယင်းနိုင်ငံ၏ လူ့စွမ်းအားအရည်အသွေး အနိမ့်အမြင့်ပေါ်မူတည်ပြီး ဖွံ့ဖြိုးနေမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနအောက် မဟုတ်သော တက္ကသိုလ်၊ ကောလိပ်များ သီးသန့်ပါဝင်သော ဝန်ကြီးဌာန ၁၂ ခုရှိကြောင်း၊ ယင်းတက္ကသိုလ်၊ ကောလိပ်များ၏အရည်အသွေးမြင့်မားလာအောင် ဘယ်လိုလုပ်သင့်သည်ကိုလည်း ညှိနှိုင်းအစည်းအဝေးတွင် ခေါင်းစဉ်တစ်ခုအနေဖြင့် ပါလိမ့်မည်ဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်တိုးတက်မှုကို အထောက်အကူပြုစေသော ပညာဆည်းပူးမှုအပိုင်းများ၌ နိုင်ငံတော်အနေဖြင့် ဝန်ထမ်းရော၊ ဝန်ထမ်း မဟုတ်သူများရော များများသွား၊ များများသင်စေချင်ပါကြောင်း၊ များများတတ်ပြီး များများယှဉ်ပြိုင်၊ များများအတွေ့အကြုံရစေချင်ပါကြောင်း၊ မိမိတိုင်းပြည်ကိုပြန်ပြီး များများအလုပ်အကျွေးပြုစေချင်သည့် နိုင်ငံတော်၏ စေတနာနှင့်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း အစိုးရကမူဝါဒများ ချမှတ်ထားသည်။

ကျန်းမာရေးသည် လာဘ်ကြီးတစ်ပါး၊ ကိုယ်ကျန်းမာမှ စိတ်ချမ်းသာမှုရရှိမည်။ စည်းစိမ်ဥစ္စာပြည့်စုံစေကာမူ ကိုယ်ကျန်းမာမှုမရှိလျှင် အချည်းနှီးသာဖြစ်သည်။ သို့ဖြစ်၍ လူတိုင်းကျန်းမာ အသက်ရှည်နေထိုင်ရေး စောင့်ရှောက်ကုသမှု အထောက်အကူရရှိရေးအတွက် ဆရာဝန်နှင့်ကျန်းမာရေးကျွမ်းကျင်ပညာရှင်များ အထူးလိုအပ်ပါသည်။ ပညာရပ်ဆိုင်ရာ အသက်မွေးဝမ်းကျောင်းမှုတွင် ဆရာဝန်တစ်ဦးဖြစ်ရန် လူ့စွမ်းအားအရည်အသွေးထက်မြက်မှု၊ ငွေကြေးကုန်ကျမှု၊ အချိန်ကာလကြာမြင့်စွာ ပညာဆည်းပူးရမှု၊ ဝါသနာပါမှု၊ ကြိုးစားအားထုတ်မှုများကို များစွာရင်းနှီးမြှုပ်နှံပြီး အောင်မြင်မှုရရှိမှသာ ဆရာဝန်တစ်ဦးဖြစ်ရသဖြင့် ဆရာဝန်ဖြစ်ရန် မလွယ်ကူပါ။

ဆရာဝန်တစ်ဦးဖြစ်လာလျှင်လည်း ဘဝပေးကံကြမ္မာအခြေအနေအရပ်ရပ်ကြောင့် အစိုးရဆေးရုံများတွင်လည်းကောင်း၊ အထူးကုပြင်ပပုဂ္ဂလိကဆေးရုံ၊ဆေးခန်းများတွင်လည်းကောင်း၊ အစိုးရမဟုတ်သော လူမှုကျန်းမာကူညီပညာပေးအဖွဲ့အစည်း NGO၊ INGO၊ UNDP၊ WHO အစရှိသည့် အဖွဲ့အစည်းများတွင် လည်းကောင်း၊ ဆေးကုမ္ပဏီများတွင် လည်းကောင်း ပြည်သူလူထုကျန်းမာရေးအတွက် တာဝန်ထမ်းဆောင်နေကြရပါသည်။ မည်သည့်အဖွဲ့အစည်းတွင် တာဝန်ထမ်းဆောင်စေကာမူ ဆရာဝန်များသည် အစိုးရဝန်ထမ်းဖြစ်ဖြစ် မဖြစ်ဖြစ် လူထုကျန်းမာရေးနှင့်ဆိုင်သော တာဝန်ကိစ္စများကိုသာ ဆောင်ရွက်နေရသူများဖြစ်ပါသည်။

ဆရာဝန်များအနေဖြင့် ပြည်သူလူထုကို ကျန်းမာရေးအပြည့်အဝစောင့်ရှောက်နိုင်ရန် သာမန်ဆေးပညာဘွဲ့ (M.B.,B.S)ဖြင့် ကျေနပ်နေ၍မရဘဲ အထူးကု၊ ဆေးကုသမှု၊ ခွဲစိတ်ကုသမှုအစရှိသည့် ဘာသာရပ်ဆေးပညာအလိုက် အထူးကုများဖြစ်ရန် ဆေးပညာရပ်များ ဆက်လက်ဆည်းပူးသွားရန်လိုအပ်ပါသည်။ အထူးကုဆရာဝန်ကြီးများဖြစ်ရန်အတွက် လက်ရှိအစိုးရသစ်လက်ထက် ယခုခေတ်နှင့်ကိုက်ညီမှုမရှိတော့သည့် တင်းကျပ်သည့်မူဝါဒများကို ဖြေလျှော့ပေးပြီး အစိုးရသစ်အနေဖြင့် ခေတ်ကာလနှင့်လျော်ညီသော အခြေအနေများနှင့်အညီ ပြုပြင်ဆောင်ရွက်ပေးသင့်သည့်အချက်များကူညီပေးမှ အထူးကုဆရာဝန်များ တိုးပွားများပြားလာပါမည်။ ယခုမှာ အထူးကုဆရာဝန်ဖြစ်ရန် အစိုးရဆေးရုံများတွင် တာဝန်မထမ်းဆောင်ပါက အရည်အချင်းရှိသော်လည်း ဘွဲ့လွန်မဟာဘွဲ့၊ ပါရဂူဘွဲ့များကို တက်ရောက်သင်ကြားခွင့်မရသည့်အတွက် လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးရပါသည်။ ဆရာဝန်ရထိုက်သော ဆေးပညာ အရည်အသွေးမြင့်မားရေး အခွင့်အရေးများ ဆုံးရှုံးရပါသည်။

အထူးကုဆရာဝန်ဦးရေနည်းပါးသည့်အတွက် ဆေးကုသမှုစရိတ်များလည်း မလိုအပ်ဘဲ ကြီးမြင့်မှုဖြစ်နေပါသည်။ ဝန်ထမ်းပိုင်းဆိုင်ရာ စည်းကမ်းချက်များကိုလည်း ဖောက်ဖျက်နေကြပါသည်။ အထူးကုဆရာဝန်ကြီးများအနေဖြင့် အစိုးရဝန်ထမ်းများဖြစ်သော်လည်း တာဝန်ကျသည့်ဆေးရုံများတွင် အချိန်ပြည့် တာဝန်ထမ်းဆောင်ခြင်းမရှိဘဲ အချိန်အနည်းငယ်သာ တွေ့ရှိရပြီး ပြင်ပဆေးရုံ၊ ဆေးခန်းများတွင် အချိန်ပြည့်နီးပါး တွေ့ရှိနေရပါသည်။ အထူးကုဆရာဝန်များ တိုးပွားများပြားလာမှ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အစိုးရဆေးရုံများ၊ ပြင်ပပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းများတွင် အထူးကု ဆရာဝန်ကြီးများရှိလာမည်ဖြစ်ပါသည်။ အရည်အချင်းရှိသူဆရာဝန်တိုင်း အထူးကုဆရာဝန်များဖြစ်ပြီး နေရာဒေသအနှံ့တွင်ရှိနေပါက ပြည်သူလူထုအနေဖြင့် ဆေးကုသမှုစရိတ်များကြီးမြင့်မှုဒဏ်မှ လျော့ကျကြပြီး အထူးကုဆရာဝန်များဖြင့် ဆေးကုသမှုခံယူသွားနိုင်ကြမည်ဖြစ်ပါသည်။

**လူ့စွမ်းအားအရင်းအမြစ်တိုးတက်မှုကို အထောက်အကူပြုစေရန်** နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ယခင်လက်ထက်က တင်းကျပ်ခဲ့သော ခေတ်ကာလအခြေအနေနှင့် မကိုက်ညီတော့သည့် မူဝါဒကိစ္စရပ်များကို ဖြေလျှော့ပြီး ချက်ချင်းဆောင်ရွက်ရမည့်လုပ်ငန်း (Action Plan)တွင် အောက်ပါအချက်များကို ဆောင်ရွက်ပေးသင့်ပါသည်-

(က) **နိုင်ငံခြားပညာသင်စေလွှတ်မှုကိစ္စ။** (ဩစတြေးလျနေသဟာယနိုင်ငံနှင့်အလားတူ အစိုးရသစ်ဖြင့် နားလည်မှုစာချွန်လွှာ ရေးထိုးထားသော အခြားနိုင်ငံများ)

  (၁) ဆရာ၊ ဆရာမများ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မဟာသိပ္ပံနှင့်ပါရဂူဘွဲ့လွန် ကျောင်းသား၊ ကျောင်းသူများအား ဆေးပညာရပ်များ ပိုမိုကျယ်ပြန့်စွာ လေ့လာနိုင်မည့်အစီအစဉ်များ၊

  (၂) မဟာသိပ္ပံနှင့် ပါရဂူဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူများအား ဆေးပညာရပ်များ ပိုမိုကျယ်ပြန့်စွာ လေ့လာနိုင်မည့် အစီအစဉ်များ၊

  (၃) တက္ကသိုလ်အချင်းချင်းပူးပေါင်း၍ သုတေသနပြုလုပ်ခြင်းလုပ်ငန်းများ၊

  (၄) သတင်းအချက်အလက်စာအုပ်စာတမ်းများ ဖလှယ်လေ့လာရေးအစီအစဉ်များ၊

(ခ) **ပြည်တွင်းသင်တန်းများ ပညာတက်ရောက်သင်ကြားခွင့်။** နိုင်ငံခြားသို့ စေလွှတ်ရန်မလိုဘဲ ပြည်တွင်း၌ တက်ရောက်သင်ကြားနိုင်သော ဘွဲ့လွန်၊ မဟာဘွဲ့လွန်၊ အထူးပြုပါရဂူဘွဲ့များကို နိုင်ငံတော်အစိုးရအနေဖြင့် အစိုးရဝန်ထမ်းများ၊ အစိုးရဝန်ထမ်းမဟုတ်သူ ပြင်ပဆရာဝန်များကို ပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အသွေးမြင့်မားရေးအတွက် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲများ စစ်ဆေးပြီးအောင်မြင်သူများကို တက်ရောက်ပညာသင်ဆည်းပူးခွင့် ပြုသင့်ပါသည်။

(ဂ) ယခု အစိုးရသစ်လက်ထက်တွင် ယခင်ခေတ်အဆက်ဆက်က အခြေအနေနှင့် လိုက်လျောညီထွေအောင်ကျင့်သုံးခဲ့သော မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို ဖြေလျှော့ဖျက်သိမ်းပြီး ယခုခေတ်ကာလ အခြေအနေ အချိန်အခါနှင့် ကိုက်ညီမှုရှိသော ကျန်းမာရေး ဆေးပညာမူဝါဒများကို ပြုပြင်ပြောင်းလဲအသစ်ရေးဆွဲကျင့်သုံးသွားသင့်ပါသည်။

လက်တွေ့ကျသော ပညာပြုပြင်ပြောင်းလဲမှုဆိုင်ရာများ၊ ပညာရေးမြှင့်တင်ဆောင်ရွက်ချက်များ၊ အမျိုးသားပညာရေးမူဝါဒများ ဆွေးနွေးညှိနှိုင်းရေးဆွဲပြီး **အမျိုးသားပညာရေးဥပဒေ(မူကြမ်း)**ကို အကြံဉာဏ်ရယူ ပြုစုနေချိန်နှင့် တိုက်ဆိုင်နေသဖြင့် လည်းကောင်း၊ ဆရာဝန်အငယ်မှစပြီး ဆရာဝန်ကြီးအထိ ရှိသင့်ရှိထိုက် တတ်ကျွမ်းတတ်မြောက်ထိုက်သော ဆေးပညာရပ်များကို သင်ယူတတ်မြောက်ကြပြီး မြန်မာနိုင်ငံသူ နိုင်ငံသားများ၏ ကျန်းမာရေးစောင့်ရှောက်မှုများကို အပြည့်အဝအလုပ်အကျွေးပြုနိုင်ရန်အတွက် ကျန်းမာရေးဆိုင်ရာဆေးပညာ အမျိုးသားပညာရေးဥပဒေတွင် လိုအပ်မည်ဟု ထင်မြင်ယူဆသောအချက်များ ဖြည့်စွက်ရေးသားမှတ်တမ်းတင်နိုင်ရန်အတွက် စာရေးသူအနေဖြင့် ဥပဒေပညာရှင် မဟုတ်သော်လည်း တိုင်းပြည်တာဝန်ဝတ္တရားများကို ကျရာအခန်းကဏ္ဍမှ နှစ်ကာလရှည်ကြာစွာ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သဖြင့် ရရှိလာသောအတွေ့အကြုံများကို သင်ခန်းစာယူကာ အနာဂတ်ကျန်းမာရေးနှင့် ပတ်သက်ပြီး တိုးတက်ကောင်းမွန်ရန်အတွက် တစ်ထောင့်တစ်နေရာမှ ပံ့ပိုးကူညီလိုစိတ်ဖြင့် ယခုကဲ့သို့ အကြံပြုဆောင်းပါး ရေးသားတင်ပြလိုက်ရပါသည်။ ။



## ပဲခူးတွင် လူထုအားကစားလမ်းလျှောက်ပွဲကျင်းပ

**ပဲခူး ဒီဇင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စည်းရုံးလှုံ့ဆော်မှုဖြင့် ဒီဇင်ဘာလ ပထမပတ် လူထုအားကစားစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၇ ရက် နံနက် ၄ နာရီက ပဲခူးမြို့ ရွှေမော်ဓောဘုရား လမ်းရှိတိုင်း အားကစားကွင်းရှေ့မှ စတင်လမ်းလျှောက် ခဲ့သည်။ အဆိုပါ လူထုအားကစားလမ်းလျှောက်ပွဲသို့ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်း/ခရိုင်/မြို့နယ်ဌာနဆိုင်ရာအဆင့်ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူ များနှင့် မြို့နေပြည်သူများ စုစုပေါင်းအင်အား သုံးသောင်းခန့် စုပေါင်း လမ်းလျှောက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **သန့်စင်**



## သန်းခေါင်စာရင်းဆိုင်ရာ အသိပညာပေးဟောပြော

**တာချီလိတ် ဒီဇင်ဘာ ၉**

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းဆိုင်ရာ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ အုပ်စု သန်းခေါင်စာရင်း ကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်းကာ ပြည်သူများအား အသိပညာပေးဟောပြောပွဲကို ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက် သီရိမင်္ဂလာ ဘုန်းကြီးကျောင်း၌ ဒီဇင်ဘာ ၂ ရက် နံနက် ၇ နာရီက ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာလွင်၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်ကြည်နှင့် တိုက်နယ်တာဝန်ခံ ဒုလဝကမှူး ဦးစိန်လွင်တို့က ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူမည့် ရည်ရွယ်ချက်၊ သန်းခေါင်စာရင်းထည့်ကောက်ရမည့်သူများ၊ ထည့်မကောက်ရမည့်သူများ၊ မေးခွန်းများကို မှန်ကန်စွာဖြေဆိုခြင်း၊ လူဦးရေစာရင်းများ မှန်ကန်မှ အနာဂတ် လူနေမှုဘဝတိုးတက်မြင့်မားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။ **(အပေါ်ပုံ)**

ဟောပြောပွဲသို့ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီဝင်များ၊ NGO အဖွဲ့အစည်းများနှင့်ပြည်သူများ တက်ရောက်ကြသည်။

**မြင့်မိုရ်(တာချီလိတ်)**

## ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေး တွေ့ဆုံဆွေးနွေး

**မိုင်းဆတ် ဒီဇင်ဘာ ၉**

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး Mr.Devek J Mitchell၊ ဥရောပသမဂ္ဂနိုင်ငံ သံအမတ်ကြီး Mr.Roland Kobiaနှင့် UNODC မှ မြန်မာနိုင်ငံလုံးဆိုင်ရာ တာဝန်ခံ Mr.Juson Elige၊ အထက်တန်းအကြံပေးအရာရှိ Mr.Jochen Wreseနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်(ဗဟို)မှ ရဲမှူးကြီး မြင့်အောင်တို့သည် ဒီဇင်ဘာ ၅ ရက် ညနေ ၄ နာရီ ၄၅ မိနစ်က မိုင်းဆတ်မြို့ သီရိရတနာခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရှမ်း၊ လားဟူ၊ အာခါ ယဉ်ကျေးမှုကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်/ရပ်ကွက်/ကျေးရွာ အထောက်အကူပြု ကော်မတီဝင်များ၊ စည်ပင်သာယာရေးကော်မတီဝင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေရရှိရေး၊ ပညာရေး၊ ကျန်းမာရေး လိုအပ်ချက်များနှင့် ဘိန်းအစားထိုးသီးနှံစိုက်ပျိုးနိုင်ရေးတို့အတွက် ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သန်းဇော်(iprd)**

အမြို့မြို့အနယ်နယ်ပျံ့သည့် သတင်းစာ
မြန်မာ့အလင်းတွင် ကြော်ငြာပါ

# တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် သဘာဝအရင်းအမြစ်၊ လူ့စွမ်းအားအရင်းအမြစ်များနှင့် နည်းပညာအရင်းအမြစ်များ ပေါင်းစပ်ဆောင်ရွက်ကြရမည်

နေပြည်တော် ဒီဇင်ဘာ ၉

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မြန်မာ့လေကြောင်းခရီးစဉ်ဖြင့် ယမန်နေ့ နံနက်ပိုင်းတွင် လားရှိုးမြို့သို့ရောက်ရှိပြီး ထိုမှတစ်ဆင့် တပ်မတော်ရဟတ်ယာဉ်ဖြင့် နမ့်ဆန်မြို့သို့ ရောက်ရှိကြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် နမ့်ဆန်မြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ သင်တန်းကျောင်း ဆောက်လုပ်နေမှုနှင့် နမ့်ဆန်မြို့နယ် ပြည်သူ့ဆေးရုံ၏ အနောက်ဘက်ခြမ်း မြေပြိုကျမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဆေးရုံတက်ရောက်နေသော လူနာများအား ကြည့်ရှုအားပေးပြီး တစ်ဦးချင်း ထောက်ပံ့ငွေများ ပေးအပ်သည်။ ယင်းနောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ နမ့်ဆန်မြို့နယ် ပြည်သူ့ဆေးရုံအတွက် အလှူငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် နမ့်ဆန်မြို့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနား၌ ပြည်ထောင်စုဝန်ကြီးဦးလှထွန်း**(အပေါ်ပုံ)**က ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရာတွင် စနစ်အားဖြင့် ပြောင်းလဲသွားသော်လည်း အန္တိမရည်မှန်းချက်မှာ တိုင်းပြည်အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ရန် ဖြစ်ပါကြောင်း၊ တိုင်းပြည်တစ်ပြည်လုံး ထာဝရငြိမ်းချမ်းရေး ရရှိရန် ကြိုးပမ်းအားထုတ်နေဆဲကာလဖြစ်သည့်အတွက် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ပူးပေါင်းပါဝင်ဆင်နွှဲမှသာ ထာဝရငြိမ်းချမ်းသည့်နိုင်ငံအဖြစ် အလားအလာကောင်းများ ရရှိမည်ဖြစ်ကြောင်း၊ တိုင်းပြည်အေးချမ်းသည့်အနေအထားမှ ဖွံ့ဖြိုးသည့်နိုင်ငံဖြစ်ရန် ရည်မှန်းထားပါကြောင်း။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် မိမိတို့တွင် သဘာဝအရင်းအမြစ်များဖြစ်သည့် ရေ၊ မြေ၊ တော၊ တောင် အစရှိသည့် အခြေခံအရင်းအမြစ်များရှိနေပြီး လူ့စွမ်းအားအရင်းအမြစ်ကိုပါ ပူးပေါင်းဆောင်ရွက်နိုင်မည်ဆိုလျှင် အေးချမ်းသည့်ကာလတွင် တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်ရန် ပြည်သူတို့၏ ခံစားချက်ဆန္ဒသဘောထားများကို တာဝန်ရှိသူအဆင့်ဆင့်သည် ဒေသခံပြည်သူများနှင့် ဝိုင်းဝန်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်နေသကဲ့သို့ တစ်ဖက်ကလည်း တိုင်းပြည်အေးချမ်းသာယာရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် သဘာဝအရင်းအမြစ်၊ လူ့စွမ်းအားအရင်းအမြစ်များနှင့် နည်းပညာအရင်းအမြစ်များ ပေါင်းစပ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးမှသည် နိုင်ငံတစ်ဝန်းဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဒေသခံတိုင်းရင်းသားညီအစ်ကိုများနှင့် လက်တွေ့ကျကျ ထိတွေ့ ဆက်ဆံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းက နယ်စပ်ဒေသ တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်မည့် မူဝါဒများနှင့် လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ကျော်က ဒေသ၏ အုပ်ချုပ်မှုဆိုင်ရာ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နမ့်ဆန်မြို့နယ်နှင့် မန်တုံမြို့နယ် စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ် အထောက်အကူပြုကော်မတီ၊ စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌများက ဒေသဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မည်သည့်အခက်အခဲမဆို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှု ရနိုင်ပါကြောင်း၊ စုပေါင်းခေါင်းဆောင်မှု၊ စုပေါင်းတာဝန်ယူဆောင်ရွက်မှုတို့ဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်ပါကြောင်း၊ မိရိုးဖလာစိုက်ပျိုးသော လက်ဖက်စီးပွားရေးမှတစ်ဆင့် ကျန်စီးပွားရေးကဏ္ဍများကိုလည်း ဖွံ့ဖြိုးတိုးတက်ရန် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ မြို့ပြနှင့်ကျေးလက်ဒေသ ကွာဟမှုလျော့နည်းစေပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရန် တက်ညီလက်ညီ ပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထာဝရငြိမ်းချမ်းရေးရရှိမှသာလျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ရာ တစ်အူထုံ့ဆင်း ညီအစ်ကိုမောင်နှမများကဲ့သို့ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ စည်းလုံးညီညွတ်စွာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ဒေသခံပြည်သူများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၊ နမ့်ဆန်၊ မန်တုံမြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

**နေပြည်တော် ဒီဇင်ဘာ ၉**

# ဆီးဂိမ်း၌ မြင်းစီးပြိုင်ပွဲဝင်မည့် ထိုင်းဘုရင့်မြေးတော် MPC သို့ လာရောက်လေ့လာ

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ မြင်းစီးပြိုင်ပွဲတွင်ပါဝင်ဆင်နွှဲမည့် ထိုင်းဘုရင့်မြေးတော် ဆရိဝမ်ဝါရီသည် ဒီဇင်ဘာ ၉ ရက် ညနေ ၆ နာရီက နေပြည်တော်ရှိ ဆီးဂိမ်းသတင်းထုတ်ပြန်ရေးဗဟိုဌာန MPC သို့ လာရောက်လေ့လာခဲ့သည်။ **(ယာပုံ)**

ထိုင်းဘုရင့်မြေးတော်သည် တာဝန်ရှိသူများလိုက်ပါလျက် ဆီးဂိမ်းသတင်းထုတ်ပြန်ရေး ဗဟိုဌာနသို့ ရောက်ရှိလာပြီး ဆီးဂိမ်းသတင်းရယူပေးပို့နေသော ပြည်တွင်းပြည်ပသတင်းထောက်များ၏ Journalist Working Room သို့ ဝင်ရောက်လေ့လာခဲ့သည်။

### ပြုလုပ်မည်

ထို့နောက် MPC ရှိ ရုပ်မြင်သံကြားထုတ်လွှင့်ခန်းများ၊ သတင်းရယူထုတ်လွှင့်နေမှုများကို လေ့လာကြည့်ရှုသွားခဲ့သည်။ (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြင်းစီးအားကစားပြိုင်ပွဲကို နေပြည်တော်မြင်းပြိုင်ကွင်း၌ ဒီဇင်ဘာ ၁၀ ရက်မှ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက် ညနေ ၄ နာရီတွင် ပြုလုပ်မည်ဖြစ်သည်။

ဖွင့်ပွဲနေ့တွင် မြန်မာ့ရိုးရာမြင်းစီးအတတ်ပညာ ၁၇ ပါးနှင့် ဓားရေး၊ လှံရေးများ ပြသသွားရန် စီစဉ်ထားကြောင်း သိရသည်။

**သတင်း-ဝေယံဦး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



---

## ပြည်တွင်းသတင်း

# ပြည်ထောင်စုတရားလွှတ်တော်ချုပ် စုံညီခုံရုံး ရုံးထိုင်စီရင်ချက်ချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၉**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံးပါဝင်သော စုံညီခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်ပြီး ပြစ်မှုဆိုင်ရာ အထူးအယူခံမှုတစ်မှုနှင့် တရားမအထူးအယူခံမှု ငါးမှုတို့ကို စီရင်ချက်ချမှတ်၍ ပြစ်မှုဆိုင်ရာ အထူးအယူခံမှု နှစ်မှုနှင့် တရားမ အထူးအယူခံမှုလေးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

# ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား JICA Myanmar Officeမှ Senior Vice President ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၉**

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား JICA Myanmar Office မှ Senior Vice President Mr. Hideaki Domichi သည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ အပြည်ပြည်ဆိုင်ရာ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံစဉ် ပြည်ထောင်စုရှေ့နေချုပ်က မြန်မာနှင့် ဂျပန်နိုင်ငံသည် ပူးပေါင်းဆောင်ရွက်မှုများစွာ ပြုလုပ်ခဲ့ရာတွင် JICA အဖွဲ့နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့သည်လည်း နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး၍ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားရာ Mr.Hideaki Domichi က ရှေ့ဆက်၍လည်း စီးပွားရေးစာချုပ်စာတမ်း၊ အသိဉာဏ်ပစ္စည်းဆိုင်ရာ ဥပဒေများနှင့် တရားစွဲအမှုလိုက်ဆိုင်ရာ ကိစ္စရပ်များတွင်လည်း ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ ဥပဒေအရာရှိများကို Training ပေးမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

# မြန်မာ့လေကြောင်းမှ မန္တလေးချမ်းမြသာစည်လေဆိပ် အခြေပြု၍ လေကြောင်းခရီးစဉ်များ ပြေးဆွဲမည်

**နေပြည်တော် ဒီဇင်ဘာ ၉**

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်းမှ Caravan 208 B လေယာဉ်ဖြင့် မန္တလေးချမ်းမြသာစည်လေဆိပ်ကိုအခြေပြု၍ ၁၂-၁၂-၂၀၁၂ ရက်နေ့မှစတင်၍ အောက်ဖော်ပြပါခရီးစဉ်များကို နေ့စဉ်စတင်ပျံသန်းမည်ဖြစ်ကြောင်းနှင့် မကွေး၊ ကျောက်ထု၊ နမ့်စန်မြို့များကိုပါ ခရီးစဉ်များကိုပါ ဆက်လက်ပျံသန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်-

| စဉ် | နေ့ | ခရီးစဉ် |
|---|---|---|
| ၁။ | တနင်္ဂနွေနေ့ | (၁) မန္တလေးချမ်းမြသာစည်-ညောင်ဦး-မန္တလေးချမ်းမြသာစည်<br>(၂) Sight Seeing (မန္တလေး/ညောင်ဦးပတ်ဝန်းကျင်)<br>(၃) Enjoy Flight (မန္တလေးပတ်ဝန်းကျင်) |
| ၂။ | တနင်္လာနေ့ | (၁) မန္တလေးချမ်းမြသာစည်-နေပြည်တော်-မန္တလေးချမ်းမြသာစည်<br>(၂) မန္တလေးချမ်းမြသာစည်-ဗန်းမော်-မန္တလေးချမ်းမြသာစည်<br>(၃) မန္တလေးချမ်းမြသာစည်-ကလေး-မန္တလေးချမ်းမြသာစည် |
| ၃။ | အင်္ဂါနေ့ | (၁) မန္တလေးချမ်းမြသာစည်-လားရှိုး-မန္တလေးချမ်းမြသာစည်<br>(၂) မန္တလေးချမ်းမြသာစည်-လွိုင်ကော်-မန္တလေးချမ်းမြသာစည် |
| ၄။ | ဗုဒ္ဓဟူးနေ့ | (၁) မန္တလေးချမ်းမြသာစည်-ကလေး-မန္တလေးချမ်းမြသာစည်<br>(၂) မန္တလေးချမ်းမြသာစည်-လွိုင်ကော်-မန္တလေးချမ်းမြသာစည်<br>(၃) မန္တလေးချမ်းမြသာစည်-ဟဲဟိုး-မန္တလေးချမ်းမြသာစည် |
| ၅။ | ကြာသပတေးနေ့ | (၁) မန္တလေးချမ်းမြသာစည်-လွိုင်ကော်-မန္တလေးချမ်းမြသာစည်<br>(၂) မန္တလေးချမ်းမြသာစည်-ဟဲဟိုး-မန္တလေးချမ်းမြသာစည် |
| ၆။ | သောကြာနေ့ | (၁) မန္တလေးချမ်းမြသာစည်-နေပြည်တော်-မန္တလေးချမ်းမြသာစည်<br>(၂) မန္တလေးချမ်းမြသာစည်-ညောင်ဦး-မန္တလေးချမ်းမြသာစည်<br>(၃) မန္တလေးချမ်းမြသာစည်-ဟဲဟိုး-မန္တလေးချမ်းမြသာစည် |
| ၇။ | စနေနေ့ | (၁) မန္တလေးချမ်းမြသာစည်-ဗန်းမော်-မန္တလေးချမ်းမြသာစည်<br>(၂) Sight Seeing (မန္တလေး/ညောင်ဦးပတ်ဝန်းကျင်)<br>(၃) Enjoy Flight (မန္တလေးပတ်ဝန်းကျင်) |

ပြည်တွင်းသတင်း

# ကချင်ပြည်နယ်အစိုးရနှင့် ကျောက်မျက်လုပ်ငန်းရှင်များပူးပေါင်း၍ မိုးကောင်း - ဖားကန့်လမ်းကို ကတ္တရာလမ်းအဖြစ် ပြုပြင်ဖောက်လုပ်မည်

**မြစ်ကြီးနား ဒီဇင်ဘာ ၉**

နိုင်ငံတော်သမ္မတကြီး၏ ခွင့်ပြုချက်အရ မိုးကောင်း-ဖားကန့်လမ်းအား ပြုပြင်နိုင်ရေးအတွက် မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်းချုပ်၊ ကျောက်မျက်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၇ ရက် မွန်းလွဲ ၁ နာရီတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ကျင်းပရာ **(အောက်ပုံ)** ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ခန်ဆိုင်းက ကမ္ဘာပေါ်တွင် နာမည်ကြီးသော ကမ္ဘာက သိသည့် ကျောက်စိမ်းထွက်ရှိရာ ဒေသဖြစ်သော ဖားကန့်မြို့၏ လမ်းကိစ္စကို မိမိနေပြည်တော်သို့ အစည်းအဝေးတက်ရောက်ရန် သွားရောက်စဉ် နိုင်ငံတော်သမ္မတကြီးနှင့် တွေ့ဆုံရာ၌ တင်ပြခဲ့ပါကြောင်း၊ လွန်ခဲ့သောကာလက နိုင်ငံပိုင် သတင်းစာနှင့် ပြည်တွင်းမီဒီယာများမှ ဖားကန့်လမ်း၏ပျက်စီးမှုအခြေအနေများကို ဓာတ်ပုံနှင့်တကွ ဖော်ပြခဲ့သည်ကို တွေ့ရှိရကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်အတိုင်း အလျင်အမြန်တိုးတက်ရန်မှာ နိုင်ငံတော်၏ဘတ်ဂျက်ဖြင့် မလုံလောက်သည့်အတွက် နိုင်ငံတကာ ချေးငွေ၊ အထောက်အပံ့များရယူ၍ ဆောင်ရွက်ရပါကြောင်း၊ ကချင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ဖားကန့်မှ ကျောက်မျက်လုပ်ငန်းရှင်များနှင့်ပူးပေါင်းပြီး ဖားကန့်လမ်းအား ကတ္တရာလမ်းအဖြစ် ဆောင်ရွက်လိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်က လမ်းပြုပြင်ရေးအတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တွက်ချက်ထားပြီးဖြစ်ကြောင်း၊ မိမိအနေဖြင့် ငွေကြေးထည့်ဝင်မှုနှင့် ပတ်သက်၍ အတင်းအကျပ်ထည့်ပါဟု မပြောလိုကြောင်း၊ ပြည်သူများ၏ဆန္ဒ၊ ပြည်သူ့ဗဟိုပြုပြီးမှ ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ လုပ်ငန်းရှင်များ၏လုပ်ငန်းများ အောင်မြင်မှု၊ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း မိမိတို့ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် တာဝန်ရှိပါကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် လုပ်ကွက်ပိတ်ထား၍ နစ်နာသည်ဟု တချို့က စဉ်းစားမှာဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အကယ်၍ ဤလုပ်ငန်းကို ဝိုင်းဝန်းဆောင်ရွက်မည်ဆိုပါက ပြည်ထောင်စုအစိုးရကို အမြန်ဆုံးဖွင့်နိုင်အောင် တင်ပြပေးရန်ရှိပါကြောင်း၊ ယနေ့အချိန်ကာလသည် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ကျင့်သုံးနေချိန်ဖြစ်ရာ လုပ်ငန်းများဆောင်ရွက်ရာတွင် တာဝန်ယူမှုနှင့် တာဝန်ခံမှုတို့ဖြင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် မိုးကောင်း(ပါဟုတ်-ဖားကန့်) လမ်းတံတားအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးစန်းဝေက မိုးကောင်း(ပါဟုတ်-ဖားကန့်လမ်း)သည် ၅၉မိုင် ၄ ဖာလုံ အရှည်ရှိပါကြောင်း၊ ၂၄ ပေအကျယ် ၅၅ တန် ခံနိုင်ဝန်ရှိသော ကတ္တရာလမ်းနှင့် တန် ၆၀ ခံနိုင်ဝန်ရှိသော RC တံတားများ ဆောက်လုပ်နိုင်ရန် ခန့်မှန်းကုန်ကျငွေကျပ် ၃၁၆၉၂ သန်း ကုန်ကျမည်ဖြစ်ပါကြောင်း၊ ယင်းငွေမှာ ကာမိုင်း-မအူပင် ခြောက်မိုင် ဖြတ်လမ်းအတွက် မပါဝင်ပါကြောင်း၊ ၎င်းလမ်းအား ထည့်သွင်းတွက်ချက်ပါက ခန့်မှန်းကုန်ကျငွေမှာ ကျပ်သန်း ၃၆၀၀၀ ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ တံတားလေးစင်းကို တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းချုပ် ဦးတေဇက မိမိတို့ အသင်းချုပ်အနေဖြင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့၏ ကြီးကြပ်မှုဖြင့် ဖားကန့်ဒေသလမ်းဖောက်ရန်ကိစ္စကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ငွေထည့်ရန်လည်း စီစဉ်လျက်ရှိပြီး လမ်းပိုင်းကို အကောင်းဆုံးပြုပြင်ပေးရန် လိုလားပါကြောင်း၊ ထိုသို့ပြုပြင်ရာတွင် BOT စနစ်သို့မဟုတ် မည်သည့်စနစ်ဖြင့် သွားသင့်သည်ကို ဆွေးနွေးပေးရန်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျောက်မျက်လုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ၏ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်နယ်အစိုးရ၊ သတ္တုတွင်းဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းချုပ်တို့ပါဝင်သော ကော်မတီကို ဖွဲ့စည်းကာ ကော်မတီမှ ဝိုင်းဝန်းဆောင်ရွက်သွားမှာဖြစ်ပြီး စံချိန်စံညွှန်းမီရေးကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စနစ်တကျ စစ်ဆေးကြပ်မတ်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအပိုင်းအနေဖြင့် ထည့်ဝင်ရန် ငွေများ မည်သည့်နေ့တွင် စထည့်ဝင်မည်၊ မည်သည့်အတိုင်းအတာထိ ထည့်မည်ကို စဉ်းစားဆောင်ရွက်ပေးစေလိုကြောင်း၊ လုပ်ကွက်တစ်ကွက်လျှင် ကျပ်သိန်း ၁၀၀ ထည့်ဝင်ရန် သတ်မှတ်ပြီး ကနဦး ပထမအဆင့် သုံးပုံတစ်ပုံ ထည့်ဝင်ရန်ဖြစ်ပြီး လိုအပ်မှသာ ဒုတိယအဆင့်၊ တတိယအဆင့်တို့ကို ဆက်လက်ထည့်ဝင်ရန်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်က ဝန်ကြီးချုပ်အနေဖြင့် ၎င်းတာဝန်ထမ်းဆောင်သောကာလအတွင်း အမွေအနှစ်တစ်ခု ကျန်ရစ်စေရန် နိုင်ငံတော်သမ္မတထံ တင်ပြခဲ့ပြီး သမ္မတအနေဖြင့်လည်း ခွင့်ပြုပြီးဖြစ်သော လုပ်ငန်းဖြစ်၍ဝန်ကြီးချုပ်၏ ဆန္ဒကို သန္နိဋ္ဌာန်ချ ဆုံးဖြတ်ဆောင်ရွက်ကြစေလိုကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် ဤလမ်းပိုင်းကောင်းမွန်ပါမှ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ၎င်းတို့အတွက် အကျိုးစီးပွား ပိုမိုဖြစ်ထွန်းမှာ ဖြစ်ကြောင်း၊ လမ်းပြုပြင်ရာတွင် BOT စနစ်မှာ ကြာမြင့်၍ ဆောင်ရွက်ရန် မသင့်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပြည်နယ်အစိုးရ၊ လုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ ကျောက်မျက်လုပ်ငန်းရှင်များကို ဦးဆောင်ပြီး ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းက ယခု ဆွေးနွေးပွဲတွင် ကျောက်မျက်လုပ်ငန်းရှင်များမှ ငွေကြေးထည့်ဝင်ပြီး စံချိန် စံညွှန်းဖြစ်ရန် လိုလားသည်ကို တွေ့ရှိရပါကြောင်း၊ ရရှိသည့် ငွေများကို ဘဏ်တစ်ခုတွင်ထည့်ပြီး ကော်မတီတစ်ခုဖွဲ့ကာ ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ အရည်အသွေးစစ်ဆေးမှုအပိုင်းနှင့်ပတ်သက်၍ ကော်မတီမှ ဝင်ရောက်စစ်ဆေးမှာဖြစ်ပြီး ပညာရှင်များလိုအပ်ပါက ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စေလွှတ်ပေးမည်ဖြစ်ကြောင်း၊ လမ်းများပြုပြင်ပြီးပါက ထိန်းသိမ်းရေးအပိုင်းသည် အရေးကြီးကြောင်း၊ ကျောက်မျက်လုပ်ငန်းရှင်များမှ ထိန်းသိမ်းမှုလုပ်လိုပါက ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လွှဲပြောင်းပေးသွားမည် ဖြစ်ကြောင်း၊ ကော်မတီမှ ထိန်းသိမ်းရေးလုပ်ငန်းကိုလုပ်ကိုင်ဆောင်ရွက်ပါက ရေရှည်အတွက် ကောင်းမွန်သည့်အစီအစဉ်ဖြစ်လာမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့်အကူအညီများ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသွားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်က လုပ်ငန်းရှင်များအား ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့ နောက်ဆုံးထားပြီး သုံးပုံတစ်ပုံ ထည့်ဝင်ရန် ဆန္ဒ ရှိ/မရှိ မေးမြန်းရာ အားလုံးက သဘောတူသည့်အတွက် လုပ်ငန်းရှင်များက သတ်မှတ်ရက်အတိုင်း သတ်မှတ်ငွေများကို မြန်မာ့စီးပွားရေးဘဏ်ငွေစာရင်းအမှတ် CF-002561 သို့ ထည့်ဝင်ပေးကြစေလိုကြောင်း၊ သတ္တုတွင်းဝန်ကြီးဌာနမှ လုပ်ငန်းရှင်များ၏စာရင်းကို ရယူဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ဤလုပ်ငန်းအောင်မြင်ရေးအတွက် အသင်းချုပ်နှင့်လုပ်ငန်းရှင်များက ရန်ပုံငွေပြည့်မီထည့်ဝင်နိုင်ရေးအတွက် ပူးပေါင်းပံ့ပိုးဆောင်ရွက်ပေးကြပါဟု တိုက်တွန်းလိုပါကြောင်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါဆွေးနွေးပွဲသို့ ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးလဂွန်ခန်ဆိုင်း၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်၊ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့မှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျောက်မျက်လုပ်ငန်းရှင်များနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ကြသည်။ **(ပြည်နယ် ပြန်/ဆက်)**

# အင်ဒိုနီးရှားအမျိုးသမီးဘောလုံးအသင်း ယှဉ်ပြိုင်ရန် အသင့်မဖြစ်၍ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုတော့သော်လည်း အင်ဒိုနီးရှားအမျိုးသမီးပူဆယ်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်

မြန်မာ့သတင်းစဉ်(ရန်ကုန်) သတင်းအဖွဲ့

အာဆီယံအမျိုးသမီးချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲတွင် အောင်မြင်မှုများ အကြိမ်ကြိမ်ဆွတ်ခူးရရှိခဲ့ဖူးသော်လည်း ဆီးဂိမ်းရွှေတံဆိပ်ဆုကိုမူ အကြိမ်ကြိမ်ပွတ်ကာသီကာ လွဲချော်နေခဲ့ရသော မြန်မာအမျိုးသမီးဘောလုံးအသင်းအနေဖြင့် ယခုပြိုင်ပွဲတွင် ကိုယ့်မြေကိုယ့်ရေ ကိုယ့်ပရိသတ်ရှေ့မှောက်တွင် ဆီးဂိမ်းရွှေတံဆိပ်ဆုကို သိမ်းပိုက်ဆွတ်ခူးနိုင်ရန် အလားအလာကောင်းများ ပိုင်ဆိုင်နေပြီဖြစ်သည်။

ဆီးဂိမ်းပြိုင်ပွဲတိုင်းတွင် မြန်မာအမျိုးသမီးဘောလုံးအသင်းသည် ခြေစွမ်းခြေစအားဖြင့် မည့်ခဲ့၊ အကြိမ်တိုင်းဆုချိတ်နိုင်ခဲ့၏။ ပထမဦးဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်သည့် ၁၉၉၅ ခုနှစ် ထိုင်းနိုင်ငံ ချင်းမိုင် ဆီးဂိမ်းပြိုင်ပွဲမှာပင် ကြိုတင်ပြင်ဆင်ချိန်နည်းပါးသည့်ကြားထဲမှ ဗွေဆော်ဦး ကြေးတံဆိပ်ကို ဆွတ်ခူးရယူနိုင်ခဲ့၏။

ဆက်လက်၍ ၁၉၉၇ ခုနှစ် အင်ဒိုနီးရှားဆီးဂိမ်းတွင် ငွေတံဆိပ်၊ ၂၀၀၁ ခုနှစ် မလေးရှားဆီးဂိမ်းတွင် ကြေးတံဆိပ်၊ ၂၀၀၃ ခုနှစ် ဗီယက်နမ်ဆီးဂိမ်းတွင် ငွေတံဆိပ်၊ ၂၀၀၅ ခုနှစ် ဖိလစ်ပိုင်ဆီးဂိမ်းတွင် ငွေတံဆိပ်၊ ၂၀၀၇ ခုနှစ် ထိုင်းနိုင်ငံဆီးဂိမ်းနှင့် ၂၀၀၉ ခုနှစ် လာအိုနိုင်ငံဆီးဂိမ်းပြိုင်ပွဲတို့၌ ကြေးတံဆိပ်ဖြင့် ရယူဆွတ်ခူးနိုင်ခဲ့၏။

ပထမရွှေတံဆိပ်ဆုကိုမူ ချန်ပီယံအဖြစ်လေးကြိမ်စီ ဆွတ်ခူးရယူထားသော ပြိုင်ဘက်ထိုင်းနှင့် ဗီယက်နမ်အမျိုးသမီးဘောလုံးအသင်းတို့နှင့်ဆုံတွေ့တိုင်း မြင်းကောင်းခွာလိပ်ဖြစ်ခဲ့ပြီး လွဲခဲ့ရ၍ မြန်မာဘောလုံးပရိသတ်များ မချင့်မရဲဖြစ်ခဲ့ကြရ၏။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသော ယခု(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင်မူ မြန်မာအမျိုးသမီးဘောလုံးအသင်းအနေဖြင့် ဒေသတွင်း မဟာပြိုင်ဘက် လက်ရှိချန်ပီယံ ဗီယက်နမ် (၂၀၀၉ ခုနှစ် လာအိုဆီးဂိမ်း၊ ချန်ပီယံ၊ ၂၀၁၁ ခုနှစ် အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲတွင် အမျိုးသမီးဘောလုံးပြိုင်ပွဲ ထည့်သွင်းကျင်းပခဲ့ခြင်းမရှိခဲ့ပါ)နှင့် ချန်ပီယံဟောင်း ထိုင်းအသင်းတို့ကို ထပ်မံကျော်ဖြတ်ရမည်ဖြစ်သော်လည်း ကိုယ့်မြေကိုယ့်ရေကိုယ့်ပရိသတ်ရှေ့မှောက်တွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်က တစ်ကြောင်း၊ ဂျပန်လူမျိုးနည်းပြ ကူမာဒါလက်ထက်တွင် ပြည်တွင်းပြည်ပ အတွေ့အကြုံကောင်းများဖြင့် အဘက်ဘက်က ကြိုတင်ပြင်ဆင်ထားသည်က တစ်ကြောင်းတို့ကြောင့် ဆီးဂိမ်းပြိုင်ပွဲတွင် အကြိမ်ကြိမ် ပွတ်ကာသီကာလွဲချော်ခဲ့ရသော ချန်ပီယံရွှေတံဆိပ်ဆုကို သိမ်းပိုက်ဆွတ်ခူးနိုင်ရန် အလားအလာ အထူးကောင်းမွန်လျက်ရှိနေပေသည်။

ဆီးဂိမ်းပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို အထက်မြန်မာပြည် မြန်မာဘောလုံးပရိသတ်တို့၏ ဘူမိနက်သန် မန္တလေးမြို့၌ ကျင်းပသွားမည်ဖြစ်ရာ မြန်မာအမျိုးသမီးဘောလုံးအသင်းသည် မူလကအုပ်စု(က)တွင် လက်ရှိချန်ပီယံ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့်အင်ဒိုနီးရှား အသင်းတို့နှင့် တစ်အုပ်စုတည်းပါဝင်နေသော်လည်း ယခုပြိုင်ပွဲကျင်းပချိန် နီးကပ်မှ အင်ဒိုနီးရှားအသင်းမှာ ကြိုတင်ပြင်ဆင်မှုအပိုင်းတွင် အားနည်း၍ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုတော့ဟု အင်ဒိုနီးရှားနိုင်ငံ အိုလံပစ်ကော်မတီနှင့် ဘောလုံးအဖွဲ့ချုပ်တို့က ဆုံးဖြတ်ခဲ့၍ အုပ်စု(က)တွင် မြန်မာ၊ ဗီယက်နမ်နှင့် ဖိလစ်ပိုင်၊ အုပ်စု (ခ)တွင် ထိုင်း၊ လာအိုနှင့် မလေးရှားအသင်းတို့ဖြင့် အုပ်စုဘက်မျှသွားခဲ့သည်။

အင်ဒိုနီးရှားအမျိုးသမီးဘောလုံးအသင်း ပြိုင်ပွဲနီးကပ်ချိန်မှ ထွက်သွားသော်လည်း ပွဲစဉ်အပြောင်းအလဲရှိရုံမှအပ ပြိုင်ပွဲ၏ ချိန်ခွင်လျှာကိုမူ ပြောင်းလဲသက်ဝင်နိုင်စွမ်းမရှိဟု ဆိုရပေမည်။ လက်ရှိ အရှေ့တောင်အာရှဒေသတွင်း အမျိုးသမီးဘောလုံးပြိုင်ပွဲများကို ကြီးသုံးကြီးဖြစ်သည့် ဗီယက်နမ်၊ မြန်မာနှင့် ထိုင်းအသင်းတို့ကသာ အစဉ်စိုးမိုးထား၍ ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က မြန်မာအမျိုးသမီးဘောလုံးအသင်း၏ ကြိုတင်ပြင်ဆင်မှုများနှင့် စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်မှုအပိုင်းမှာ ကျွန်တော်တို့က အစွမ်းကုန်ဆောင်ရွက်ထားတယ်ဆိုတာပြောချင်တယ်။ ဒီအမျိုးသမီးဘောလုံးအသင်းက ရန်ကုန်မှာလည်း အိမ်ရှင်လုပ်ပြီးကစားတယ်။ ပါလက်စတိုင်းမှာလည်း အာရှ Qualified သွားကစားတယ်။ ဂျပန်နှင့် ကိုရီးယားကိုလည်း တစ်လသွားပြီး လေ့ကျင့်ထားတယ်။ ဂျပန်နည်းပြနှင့်လည်း အနီးကပ်လေ့ကျင့်မှုတွေ ပြုလုပ်ထားတယ်။ ကျွန်တော်တို့က နီးခါနီး နှစ်ပတ်သုံးပတ်မှ ဩစတြေးလျကို သွားပြီးလေ့ကျင့်ဖို့ စီစဉ်ထားပေမယ့် နည်းပြကြီးရော ကျွန်တော်တို့ အားလုံးအဖွဲ့ချုပ်မှာရှိတဲ့ လူတွေ ဆုံးဖြတ်တာကတော့ ဒီနှစ်ပတ်မှာရာသီဥတုနဲ့ ကစားရမယ့်ပွဲ၊ ခရီးပန်းတာက အကျိုးရှိ၊ မရှိ အဲဒီအပေါ်မှာ သုံးသပ်ပြီး တောင်ကြီးနဲ့ မန္တလေးမှာပဲ ကစားခဲ့ပါတယ်။ ကလေးတွေအတွက် အတွေ့အကြုံရပါတယ်။ အမျိုးသားအသင်းက ကိုယ့်ထက်ကောင်းတဲ့အသင်းနဲ့ ကစားဖို့ခက်ပေမယ့် အမျိုးသမီးအသင်းက ကိုယ်နှင့် ပြိုင်ကစားဖို့အတွက် အသင်းတွေ အများကြီးရှိပါတယ်။ မန္တလေးအကယ်ဒမီကအသင်းတွေနှင့် တောက်လျှောက် ကစားခွင့်ရတယ်။ ကွင်းကို မစိမ်းအောင် ပြိုင်ပွဲကျင်းပမယ့်ကွင်းမှာ တောက်လျှောက်လေ့ကျင့်မှုတွေ အများကြီး ရခဲ့တယ်။ မန္တလေးမှာရှိတဲ့ တာဝန်ရှိတဲ့သူတွေက အာရုံစိုက်မှုအပြည့်အဝရှိတယ်။ဒါကြောင့်မို့ ဘောလုံးအသင်း ကလေးတွေအနေနဲ့ တက်တက်ကြွကြွနဲ့ ဝင်ရောက်ယှဉ်ပြိုင်နိုင်မှာပါ။




မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော် ပြောကြားစဉ်။

"မြန်မာအမျိုးသမီးအသင်းက သူ့မှာ မျှော်လင့်ချက်အရှိဆုံးက ရွှေရဖို့။ လူတိုင်းမျှော်လင့်တာကတော့ တချို့ကစားသမားတွေ ကစားနေတာကြာပါပြီ။ သူတို့အနေနဲ့ သူတို့ကစားတဲ့ ကာလမှာ ရွှေတံဆိပ်လိုချင်တယ်။ ကြိုးစားအားထုတ်မှု၊ လေ့ကျင့်မှု၊ ပေးဆပ်မှုက အရင်ကထက်ပိုတယ်။ ဒါကြောင့်မို့ ယခု SEA Games မှာ အမျိုးသမီးဘောလုံးအသင်းက ရွှေရအောင် ကြိုးစားလိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟုဆိုသည်။

ဆက်လက်၍ "အာဆီယံမှာ အမျိုးသမီးဘောလုံးအသင်းတွေက ထိုင်း၊ ဗီယက်နမ်၊ မြန်မာလောက်ပဲ အားကောင်းကောင်းနဲ့ ပြင်ဆင်ထားတာရှိတယ်၊ ကျွန်တော့်အနေနဲ့ ပရိသတ်ကြီးကို တောင်းပန်ချင်တာက အင်ဒိုနီးရှားအနေနဲ့ ပြိုင်ပွဲဝင် ၇၀၀ ကျော်လောက် တက်တက်ကြွကြွ ဝင်ရောက်ယှဉ်ပြိုင်ပေမယ့် အမျိုးသမီးဘောလုံးပြိုင်ပွဲကိုတော့ ဝင်ရောက်မယှဉ်ပြိုင်တော့တဲ့အတွက်ပါ။ သူတို့ကလည်း ဖူဆယ်အပေါ်မှာပဲ အားစိုက်ပြီးဆုရဖို့ ကြိုးစားတဲ့အတွက် အမျိုးသမီးဘောလုံးအသင်းကို ဝင်ရောက်မယှဉ်ပြိုင်တော့ဘူး၊ တစ်ခုလေးလိုသွားတာက ရက်နီးမှ သိလိုက်ရတဲ့အတွက် ကျွန်တော်တို့ အခက်အခဲရှိတယ်၊ ပရိသတ်ကို အနူးအညွတ်တောင်းပန်ပါတယ်။ အဖွဲ့ချုပ်ကို ဆက်သွယ်ပြီး မေးမြန်းတဲ့အခါကျတော့ ဖူဆယ်မှာပဲ ဆုလိုချင်တယ်၊ ဖူဆယ်မှာ နိုင်အောင်ကစားချင်တယ်ဆိုတာ သိလိုက်ရတယ်။

အိုလံပစ်ကော်မတီက အုပ်စုပွဲကို ဆွဲတဲ့အချိန်မှာ အာရှအဖွဲ့ချုပ်က လာပြီးဆွဲပေးပါတယ်၊ ဒီမှာ ကျွန်တော်တို့အနေနဲ့ လာမယ်လို့ပဲ မျှော်လင့်ထားတယ်၊ နီးတော့မှ ပိုသေချာအောင်ဆိုပြီး ထပ်ပြီး အတည်ပြုချက်ယူလိုက်တဲ့အချိန်မှာ သူတို့အနေနဲ့ မလာနိုင်ဘူးဆိုတာ သိလိုက်ရတယ်"ဟု ၎င်းကရှင်းပြသည်။

မည်သို့ဆိုစေကာမူ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ဒေသတွင်းကြီးသုံးကြီးဖြစ်သည့် အိမ်ရှင် မြန်မာ၊ လက်ရှိချန်ပီယံ ဗီယက်နမ်နှင့် ချန်ပီယံဟောင်း ထိုင်းအသင်းတို့၏ ပြိုင်ဆိုင်မှုမှာ မန္တလာမြေပေါ်တွင် ဆက်လက်ပြင်းထန်နေမည်မှာ အမှန်ပင် ဖြစ်ပေသည်။

မဟာပြိုင်ဘက် သုံးသင်းအနက် မည်သည့်အသင်းက ချန်ပီယံရွှေတံဆိပ်ဆွတ်ခူးရယူသွားမည်ကိုမူ ဆက်လက်စောင့်မျှော်ကြည့်ရပါဦးမည်။

# မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုမှ အကြံဉာဏ်ကောင်းများ အချိန်မရွေးပေးအပ်နိုင်

**မန္တလေး ဒီဇင်ဘာ ၉**

"မြို့တော်စည်ပင်အနေဖြင့် ပြည်သူလူထု၏ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသော်လည်း အပြည့်အဝမသိရှိလိုက်ရသော နေရာများလည်းကျန်ရှိနိုင်သဖြင့် ပြည်သူလူထုမှ ဝိုင်းဝန်း အကြံဉာဏ်များပေးကြရန်နှင့် မိမိအပါအဝင် သက်ဆိုင်ရာဌာနမှူးများ၊ တာဝန်ရှိသူများ၏ ဖုန်းနံပါတ်များကို ရပ်ကွက်များရှိ ရုံးများတွင် ပေးအပ်ထားပြီးဖြစ်ရာ အချိန်မရွေးဆက်သွယ်၍ လိုအပ်ချက်များကို တင်ပြနိုင်ပါကြောင်း" မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဦးအောင်မောင်းက ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းက မဟာအောင်မြေမြို့နယ် ရွှေဘုန်းရှိန်ရပ်ကွက်နှင့် မဟာအောင်မြေ ရှေ့ရပ်အကွက် (၅၂၁)ရပ်ကွက်များရှိ ရပ်မိရပ်ဖများနှင့် တွေ့ဆုံစဉ် **(အပေါ်ယာပုံ)** ပြောကြားလိုက်သည်။

ဆက်လက်၍ မြို့တော်တစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် ရပ်ကွက်တိုင်း ဖွံ့ဖြိုးတိုးတက်ရေးကို အခြေခံမှ မြှင့်တင်ဆောင်ရွက်ပေးမှသာ ပိုမိုထိရောက်နိုင်မည်ဖြစ်ကြောင်း၊ စည်ပင်အနေဖြင့် ရပ်ကွက်များအတွင်း အမှိုက်ကင်းစင်စေရေး၊ လမ်းများ ကောင်းမွန်စေရေး၊ ရေနုတ်မြောင်းများ ရေစီးဆင်းမှုကောင်းမွန်စေရေးနှင့် စိမ်းလန်းစိုပြည်ရေးကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိပြီး ပြည်သူလူထု၏ နေ့စဉ် လိုအပ်ချက်များကိုလည်း ဖြည့်ဆည်း ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ မြို့တော်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရသဖြင့် ဘဏ္ဍာရေးနှစ်အလိုက် ဦးစားပေးရမည့်ကိစ္စရပ်များကို ဆောင်ရွက်ရကာ တချို့ကိစ္စများတွင် အနည်းငယ်အချိန်ပေးရပါကြောင်း၊ ပြည်သူလူထုကလည်း လုပ်ငန်းများ လျင်မြန်စေရေးအတွက် ဝိုင်းဝန်းအကြံဉာဏ်ကောင်းများ ပေးကာ ကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံလိုပါကြောင်းကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။



ထို့ပြင် မြို့တော်ဝန်သည် စည်းကမ်းပိုင်းနှင့် ပတ်သက်၍ ပြည်သူလူထုအနေဖြင့် အမှိုက်များကို တာဝန်သိတတ်စွာဖြင့် သတ်မှတ်ထားသော နေရာများတွင် စနစ်တကျစွန့်ပစ်သွားရေး၊ လမ်းဘေး ကျူးကျော်အဆောက်အအုံဆောက်ခြင်း၊ အခြေချနေထိုင်ခြင်း၊ ရေမြောင်းပိတ်ဆို့အောင် ဆောင်ရွက်ခြင်းများ၊ ယာဉ်မရပ်ရသော နေရာများတွင် ရပ်နားခြင်းနှင့် ယာဉ်စည်းကမ်းချိုးဖောက်မှုများ စသည်တို့ကို ပပျောက်စေရန် ကိုယ်စီ ကိုယ်စီ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန်လည်း ထပ်မံမေတ္တာရပ်ခံလိုပါကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ရပ်မိရပ်ဖများကလည်း ရွှေဘုန်းရှိန်ရပ်ကွက်တွင် အုပ်ချုပ်ရေးမှူးရုံးမြေနေရာကိစ္စ၊ ပေါက်နေသောရေပိုက်လိုင်းများ လဲလှယ်တပ်ဆင်ပေးရေး၊ ရပ်ကွက်နှစ်ရပ်ကွက်အတွင်း လမ်းများမီးလင်းစေရေး၊ ရေနုတ်မြောင်းနှင့် လမ်းများတိုးချဲ့ဖောက်လုပ်ရေးနှင့် အခြားစည်ပင်သာယာရေးဆိုင်ရာကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

မန္တလေးမြို့တော်ဝန်နှင့် စည်ပင်သာယာရေးကော်မတီအနေဖြင့် ယင်းသို့ ရပ်ကွက်များ သွားရောက်ခြင်းကို အပတ်စဉ် ဆောင်ရွက်လျက်ရှိကြပြီး ပြည်သူလူထု၏ လိုအပ်ချက်များကို မေးမြန်းအကြံဉာဏ်ရယူကာ မြို့တော်စည်ပင်၏ လုပ်ငန်းဆောင်ရွက်ချက်များကိုလည်း ရှင်းလင်းတင်ပြလျက်ရှိကြောင်းသိရသည်။ (ဝ၄ဝ)

# မန္တလေးတိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မန္တလေး ဒီဇင်ဘာ ၉**

၂၀၁၃ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ပထမအကြိမ် အသက် (၂၀)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ အဖြစ် ရတနာပုံအကယ်ဒမီအသင်းနှင့် အားမာန်အသင်းတို့ ဒီဇင်ဘာ ၃ ရက် ညနေ ၃ နာရီက ဗထူးအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ရတနာပုံအကယ်ဒမီအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်က ဆုငွေကျပ် ၁၀ သိန်းနှင့် ပထမတံခွန်စိုက်ဆုဖလားကို ချီးမြှင့်ပေးအပ်သည်။ **(အောက်ပုံ)**

ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရ အသင်းတို့မှ အားကစားသမားများ၊ နေရာအလိုက် အကောင်းဆုံးဆုရရှိသူများ၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရ ဆန်းထွန်းဦး(ရတနာပုံအကယ်ဒမီအသင်း)တို့အား တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးဝေဇင်၊ တိုင်းဒေသကြီးဘောလုံးအဖွဲ့ချုပ်အမှုဆောင်များက ဆုတံဆိပ်နှင့်ဆုငွေများချီးမြှင့်ခဲ့ကြသည်။

**တင်မောင်(မန္တလေး)**



# စင်ကြိုင်ကယ်ဆယ်ရေးစခန်းအတွက် အလှူငွေထောက်ပံ့

**မြစ်ကြီးနား ဒီဇင်ဘာ ၉**

ကချင်ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးအရ နေရပ်စွန့်ခွာမိသားစုများအား ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်နေရာချထားပြီး နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ ပညာရေးများကိုစဉ်ဆက်မပြတ်စောင့်ရှောက်ပေးလျက်ရှိရာ ဒီဇင်ဘာ ၈ ရက် နံနက်က မြစ်ကြီးနားခရိုင် ကန်ပိုင်တည် မြို့နယ်ခွဲရှိ စင်ကြိုင်ကျေးရွာကယ်ဆယ်ရေးစခန်း မိသားစုများအား ပြည်နယ်လူမှုရေးဝန်ကြီးဒေါ်ဘောက်ဂျာနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့က မိသားစုများအတွက် အဝတ်အထည်နှင့် ကျောင်းဝတ်စုံများ၊ ထောက်ပံ့ငွေများ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်ကြရာ စခန်းတာဝန်ခံနှင့် မိသားစုများက လက်ခံယူပြီး ကယ်ဆယ်ရေးစခန်းမိသားစုများ၊ နေအိမ်များ၊ ယာယီကျောင်း အဆောက်အအုံ၊ ကျန်းမာရေးစောင့်ရှောက်မှု ဆေးပေးခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ကယ်ဆယ်ရေးစခန်း၌ ဝိုင်းမော်မြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ဆဒုံးမြို့နယ်အတွင်းရှိ ကျေးရွာတို့မှ ပြောင်းရွှေ့လာကြသော အိမ်ထောင်စုဝင်ပေါင်း ၁၈၄ စု၊ လူဦးရေ ၉၉၃ ဦးရှိပြီး ပြည်နယ်အစိုးရအဖွဲ့မှ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသော်လည်း ၎င်းတို့၏ နေရပ်သို့သာ ပြန်လည်ပြောင်းရွှေ့နေထိုင်လိုသည့်ဆန္ဒရှိကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ပုဗ္ဗသီရိမြို့နယ် နဝဒေးရပ်ကွက်တွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၉**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲတော်ကြီးအား ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် နဝဒေးရပ်ကွက်ရှိ စာပေအလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်လှစ်ပွဲကို ဒီဇင်ဘာ ၈ ရက် နံနက် ၉ နာရီက စာကြည့်တိုက်ရှေ့မျက်နှာစာ၌ ကျင်းပသည်။ **(အောက်ပုံ)**



အခမ်းအနားတွင် ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလင်းကျော်က အမှာစကားပြောကြားပြီး စာကြည့်တိုက်ကော်မတီဝင် ဦးခင်မောင်ဝင်းက စာကြည့်တိုက်နှင့် ပတ်သက်၍ ဖြစ်ပေါ်လာပုံကို ရှင်းလင်းတင်ပြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သိမ့်သိမ့်မျိုးက စာကြည့်တိုက် ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ရမည့် အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

**ဖွင့်လှစ်ပေး**

ထို့နောက် စာကြည့်တိုက်ဖြစ်ပေါ်ရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့ကြသည့် အလှူရှင်များကို ဂုဏ်ပြုလက်မှတ်များပေးအပ်ခဲ့ပြီး စာကြည့်တိုက်သစ်ကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်တင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **သူဇာလှိုင်(စက်မှု)**

# ဂျပန်နိုင်ငံသား အလှူရှင် ကျောင်းဆောင်တည်ဆောက်လှူဒါန်း

**မိတ္ထီလာ ဒီဇင်ဘာ ၉**

မိတ္ထီလာမြို့အနောက်ဘက် ၂၅ မိုင်အကွာရှိ ရေဝေအုပ်စု အင်ပင်ဝ ကျေးရွာရှိ အမှတ်(၁၃၁)မူလတန်းကျောင်းမှာ ဟောင်းနွမ်းပျက်စီးနေသဖြင့် ဂျပန်နိုင်ငံ IIZUKA မြို့နေ အသက် ၈၁ နှစ်ရှိ အငြိမ်းစားဝန်ထမ်း Mr.Takao Yamamoto က ငွေကျပ်သိန်း ၁၀၀ ကျော် အကုန်အကျခံ၍ ပြုပြင်တည်ဆောက် လှူဒါန်းသော ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂ ရက်က အဆိုပါကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင် Mr. Takao Yamamoto၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစန်းအောင်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေသီစိုးတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ရေဝေအထက ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးဝင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစန်းအောင်တို့က အမှာစကားပြောကြားကြသည်။ ဆက်လက်၍ အလှူရှင် Mr.Takao Yamamoto က ကျောင်းဆောင်သစ်လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဂျပန်နိုင်ငံသား အလှူရှင်က ကျောင်းသား ကျောင်းသူများအား ဗလာစာအုပ်၊ ခဲတံ၊ ချိုချဉ်များပေးအပ်လှူဒါန်းသည်။ **(အောက်ဝဲပုံ)**

ဆက်လက်၍ အလှူရှင်က ဆရာ ဆရာမများကို အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

အင်ပင်ဝ အမက(၁၃၁) ကျောင်းဆောင်ဟောင်းမှာ အလျား ပေ ၁၂၀၊ အမြင့် ပေ ၂၀ ၊ အနံ ၂၆ ပေရှိပြီး ဟောင်းနွမ်းနေသဖြင့် အလှူရှင်က နံကပ်ကျောင်းဆောင်အဖြစ် အသစ်ပြုပြင်၍ ကျောင်းသုံးပရိဘောဂ၊ သမံတလင်း၊ ရေတွင်း၊ အုတ်ကန်၊ သန့်စင်ခန်း၊ ကျောင်းအုပ်ရုံးခန်းအပါအဝင် ငွေကျပ်သိန်း ၁၀၀ ကျော် အကုန်အကျခံ၍လှူဒါန်းခဲ့ခြင်း ဖြစ်သည်။

ဂျပန်နိုင်ငံ IIZUKA နေ Mr. Takao Yamamoto သည် ပခုက္ကူ သန်လျင်နှင့် မိတ္ထီလာမြို့ရှိ ရှေ့ဆောင်မျက်မမြင်ကျောင်း၊ ညောင်ကိုင်း ပရဟိတမိဘမဲ့ကျောင်း၊ တောမ၊ ထန်းတောဉယျာဉ်၊ ရုံးတောကြီး၊ ဉယျာဉ်ကုန်း၊ စက်မှုဇုန်နှင့် အင်ပင်ဝ ကျေးရွာများရှိ မူလတန်းကျောင်းများကို ငွေကျပ် သိန်းပေါင်း ၁၅၀၀ ကျော် အကုန်အကျခံ၍ လှူဒါန်းခဲ့သော နိုင်ငံခြားသားအလှူရှင်တစ်ဦး ဖြစ်သည်။

**တင်လှိုင်(မိတ္ထီလာ)**



အပူပိုင်းဒေသစိမ်းစိုဖို့ သစ်တောသစ်ပင်တွေ ထိန်းသိမ်းစို့

# ရုပ်သံလိုင်းများဖမ်းယူကြည့်ရှုနိုင်ရန် ရုပ်သံဖမ်းစက်များ ဆီးဂိမ်းအမီ အခမဲ့ဖြန့်ဝေ

**ကျောက်ဆည် ဒီဇင်ဘာ ၉**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုးချဲ့ထုတ်လွှင့်လျက်ရှိသော Digital ရုပ်သံလိုင်းများ ဖမ်းယူကြည့်ရှုနိုင်ရန် ကျောက်ဆည်မြို့နယ်တွင် ရုပ်သံဖမ်းစက် (Set Top Box) ၂၀၀ ကို အများပြည်သူသို့ ဒီဇင်ဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပသော (၂၇)ကြိမ်မြောက် ဆီးဂိမ်းအမီ အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။

အခမဲ့ပေးဝေသော ရုပ်သံဖမ်းစက် (Set Top Box) များ၊ UHF အင်တင်နာများဖြင့်တွဲဖက်ကာ မြန်မာ့အသံမှ တိုးချဲ့ထုတ်လွှင့်လျက်ရှိသော လွှတ်တော်ရုပ်သံလိုင်း၊ တိုင်းရင်းသားရုပ်သံလိုင်း၊ တောင်သူလယ်သမားရုပ်သံလိုင်းများနှင့် အခြားရုပ်သံလိုင်းများအပြင် MRTV-4 နှင့် MWD တို့၏ ထုတ်လွှင့်လျက်ရှိသော နေရာဒေသများတွင်လည်း ဆက်စပ်ရုပ်သံလိုင်းများကိုပါ ဖမ်းယူကြည့်ရှုနိုင်ပြီး စုစုပေါင်း လိုင်းပေါင်း ၁၈ လိုင်း ကြည့်ရှုနိုင်သည်။

**အခမဲ့ဖြန့်ဝေ**

ကျောက်ဆည်မြို့နယ် အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တိုးချဲ့ထုတ်လွှင့်ပေးသော ရုပ်သံလိုင်းများ ကြည့်ရှုနိုင်ရန်အတွက် ရုပ်သံဖမ်းစက် (Set Top Box)ကို ဆင်းရဲနွမ်းပါး လူမှုအဆင့်(E)၊ စီးပွားဖြစ်မဟုတ်သော ဆေးရုံဆေးခန်းများ၊ စီးပွားဖြစ်မဟုတ်သော စာသင်ကျောင်းများ၊ မိဘမဲ့လူအိုရုံ၊ မသန်စွမ်းကျောင်းများ၊ သိပ္ပံကောလိပ် တက္ကသိုလ်ကျောင်းများ၊ စီးပွားဖြစ်မဟုတ်သော အများပြည်သူကြည့်ရှုရန် နေရာများ၊ ပြည်သူ့စာကြည့်တိုက်များ၊ သာရေးနာရေး လူမှုရေးအသင်းများ စသည်ဖြင့် အုပ်စုရှစ်မျိုးခွဲကာ စုစုပေါင်း ရုပ်သံ ဖမ်းစက် (Set Top Box) အလုံးရေ ၂၀၀ ကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# လူမှုဝန်ထမ်းဦးစီးဌာနသို့ Nippon Express ကုမ္ပဏီမှ မသန်စွမ်းသူများ စီးနင်းအသုံးပြုနိုင်သည့် မီနီဘတ်စ်တစ်စီးလှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသို့ အလှူရှင် ဂျပန်နိုင်ငံ Nippon Express Co., Ltd., မှ ခန္ဓာကိုယ်အောက်ပိုင်း မသန်စွမ်းသူများ စီးနင်းအသုံးပြုနိုင်သည့် Nissan Civilian အမျိုးအစား မီနီဘတ်စ်ကားတစ်စီး ပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၅ ရက် နံနက် ၁၀ နာရီက မရမ်းကုန်းမြို့နယ် အမှတ် ၆၅ ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ငယ်သင်တန်းကျောင်း စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် Nippon Express Co., Ltd., ၏ South East Asian & Oceinia Regional ၏ အုပ်ချုပ်မှုဒါရိုက်တာ Mr. TAKAHASHI က ခန္ဓာကိုယ်မသန်စွမ်းသူများအတွက် ရည်ရွယ်လှူဒါန်းရခြင်းဖြစ်ကြောင်းကို ရှင်းလင်းပြောကြားကာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်ထံ မော်တော်ယာဉ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများနှင့် ကားသော့ကို လွှဲပြောင်းပေးအပ်လှူဒါန်းရာ ညွှန်ကြားရေးမှူးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ **(အောက်ပုံ)**

**ပြောကြား**

လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်က (၇)ကြိမ်မြောက် အရှေ့တောင်အာရှ မသန်စွမ်းအားကစားပြိုင်ပွဲတွင် လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသင်တန်းကျောင်းများမှ မသန်စွမ်းအားကစားသမားများ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ရာ ယခုလှူဒါန်းသော မော်တော်ယာဉ်မှာ ဘေးပေါက်အဖွင့် အတက်အဆင်းနှင့် နောက်ပေါက် အဖွင့်ပါရှိသော လူ ၂၆ ယောက် ထိုင်ခုံပါပြီး မသန်စွမ်းသူများအတွက် အထူးထိုင်ခုံများ တပ်ဆင်ထားသည်။ နောက်ဘက်အပေါက်တွင် ဘီးတပ်ကုလားထိုင်နှင့် အတက်အဆင်းတိုက်ရိုက်ပြုလုပ်နိုင်ရန် မော်တာတပ်ဆင်ထားသော လှေကားပါရှိသည်။



ယခုလှူဒါန်းသော မော်တော်ယာဉ်ကို အထောက်အကူပြုအသုံးပြုနိုင်မည်ဖြစ်၍ အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

မြန်မာငွေကျပ် သိန်း ၂၃၀ ဝန်းကျင်တန်ဖိုးရှိသည်ဟု သိရသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

# (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ နေပြည်တော်တွင်ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၉**

(၇)ကြိမ်မြောက် အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲကြီးကို မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် နေပြည်တော်တွင် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၁ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"ဆီးဂိမ်းပြိုင်ပွဲကြီး ပြီးတာနဲ့ ပါရာဂိမ်းပြိုင်ပွဲကို ဆက်ပြီးကျင်းပတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ (၂၆)ကြိမ်မြောက် ဆီးဂိမ်းကို အင်ဒိုနီးရှားမှာ ကျင်းပပြီး (၆) ကြိမ်မြောက် ပါရာဂိမ်းကိုလည်း အင်ဒိုနီးရှားမှာပဲ ကျင်းပခဲ့ပါတယ်။ ဒီလိုပဲ (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကြီးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမှာဖြစ်ပြီး (၇)ကြိမ်မြောက် ပါရာဂိမ်းပြိုင်ပွဲကိုလည်း မြန်မာနိုင်ငံကပဲ အိမ်ရှင်အဖြစ် လက်ခံကျင်းပရတာ ဖြစ်ပါတယ်။ (၆)ကြိမ်မြောက် ပါရာဂိမ်းရဲ့ စံချိန်တွေရယ် ၊ (၂၅)ကြိမ်မြောက် မြန်မာနိုင်ငံ မသန်စွမ်းအားကစားပြိုင်ပွဲကြီးရဲ့ အတွေ့အကြုံတွေကြောင့် (၇)ကြိမ်မြောက် ပါရာဂိမ်းမှာ အောင်မြင်မှုတွေ ရရှိမှာဖြစ်ပါတယ်။ ရွေးချယ်ထားတဲ့ မသန်စွမ်းအားကစားသမားတွေကို ယခုနှစ် ဇန်နဝါရီကတည်းက မြောက်ဒဂုံမြို့နယ်မှာ စခန်းသွင်းလေ့ကျင့်ပေးထားပါတယ်။ လန်ဒန်အိုလံပစ် ပြိုင်ပွဲမှာလည်း မြန်မာ မသန်စွမ်းအားကစားအဖွဲ့က ရေကူးနဲ့ ပြေးခုန်ပစ်ပြိုင်ပွဲတွေ သွားရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ နိုင်ငံတကာက လာရောက်ယှဉ်ပြိုင်တဲ့ မသန်စွမ်း အားကစားသမားတွေ အားလုံး အဆင်ပြေစေဖို့ နေပြည်တော်မှာ ဆောင်ရွက်ပေးထားပါတယ်။ မသန်စွမ်းသူတွေအနေနဲ့ သူတို့လည်း တိုင်းပြည်အတွက် လုပ်နိုင်တယ်။ စိတ်ဓာတ်တွေလည်း မြင့်မားလာအောင်၊ ကိုယ်ခန္ဓာတွေလည်း သန်စွမ်းလာအောင် ယခုလို မသန်စွမ်းအားကစားပြိုင်ပွဲ ပါရာဂိမ်းပြိုင်ပွဲတွေကို ကျင်းပပြုလုပ်ပေးတာဖြစ်ပါတယ်"လို့ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမျိုးမြင့်၏ ပြောကြားချက်အရ သိရသည်။

(၇)ကြိမ်မြောက် အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲကို အာဆီယံ (၁၀)နိုင်ငံမှ မသန်စွမ်းအားကစားသမားများ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံမှ အားကစားနည်း (၁၂) မျိုးကို မသန်စွမ်းအားကစားသမား ၂၀၀ ကျော် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**နန္ဒာဆွေ**

**ပြည်တွင်းသတင်း**

# နိုင်ငံခြားသားသတင်းထောက်အဖွဲ့ မြန်မာ့မီးရထား ခရီးသွားဝန်ဆောင်မှု လေ့လာရိုက်ကူး



**ရမည်းသင်း ဒီဇင်ဘာ ၉**

ဒီဇင်ဘာ ၇ ရက်က ရန်ကုန်မှ စတင်ထွက်ခွာလာသော အမှတ် (၁၁) အဆန် လူစီးရထားပေါ်တွင် ဂျာမနီနိုင်ငံမှ Alexamder Schweitzer @ SWR.de SWR.de အဖွဲ့မှ မြန်မာနိုင်ငံ မီးရထားစီးသူများ ခရီးသွားဝန်ဆောင်မှုကို ခေတ်စနစ်ပြောင်းလဲလာသောကာလ တိုးတက်လာမှု ရှိမရှိသိလိုသောကြောင့် ရန်ကုန်မှ စတင် ထွက်ခွာလာချိန်ကစ၍ တစ်တွဲချင်း ခရီးသည်များထံ သိလိုသည်များ မေးမြန်းခြင်း၊ ပြန်လည်ဖြေကြားခြင်း အစီအစဉ်များကို ဗီဒီယိုမှတ်တမ်းတင် ရိုက်ကူးကြကြောင်း တွေ့မြင်ရသည်။ **(ယာပုံ)** အထက်တန်းတွဲမှ ခရီးသည်တစ်ဦးအား မေးမြန်းရိုက်ကူးရာ မြန်မာ့မီးရထားကို အမြဲတမ်းစီးဖြစ်သလား၊ ဘာကြောင့်စီးရတာလဲ၊ ဘာများအခက်အခဲရှိသလဲ၊ ရထားလမ်းပိုင်းများ ယခင်ကနှင့်စာလျှင် ကောင်းမွန်လာသလား၊ ပိုဆိုးသွားသလား။ ဘာများ အခက်အခဲရှိပါသလဲ၊ ဝန်ထမ်းများ၏ ဝန်ဆောင်မှု အဆင်ပြေသလား စသော အချက်များကို မြန်မာစကားပြန်မှတစ်ဆင့် မေးမြန်းရိုက်ကူးကြောင်းသိရသည်။ ၎င်းအဖွဲ့သည် သာစည်ဘူတာတွင်ဆင်း၍ ညောင်ရွှေမြို့ အင်းလေးဘုရားကို သွားရောက်ဖူးမြော်လေ့လာပြီး မန္တလေး-မြစ်ကြီးနား မြန်မာ့မီးရထား ခရီးစဉ်ကို ဆက်လက်သွားရောက် လေ့လာမည်ဖြစ်ကြောင်းနှင့် ဂျာမနီနိုင်ငံမှ လာရောက်လေ့လာ ရိုက်ကူးကြကြောင်း မြန်မာစကားပြန် ကိုတင်ထွန်းအောင်က ရှင်းပြသည်။

**တင်ဦး(ရမည်းသင်း)**

# ရေဝတီမြစ်ရေတိုက်စားမှုကြောင့် နေအိမ်များ ပျက်စီး

**နေပြည်တော် ဒီဇင်ဘာ ၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့ အမှတ်(၃)နဝဒေးရပ်ကွက် ကမ်းနားလမ်းဘေးရှိ နေအိမ်များကို နိုဝင်ဘာ ၁၇ ရက် ည ၈ နာရီက ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုဖြစ်ပေါ်ကာ အိမ်ခြေငါးလုံး ပျက်စီးဆုံးရှုံးမှု ဖြစ်ပွားခဲ့ရကြောင်း သိရသည်။ **(အောက်ပုံ)**

**တင်ပြထား**

ထိုသို့ ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် ကမ်းနားလမ်းဘေးတွင်ရှိသော ဦးခင်စိန်၊ ဦးအောင်ဆွေ၊ ဦးဇော်ဝင်း၊ ဦးဖိုးနိုင်၊ ဦးဝင်းနိုင်တို့၏နေအိမ်ငါးလုံး ပျက်စီးသွားခဲ့ပြီး လတ်တလောအနေဖြင့် အလုပ်သမားရိပ်သာသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိရာ ပျက်စီးဆုံးရှုံးမှုနှင့် ပတ်သက်၍ ဖြစ်စဉ် အနေအထားကို "ကျွန်တော်တို့အနေနဲ့ မြစ်ရေတိုက်စားပြီး နေအိမ်ပျက်စီးဆုံးရှုံးမှုကို ရပ်မိရပ်ဖ၊ မြို့မိ မြို့ဖများနဲ့ အုပ်ချုပ်ရေးအာဏာပိုင်တွေဆီကို နိုဝင်ဘာ ၁၈ ရက်မှာ တင်ပြထားပါတယ်" ဟု ဒေသခံ အိုးအိမ်ပျက်စီးဆုံးရှုံးသူများက ရှင်းပြသည်။

**ပြုလုပ်ပေး**

ကံမမြို့ အမှတ်(၃) နဝဒေးရပ်ကွက် ကမ်းနားလမ်းရှိ ဧရာဝတီမြစ်ရေသည် တဖြည်းဖြည်း ရေတိုက်စားသည့်အတွက် ကမ်းပါးများမှ မြေသားများသည် တစ်နေ့ထက်တစ်နေ့ ပြိုကျလျက်ရှိရာ မြစ်ကမ်းပါးနေသူများ နေ့ရော ညပါ စိုးရိမ်နေကြသောကြောင့် သက်ဆိုင်ရာအနေဖြင့် စီစဉ်မှုများ ပြုလုပ်ပေးနိုင်ရန် ဒေသခံများကလိုလားနေကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**









**သန်လျင်အမိုးနီသုသာန် စတင်အသုံးပြုခြင်း ရေစက်ချပွဲ ဖိတ်ကြားလွှာ**

သန်လျင်မြို့နယ်၊ အမိုးနီသုသာန် စတင်အသုံးပြုခြင်း အထိမ်းအမှတ်အဖြစ် ၁၁-၁၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆း၀၀ နာရီတွင် ယင်းသုသာန်ခန်းမဆောင်၌ ပရိတ်တရားတော်များနာယူ၍ ရေစက်ချအခမ်းအနား ကျင်းပမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ အလှူရှင်များ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**(သီးခြားဖိတ်စာပေးပို့ခြင်းမပြုပါ)**

ဖြစ်မြောက်ရေးအဖွဲ့



**အားကစားမြင့်တင်**

**စိတ်လန်းရွှင်**

**ဆန့်ကျင်မူးယစ်ဆေး**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ



ဆီးဂိမ်းပွဲတော်ကြီးတွင် ဟော်ကီပြိုင်ပွဲကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ ခေတ်မီဟော်ကီအားကစားကွင်းကြီး၌ ကျင်းပမည်ဖြစ်သည်။ လာဘ်ကောင်အရုပ်ကလေးများပါဝင်သော (၂၇)ကြိမ်မြောက် ဆီးဂိမ်းကို ကြိုဆိုပါ၏ဆိုသည့် လှုံ့ဆော်ရေးလမ်းဖြတ်ပိုစတာကြီးများကိုလည်း မင်္ဂလာတောင်ညွန့်မြို့နယ် နေရာအနှံ့ ချိတ်ဆွဲထားကြသည်။ အထက်ပန်းဆိုးတန်းလမ်း(အပေါ်ပုံ)နှင့် ကန်တော်ကြီးကန်ပတ်လမ်းတစ်လျှောက် ဆီးဂိမ်းလှုံ့ဆော်ရေးလမ်းဖြတ်ပိုစတာများ ချိတ်ဆွဲထားသည်ကို ဒီဇင်ဘာ ၅ ရက်က တွေ့ရစဉ်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

# လယ်ဝေးမြို့နယ်အတွင်း ရေနစ်မြုပ်ခဲ့သည့် လယ်ယာမြေများအတွက် သီးနှံမျိုးစေ့များ ထောက်ပံ့ပေးအပ်



**လယ်ဝေး ဒီဇင်ဘာ ၉**

နေပြည်တော်ကောင်စီ နယ်မြေဒက္ခိဏခရိုင် လယ်ဝေးမြို့နယ်တွင် အောက်တိုဘာလအတွင်း ရေနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ကျေးရွာကိုးရွာရှိ လယ်ယာမြေများအတွက် နိုင်ငံတော်မှ သီးနှံမျိုးစေ့များ ထောက်ပံ့ပေးအပ်သည့်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ဟေမာန်ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် (လယ်ဝေးမြို့နယ်တာဝန်ခံ) ဦးမြင့်ဆွေက ယခုကဲ့သို့ နိုင်ငံတော်မှ ရေကြီးနစ်မြုပ်သည့် လယ်ယာမြေများအတွက်သီးနှံမျိုးစေ့များ ထောက်ပံ့ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။ ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေနှင့်ဒက္ခိဏခရိုင် အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦးတို့က ရေနစ်မြုပ်သည့် ကျေးရွာကိုးရွာမှ တောင်သူများ၏ လယ်ယာမြေ ဧက ၂၂၉၀ အတွက် ငွေကျပ် ၆၄၉၆၇၀၀၀ တန်ဖိုးရှိ သီးနှံမျိုးစေ့များအား ထောက်ပံ့ပေးအပ်ခဲ့သည်။

**ကြည့်ရှုအားပေးခဲ့**

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေသည် လယ်ဝေးမြို့နယ်ရှိ ကျေးရွာများတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အခြေခံအချက်အလက်များ ကွင်းဆင်းစာရင်းကောက်ယူရေးအဖွဲ့ (Mobile Team) အဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**သတိပေး နှိုးဆော်ချက်**

နေပြည်တော်ကောင်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဦးထုပ်မဆောင်းခြင်း၊ နှစ်ဦးအထက် စီးနင်းခြင်းများကြောင့် ယာဉ်မတော်တဆမှုများဖြစ်ပွားရာတွင် သေဆုံးကြရသည်ကို စိစစ်တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ဆောင်းလျှင် မေးသိုင်းကြိုးခိုင်ခံ့စွာတပ်ဆင်ရန်နှင့် နှစ်ဦးထက်ပိုမစီးကြရန် သတိပေးနှိုးဆော်အပ်ပါသည်။ **နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးကြမည့် ဧည့်သည်တော်များအတွက် စုရပ်နေရာများနှင့် ယာဉ်ထွက်ချိန်များ သတ်မှတ်ကြေညာခြင်း

၁။ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ၁၁-၁၂-၂၀၁၃ ရက်နေ့တွင်လည်းကောင်း၊ ပိတ်ပွဲအခမ်းအနားကို ၂၂-၁၂-၂၀၁၃ ရက်နေ့တွင်လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်သည်။

၂။ အဆိုပါအခမ်းအနားသို့ တက်ရောက်ကြရမည့် ဧည့်သည်တော်များ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်း သတ်မှတ်ထိုင်ခုံနေရာများသို့ လုံခြုံလွယ်ကူလျင်မြန်ချောမွေ့စွာဖြင့် ကွင်းအတွင်းသတ်မှတ် နေရာများသို့ အချိန်မီရောက်ရှိနေရာယူနိုင်စေရေးနှင့် လမ်းတစ်လျှောက်ယာဉ်ကြောပိတ်ဆို့ကျပ်တည်းမှု အခက်အခဲမဖြစ်ပေါ်စေရေးတို့အတွက် အောက်ဖော်ပြပါစုရပ်နေရာများမှ ပူးတွဲဖော်ပြပါအချိန်များအတိုင်း အထူးစုပေါင်းဘတ်စ်ကားကြီးများဖြင့် သယ်ယူပို့ဆောင်ပေးသွားရန် စီစဉ်ထားရှိပါသည်။

| စုရပ် | ဧည့်သည်တော်အမျိုးအစား | စုရပ်နေရာ | စတင်ထွက်ခွာချိန် | နောက်ဆုံးထွက်ခွာချိန် |
|---|---|---|---|---|
| အုပ်စု (၁) | VIP-3(ကမ္ဘာ/အာရှ/အာဆီယံ/NOC ဥက္ကဋ္ဌများ / Technical Delegate များ၊ ဆေးပညာရှင်ဧည့်သည်များ) | သင်္ဂဟဟိုတယ် Ballroom | ၁၄း၀၀ <br> ။ | ၁၆း၃၀ <br> ။ |
| | သံတမန်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများ | သင်္ဂဟဟိုတယ် | ။ | ။ |
| | နိုင်ငံတကာအဖွဲ့အစည်းများနှင့်သံရုံးဝန်ထမ်းများ | သင်္ဂဟဟိုတယ် | ။ | ။ |
| | NOC၏ ပြည်ပဧည့်သည်များ | သင်္ဂဟဟိုတယ် | ။ | ။ |
| အုပ်စု (၂) | လွှတ်တော်ကိုယ်စားလှယ်များ | လွှတ်တော် | ။ | ။ |
| အုပ်စု (၃) | အနုပညာရှင်များ | ယဉ်ကျေးမှုအမှတ် (၇) တည်းခိုရေးစခန်း | ။ | ၁၆း၃၀ |
| အုပ်စု (၄) | မီဒီယာများ | မဏိရတနာ ကျောက်စိမ်းခန်းမ | ၁၄း၀၀ <br> ။ | ၁၅း၃၀ <br> ။ |
| အုပ်စု (၅) | NOC၊ MOCအဖွဲ့ချုပ်ဥက္ကဋ္ဌများ | MICC | ။ | ။ |
| | ပြည်တွင်း NGO များ | MICC | ။ | ။ |
| | နိုင်ငံရေးပါတီများ | MICC | ။ | ။ |
| | အမ်းဒေသမှ လှေလှော်ရေးအဖွဲ့ဝင်များ | MICC | ။ | ။ |
| | NOC ၏ ပြည်တွင်းဧည့်သည်များ | MICC | ။ | ။ |
| အုပ်စု (၆) | ဝန်ကြီးဌာနများနှင့်လုပ်ငန်းဆက်နွှယ်သောဧည့်သည်တော်များ | ဇမ္ဗူသီရိ၊ အထက(၁၀) | ။ | ။ |
| | Sponsor နှင့်လုပ်ငန်းရှင်များ | ဇမ္ဗူသီရိ၊ အထက(၉) | ။ | ။ |
| အုပ်စု (၇) | ပြည်တွင်းလက်မှတ်ရောင်း | နေပြည်တော် သပြေကုန်း/မောခမ်းနွံအနီး | ။ | ။ |
| အုပ်စု (၈) | ပြည်ပလက်မှတ်ရောင်း | ဇမ္ဗူသီရိ၊ အထက(၁၁)အနီး | ။ | ။ |

မှတ်ချက်။ (၁) အခမ်းအနားပြီးဆုံးပါက မိမိယာဉ်ရပ်နေရာသို့ ပြန်လည်ထွက်ခွာပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါသည်။

(၂) အုပ်စု (၇)စုရပ်မှ ပြည်တွင်းလက်မှတ်ဝယ်ယူထားသူများအတွက် နေပြည်တော်၊ သပြေကုန်း/မောခမ်းနွံအနီးမှ တစ်ဦးလျှင် မော်တော်ယာဉ်လက်မှတ်ခ ၅၀၀ ကျပ်ဖြင့်လည်းကောင်း၊ အုပ်စု(၈)စုရပ်မှ ပြည်ပလက်မှတ်ဝယ်ယူထားသူများအတွက် အထက(၁၁)အနီးမှ တစ်ဦးလျှင် မော်တော်ယာဉ်လက်မှတ်ခ ၂၀၀ ကျပ်ဖြင့်လည်းကောင်း နေပြည်တော်စည်ပင်သာယာရေး ကော်မတီမှ မော်တော်ယာဉ်များ စီစဉ်ထားရှိမှုအား သိရှိနိုင်ပါရန် လေးစားစွာ အသိပေးပန်ကြားအပ်ပါသည်။

၃။ သို့ဖြစ်ပါသဖြင့် ဧည့်သည်တော်ကြီးများအနေဖြင့် အထက်ဖော်ပြပါစုရပ်များမှ ဝဏ္ဏသိဒ္ဓိအားကစားပြိုင် ကွင်းသို့ သယ်ယူပို့ဆောင်ပေးမည့်အစီအစဉ်အား သိရှိနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

**ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ**

**ကျေးဇူးတင်လွှာ**

ကျွန်တော်၊ ကျွန်မတို့၏ မြေးဦးရတနာ၊ သားဦးရတနာလေးကို ၉-၁၂-၂၀၁၃ ရက်( တနင်္လာနေ့ )တွင် ရန်ကုန်မြို့ ဗိတိုရိယဆေးရုံကြီး ၌ အောင်မြင်ကျန်းမာစွာဖြင့် မွေးဖွားပေးခဲ့သော သားဖွားနှင့်မီးယပ် အထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာ ဦးသိန်းမြင့်သူ၊ ကလေးအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဒေါ်မြမြအုန်း၊ မေ့ဆေးပါရဂူ ပါမောက္ခ ဒေါက်တာဒေါ်မေသိန်းတိုးနှင့် ဗိတိုရိယဆေးရုံကြီးမှ ဆရာဝန်၊ ဆရာမများ၊ တာဝန်ရှိဝန်ထမ်းများ၊ ဗိတိုရိယမိသားစုများအားလုံးကို အထူးပင်လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

နှစ်ခြိုက်သော ဘိုးဘိုး၊ ဘွားဘွားများနှင့်

ဖေဖေ-ဉာဏ်ဆန်းဆင့်၊ မေမေ-ခင်လှမြင့်

နိုင်ငံတကာအားကစားသတင်း

## ချန်ပီယံလိဂ်ပွဲစဉ်နှင့် ဂိုးရလဒ်များ (သီဟ)

| ချန်ပီယံလိဂ် အုပ်စုပွဲစဉ်-၆ | | ဒီဇင်ဘာ ၁၁ | |
|---|---|---|---|
| မန်ယူ | - | ရှက်တာဒိုးနက်စ် | နံနက် ၂း၁၅ |
| ဆိုစီဒက် | - | လေဗာကူဆင် | နံနက် ၂း၁၅ |
| ဂါလာတာစာရေး | - | ဂျူဗင်တပ်စ် | နံနက် ၂း၁၅ |
| ကိုပင်ဟေဂင် | - | ရီးရဲမက်ဒရစ် | နံနက် ၂း၁၅ |
| ဘင်ဖီကာ | - | ပီအက်စ်ဂျီ | နံနက် ၂း၁၅ |
| အိုလံပီယာကော့စ် | - | အန်ဒါလက်ချ် | နံနက် ၂း၁၅ |
| ဘိုင်ယန်မြူးနစ် | - | မန်စီးတီး | နံနက် ၂း၁၅ |
| ပါလ်ဇန် | - | CSKAမော်စကို | နံနက် ၂း၁၅ |

### ဒီဇင်ဘာ ၈/၉ ဘောလုံးပွဲရလဒ်များ

| | | |
|---|---|---|
| ဖူလ်ဟမ် | ၂-၀ | အက်စ်တွန်ဗီလာ |
| အာဆင်နယ် | ၁-၁ | အဲဗာတန် |
| ဖရိုင်းဘတ် | ၀-၃ | ဝုဖ်ဘတ် |
| ရိုးမား | ၂-၁ | ဖီအိုရင်တီးနား |

# အိမ်ကွင်းမှာ ရင်မောရဦးမယ့် ချယ်လ်ဆီး

**မိုးမြင့်လင်းလက်**

**ချန်ပီယံလိဂ် ပွဲစဉ်တွေကို ဒီဇင်ဘာ ၁၂ ရက်မှာ ဆက်လက်ယှဉ်ပြိုင်မှာဖြစ်တာကြောင့် အိမ်ကွင်းမှာ ဧည့်ခံကစားရမယ့်အသင်းကြီးတွေ မျှော်လင့်ချက်ပြည့်ဝနိုင်ပြီး အဝေးကွင်းတွေမှာ သွားရောက်ရင်ဆိုင်ရမယ့် အသင်းတွေအတွက်တော့ တက်ကုန်ရှုက်ကုန်လွှင့်ရမယ့် အခြေအနေဖြစ်နေပါတယ်။**

**ချယ်လ်ဆီးနှင့် စတူအာဘူခါရက်**

ချန်ပီယံလိဂ်ဖလားကို ရည်မှန်းချက်ထားနေတဲ့ ချယ်လ်ဆီးဟာ ဒီပွဲမှာ ပြတ်သားတဲ့ရလဒ်ထွက်ရှိအောင် နည်းပြမော်ရင်ဟို ပုံဖော်ပါလိမ့်မယ်။ မဖြစ်မနေနိုင်ပွဲရလဒ်ကို သိမ်းပိုက်ဖို့အတွက် မော်ရင်ဟိုဟာ အကောင်းဆုံး လူအခင်းအကျင်းနဲ့ ပွဲထွက်ဖို့ ပြင်ဆင်မှာသေချာပါတယ်။ ပွဲပန်းနေတဲ့ ချယ်လ်ဆီးကစားသမားတွေရဲ့ ညှစ်အား၊ ရှန်းအားကောင်းရင်တော့ ဧည့်သည်တို့အတွက် အမှတ်ရဖို့ ခက်ခဲပါလိမ့်မယ်။ ချယ်လ်ဆီးတို့ ကစားအားကျဆင်းနေမှုကို နည်းပြမော်ရင်ဟို ပြောင်းလဲနိုင်ရင်တော့ အနိုင်ဆိုတာ အိမ်ရှင်အတွက်လို့ မျှော်မှန်းရမှာပါ။

**နာပိုလီနှင့် အာဆင်နယ်**

ခြေစွမ်းပြရင် ထိန်းချုပ်ရခက်ခဲတဲ့ နာပိုလီကို အာဆင်နယ်တို့ အဝေးကွင်းမှာ ပင်ပန်းကြီးစွာ ရင်ဆိုင်ရဖို့ ရှိနေပါတယ်။ အာဆင်နယ်ဟာ အသင်းလိုက် စုစည်းမှုအင်အားနဲ့ စွမ်းဆောင်ရည် ကောင်းမွန်နေတာမို့ အိမ်ရှင်တို့အတွက်လည်း ပွဲမချောင်ပါဘူး။ ဒါပေမယ့် နာပိုလီဟာ ချန်ပီယံလိဂ်ပွဲစဉ်တွေမှာ အသင်းကြီးတွေကို ခြေရည်တူကစားနိုင်တာမို့ အာဆင်နယ်ရဲ့ သံစဉ်တွေ ကမောက်ကမ ဖြစ်သွားနိုင်ပါတယ်။ အကြိုက်က အာဆင်နယ်ဖြစ်ပေမယ့် အိမ်ရှင်ကိုလည်း မေ့ထားလို့ မဖြစ်ပါဘူး။

**ဘာစီလိုနာနှင့် ဆဲလ်တစ်**

လူမစုံပေမယ့် ဘာစီလိုနာတို့ ဆဲလ်တစ်ကို အနိုင်ကစားမယ့်ပွဲပါပဲ။ ဘာစီလိုနာဟာ အိမ်ကွင်းမှာ ပြိုင်ဘက်တိုင်းကို မျက်နှာသာမပေးတတ်တာမို့ အနိုင်သုံးမှတ်ဟာ သူ့အတွက် အပိုင်သိမ်းပိုက်ဖို့ ကြိုးစားပါလိမ့်မယ်။ ကွင်းလယ်နဲ့ တိုက်စစ်ပိုင်း အားသာချက်ရှိနေတဲ့ အိမ်ရှင်ဟာ ဆဲလ်တစ်ကို အောင်မြင်မှုဆိုတာ မျှဝေပေးမှာမဟုတ်ပါဘူး။

**မာဆေးနှင့် ဒေါ့မွန်**

အဝေးကွင်းရလဒ်တွေ ကောင်းအောင် ကြိုးစားနေတဲ့ ဒေါ့မွန်ဟာ အခုပွဲ မာဆေးကွင်းမှာ ပွဲကျပ်အဖြစ် ရင်ဆိုင်ရဖို့ရှိနေပါတယ်။

မာဆေးဟာ ခြေစွမ်းအတက်အကျရှိပေမယ့် အိမ်ကွင်းမှာ ရှန်းကန်အားကောင်းတာမို့ ဒေါ့မွန်တို့အဓိက ပွဲထွက်ကစားသမားတွေ စုံစုံလင်လင်နဲ့ ပွဲထွက်ပါမှ အခြေအနေကောင်းကို မျှော်လင့်နိုင်ပါတယ်။



## ဘိုင်ယန်မြူးနစ်ပွဲပေါင်း ၄၀ ရှုံးပွဲမရှိ

ဘွန်ဒက်စ်လီဂါတွင် ဦးဆောင်နေသော ဘိုင်ယန်မြူးနစ်အသင်းသည် ဝါဒါဘရီမင်အသင်းနှင့် ကစားရာတွင် ခုနစ်ဂိုးပြတ်အနိုင်ရလိုက်သည်။ ဒီဇင်ဘာ ၈ ရက်က ယှဉ်ပြိုင်ကစားခဲ့သော အဆိုပါပွဲတွင် ဘိုင်ယန်မြူးနစ်က ဝါဒါဘရီမင်ကို အနိုင်ရခဲ့မှုမှာ ပွဲပေါင်း ၄၀ ရှုံးပွဲမရှိ စံချိန်တင်ခဲ့ခြင်းဖြစ်သည်။ ဘိုင်ယန်မြူးနစ်တို့ လူကီမြာ၏ ကိုယ့်ဂိုးကိုယ် ပြန်သွင်းမှုနှင့် ဘိုင်တန်း၊ ရီဘာရီတို့၏ ဂိုးများဖြင့် ပထမပိုင်းတွင် ဦးဆောင်ကစားခဲ့သည်။

ဒုတိယပိုင်းတွင် ဘိုင်ယန်မြူးနစ်က လေးဂိုးထပ်မံ သွင်းယူခဲ့ပြန်သဖြင့် ဘိုင်ယန်မြူးနစ်တို့ ခုနစ်ဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။ ဘိုင်ယန်မြူးနစ်တွင် ရော်ဘင်မပါသော်လည်း အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သည်။ ရော်ဘင်သည် ဒဏ်ရာရထားသဖြင့် ခြောက်ပတ်ကြာ အနားယူလျက်ရှိသည်။

## တိုက်ဂါးဝုဒ် ဦးဆောင်

ကမ္ဘာကျော်ဂေါက်သီးအားကစားသမားတိုက်ဂါးဝုဒ်သည် ကယ်လီဖိုးနီးယား၌ ကျင်းပသော World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီး နှစ်ချက်အသာဖြင့် ဦးဆောင်ကစားနိုင်ခဲ့သည်။

ကမ္ဘာ့နံပါတ်တစ် ဂေါက်သီးကစားသမား တိုက်ဂါးဝုဒ်သည် နောက်ဆုံးသုံးကျင်းတွင် ဘာဒီနှစ်ကြိမ်ရလိုက်၍ နှစ်ချက်အသာဖြင့် ဦးဆောင်ကစားနိုင်ခဲ့သည်။ အမေရိကန် ဂေါက်သီးကစားသမား တိုက်ဂါးဝုဒ် ရှားဝုဒ်ကန်းထရီးဂေါက်ကလပ်၌ ယှဉ်ပြိုင်ကစားသည့် အဆိုပါပြိုင်ပွဲတွင် တတိယနေ့ပြိုင်ပွဲအပြီး ၁၁ ချက် လျှော့ရိုက်ထားနိုင်ခဲ့သည်။

အမေရိကန်မှ ဇွန်ဆင်သည် ၁၈ ကျင်းမြောက်တွင် ၂၄ ပေအကွာမှ ဘာဒီရအောင်ကစားနိုင်၍ ဒုတိယနေရာမှ လိုက်နိုင်ခဲ့သည်။

ကောင်းမြတ်သူ-စုစည်းသည်


## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

လွှယ်ဟိန်းကော့မူဏီလီမိတက်သည် BLUE MOUNTAIN (မှတ်ပုံတင်အမှတ်- ...) ကုန်အမှတ်တံဆိပ်ကို ...

| | |
|---|---|
| BLUE MOUNTAIN Cola | (မှတ်ပုံတင်အမှတ်-၄/၁၃၀၈၃/၂၀၁၃) |
| BLUE MOUNTAIN Passion | (မှတ်ပုံတင်အမှတ်-၄/၁၃၀၈၄/၂၀၁၃) |
| BLUE MOUNTAIN Fruito | (မှတ်ပုံတင်အမှတ်-၄/၁၃၀၈၅/၂၀၁၃) |
| BLUE MOUNTAIN Sparkling | (မှတ်ပုံတင်အမှတ်-၄/၁၃၀၈၆/၂၀၁၃) |
| BLUE MOUNTAIN Lychee | (မှတ်ပုံတင်အမှတ်-၄/၁၃၀၈၇/၂၀၁၃) |
| BLUE MOUNTAIN Orange | (မှတ်ပုံတင်အမှတ်-၄/၁၃၀၈၈/၂၀၁၃) |
| BLUE MOUNTAIN Cream Soda | (မှတ်ပုံတင်အမှတ်-၄/၁၃၀၉၀/၂၀၁၃) |
| BLUE MOUNTAIN Club Soda | (မှတ်ပုံတင်အမှတ်-၄/၁၃၀၉၁/၂၀၁၃) |

[illegible]

လွှယ်ဟိန်းကော့မူဏီလီမိတက်၏ လွှဲအပ်သူ့ရှေ့နေ-
ဦးအောင်ကျော်ထွန်း LL.B., LL.M.
[illegible]


## နှစ်(၈၀)ပြည့် မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ကျေးဇူးရှင်ဖခင်ကြီး ဦးအောင်သာလှ (အောင်သာလှ-စက်မှုလက်မှုလုပ်ငန်း-စစ်တွေ)၏ နတ်တော်လဆန်း ၁၀ ရက်တွင် ကျရောက်သော နှစ်(၈၀)ပြည့် မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သောမိသားစုနှင့်အတူ ကျန်းမာပျော်ရွှင်စွာဖြင့် အမျိုးဘာသာ၊ သာသနာအကျိုးကို ဆက်လက်သယ်ပိုးနိုင်ပါစေကြောင်း ဂါရဝပြုလျက် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

| | | |
|---|---|---|
| ချစ်ဇနီး | - | ဒေါ်ဟန်သာ |
| ချစ်သား၊ သမီးများ | - | ဒေါ်ခင်ညွန့်- ဦးအောင်လှထွန်း |
| | - | (Resident Correspondent-Reuters) |
| | - | ဒေါ်ခင်မြင့်ကြည်-(ဦးထွန်းစိန်) |
| | - | (အောင်အောင် စက်ပစ္စည်းအရောင်းဆိုင်-စစ်တွေ) |
| | - | ဒေါ်စန်းမြင့်-ဦးခင်မောင်နိုင် (အောင်သာလှ-စက်မှုလက်မှုလုပ်ငန်း-စစ်တွေ) |
| | - | ဒေါ်အောင်မျိုးမျိုးသန့်-ဦးမျိုးထွန်း |
| | - | (Executive Director-Victor Logistics Co., Ltd.) |
| ချစ်တူမ | - | ဒေါ်ညိုညိုသန်း၊ ဒေါ်ငွေ |
| ချစ်မြေးများ | - | နှင်းဦးခိုင်၊ နှင်းပွင့်ခိုင်၊ ဇံထွန်းနိုင်၊ ဒေါက်တာရဲလင်းထွန်း၊ အိန္ဒြေပြုံး၊ ကျော့ရည်ဟန်၊ ကျော်မြတ်နိုင်၊ အေးငြိမ်းဇံ၊ မြတ်နိုးခင်၊ ဉာဏ်ရဲထွန်း၊ အောင်ကိုခန့် |

## ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ မိုင်းယောင်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေး

**မိုင်းဖြတ် ဒီဇင်ဘာ ၉**

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်သည် ပြည်နယ်အစိုးရအဖွဲ့မှ စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းလှဝင်းနှင့်အတူ ဒီဇင်ဘာ ၅ ရက် ညနေ ၄ နာရီခွဲက မိုင်းယောင်းမြို့သို့ရောက်ရှိပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးကော်မတီဝင်များ၊ စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့်တွေ့ဆုံပွဲ အခမ်းအနားကို ဗလမင်းထင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ အခန်းကဏ္ဍများ၊ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းဆိုင်ရာများ၊ ဥပဒေပြုရေးစသည့် လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုနှင့် မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှာစကား ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ ပြည်နယ်စည်ပင်



သာယာရေးဝန်ကြီးက မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်ပင်သာယာရေးကော်မတီမှ ဆောင်ရွက်နေမှုအခြေအနေနှင့် ဘဏ္ဍာရေးနှစ်အလိုက် ခွင့်ပြုဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်ရန်လျာထားသည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)**

## အရန်သားဖွားသင်တန်းဆင်းပွဲနှင့် ဖွင့်ပွဲကျင်းပ

**ပင်းတယ ဒီဇင်ဘာ ၉**

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်အတွင်း၌ နေထိုင်လျက်ရှိကြသော ပြည်သူများ၏ ကျန်းမာရေးကို အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ၂၀၁၂-၂၀၁၃ အရန်သားဖွားသင်တန်း (တစ်နှစ်) ဆင်းပွဲနှင့် ၂၀၁၃-၂၀၁၄ခုနှစ် အရန်သားဖွားသင်တန်း(တစ်နှစ်) ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၄ ရက် နံနက် ၉ နာရီက ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ဦးထူးကိုကိုက အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန် ဒေါက်တာသန်းမင်းထွန်းက အရန်သားဖွားသင်တန်း ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ၂၀၁၂-၂၀၁၃ ခုနှစ် အရန်သားဖွားသင်တန်းတွင် သင်တန်းသူ ၂၇ ဦး တက်ရောက်ပြီး ထူးချွန်သင်တန်းသူများကို ဆေးသေတ္တာပုံးတစ်လုံးစီနှင့် သင်တန်းဆင်းလက်မှတ်များကို မြို့နယ်ဆရာဝန်ကြီးက ပေးအပ်သည်။

အဆိုပါ အခမ်းအနားတွင် ၂၀၁၃-၂၀၁၄ အရန်သားဖွားသင်တန်းတွင် ဝေးလံသည့် ကျေးရွာ ၂၇ ရွာမှ သင်တန်းသူ ၂၇ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ တစ်နှစ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **မိုးမိုးထွေး**

## စက်ရေတွင်းဖွင့်ပွဲ ကျင်းပ

**ပေါက် ဒီဇင်ဘာ ၉**

တစ်ကိုယ်ရေ သန့်ရှင်းရေး မဆောင်ရွက်နိုင်၍ ဝမ်းကိုက်၊ ဝမ်းပျက်ရောဂါအစရှိသည့် ရေမသန့်ရှင်းမှုတို့ကြောင့် ဖြစ်ပွားသောရောဂါများခံစားနေရပြီး လူမှုဒုက္ခများ ကြုံတွေ့နေရခြင်းတို့ကြောင့် မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ထောက်ရှာပင်ကျေးရွာ၌ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အေဝမ်းခြံလမ်းနေ အလှူရှင် ဦးသန့်ဇင်အောင်နှင့် ဒေါ်လေးငယ်မိသားစုက လှူဒါန်းသော စက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၅ ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးစောမြင့်ခိုင်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းမြိုင်နှင့် စက်ရေတွင်းအလှူရှင် ဦးသန့်ဇင်အောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

**ကုန်ကျ**

၎င်းစက်ရေတွင်းမှာ အနက်ပေ ၇၀၀၊ အချင်း လေးလက်မရှိပြီး စက်ကောင်ရေ ၃၂ ကောင်ဒိုင်နမို ၁၀ ကီလို ရေမြှုပ်ပန့်နှင့် အုတ်ကန် ဂါလန် ၅၀၀၀ ဆံ့ဖြစ်ပြီး စုစုပေါင်း ကုန်ကျငွေကျပ် သိန်း၁၈၀ ဖြစ်သည်။

**သုံးစွဲနိုင်**

အဆိုပါ ကျေးရွာတွင် စက်ရေတွင်း စတင်တူးဖော်ပေးခဲ့ရာ အိမ်ခြေ ၂၆၀၊ လူဦးရေ ၁၃၀၀ ကျော်တို့ ရေကို အလွယ်တကူသုံးစွဲနေရပြီဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

**ကျိုက်ထို ဒီဇင်ဘာ ၉**

ကျိုက်ထိုမြို့နယ် ကျိုက္ကသာကျေးရွာ ကော့စံရပ်၌ အလှူရှင် ဦးမျိုးကြွယ် (အမှုဆောင် အင်ဂျင်နီယာ မြန်မာ့ရေနံ) ဒေါက်တာအေမာသိန်းတို့က ကျောင်းနေကလေးများ အဝေးတွင် ပညာသင်ကြားမှုမရှိစေရန်နှင့် မိမိရပ်ရွာ၊ မိဘအုပ်ထိန်းသူများ မျက်စိအောက်တွင် ပညာသင်ကြားနိုင်ရန်ရည်ရွယ်၍ အလျား ၁၅ ပေ၊ အနံ ၁၅ ပေရှိ သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်း တစ်ထပ်ကျောင်းဆောင်ကို တန်ဖိုးငွေကျပ် သိန်း ၃၀ ကျော် အကုန်အကျခံပြီး ဆောက်လုပ်လှူဒါန်းပေးခဲ့သည်။

အဆိုပါ ကျောင်းဆောင်ကို ဒီဇင်ဘာ ၆ ရက် နံနက် ၁၀ နာရီက ကျိုက်ထိုမြို့နယ် လက်ထောက်ပညာရေးမှူး ဦးခင်မောင်ရီနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ကျင်ထွေးတို့ထံ အလှူရှင်မိသားစုက ကျောင်းနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများကိုလွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**လူကိုလူချင်းကုန်ကူးမှု ပတ်ဝန်းကျင်တွင် ဂရုပြု**

**ပြည်တွင်းသတင်းနှင့် ဆောင်းပါး**

## သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ ပညာပေးဟောပြော

**နေပြည်တော် ဒီဇင်ဘာ ၉**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ဘုရားတောင်ကျေးရွာအုပ်စု ဘုရားတောင်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဒီဇင်ဘာ ၅ ရက် နံနက် ၁၀ နာရီက လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ အသိပညာပေးဟောပြောခြင်းနှင့် ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးလုပ်ငန်းများ ဟောပြောပွဲကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် ဥတ္တရသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စိုးစန္ဒာဝိုင်းက ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ ပြည်သူများကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး ပြည်သူ့အကျိုးပြု သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများတွင် ပြည်သူအားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရေးနှင့် ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး၊ စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတပြည့်ဝစေရေးတို့ကို ရှင်းလင်းဟောပြောဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

\- - - - - - - - -

## သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ ရှင်းလင်းဟောပြော

**မုံးကိုး ဒီဇင်ဘာ ၉**

မူဆယ်ခရိုင် မုံးကိုးမြို့နယ်ခွဲတွင် ၂၀၁၄ ခုနှစ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အောင်မြင်စွာဆောင်ရွက်နိုင်ရေးနှင့် ပြည်သူများ သန်းခေါင်စာရင်းနှင့်ပတ်သက်၍ အကျယ်တဝင့် သိရှိစေရန် အသိပညာပေးရှင်းလင်းဟောပြောပွဲကို ဒီဇင်ဘာ ၄ ရက် နံနက် ၁၁ နာရီက မုံးကိုးမြို့နယ်ခွဲ ဟေမိုးလုံကျေးရွာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ခွဲ သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းဦးက ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ခွဲဦးစီးဌာနမှူး ဦးတင်ကိုကိုဝင်းက သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းဟောပြောခဲ့ပြီး သိရှိလိုသည့်မေးခွန်းများကို ပြန်လည်ဖြေကြားခဲ့သည်။

အခမ်းအနားကို ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျေးရွာပြည်သူများနှင့် ရပ်ကွက်/ကျေးရွာ သန်းခေါင်စာရင်းကော်မတီဝင်များ တက်ရောက်ကြကြောင်း သိရသည်။ **အယ်လ်စိုး**(iprd)

\- - - - - - - - -

## သန်းခေါင်စာရင်းဆိုင်ရာ ပညာပေးဟောပြော

**ကြာအင်းဆိပ်ကြီး ဒီဇင်ဘာ ၉**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် နတ်ချောင်းအလယ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးအတွက် အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၂ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ကရင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထိန်လင်း၊ ကော့ကရိတ်ခရိုင်ဦးစီးဌာနမှူး ဦးစောချစ်သန်း၊ မြို့နယ်ဦးစီးဌာနမှူး ဦးဝင်းဆင့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နှင်းကြည်တို့က သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ သိသင့်သည့်အချက်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော ကျေးရွာပြည်သူများက သိလိုသော အချက်များကို မေးမြန်းဆွေးနွေးခဲ့ကြရာ မြို့နယ်ဦးစီးမှူး ဦးဝင်းဆင့်က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**


## ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး (၁၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကြေညာချက်

ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး၏ (၁၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၉-၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင်လည်းကောင်း၊ အစမ်းလေ့ကျင့်ခြင်းကို ၁၈-၂-၂၀၁၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင်လည်းကောင်း၊ မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ၂၀၁၃ခုနှစ် အောက်တိုဘာလနှင့် ဒီဇင်ဘာလများတွင် ကျင်းပစစ်ဆေးခဲ့သည့် စတုတ္ထနှစ်သင်တန်း ဘွဲ့ရစာမေးပွဲ၊ ၂၀၁၃ခုနှစ် ဇွန်လနှင့် ဒီဇင်ဘာလအတွင်း ကျင်းပစစ်ဆေးသည့် ဆေးဘက်ဆိုင်ရာနည်းပညာ မဟာသိပ္ပံဘွဲ့ရ စာမေးပွဲအောင်မြင်သူများသည် ဘွဲ့နှင်းသဘင် တက်ရောက်ရန်(သို့မဟုတ်)အဝေးရောက်ဘွဲ့ယူရန်အတွက် လျှောက်ထားကြရမည်။

ထိုကာလမတိုင်မီကအောင်မြင်ပြီးသူများသည်အဝေးရောက်ဘွဲ့ကိုသာ လျှောက်ထားခွင့်ရှိသည်။

**ဘွဲ့နှင်းသဘင်ကြေး** - ကျပ် ၁၅၀၀
**အဝေးရောက်ဘွဲ့ကြေး** - ကျပ် ၁၀၀၀
**လျှောက်လွှာပိတ်ရက်** - ၁၀-၁-၂၀၁၄ ရက် (သောကြာနေ့)

သတ်မှတ်ထားသောလျှောက်လွှာတွင် ပြည့်စုံစွာဖြည့်စွက်လျက် ခြောက်လအတွင်း ရိုက်ကူးထားသော (၁½×၂)လက်မအရွယ် ကာလာဓာတ်ပုံနှစ်ပုံနှင့်အတူ လျှောက်ထားကြရမည်။

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဤတက္ကသိုလ် ကျောင်းသားရေးရာ၊ စာမေးပွဲနှင့် ဘွဲ့နှင်းဌာန ဖုန်း-၅၇၀၁၂၊ လိုင်းခွဲ(၂၀၂)သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြမြမူ**
**မော်ကွန်းထိန်း**
**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး**

ရန်ကုန်စီးပွားရေးတက္ကသိုလ် လှိုင်နယ်မြေရှိ စီးပွားရေးစွမ်းဆောင်မှုပညာဖွံ့ဖြိုးမှုသင်တန်းဌာန (MIEDC) တွင် ဒီဇင်ဘာလအတွင်း အောက်ပါသင်တန်းကို ဖွင့်လှစ်သင်ကြားပါမည်။

**General Management Course for Entrepreneurs**

**စတင်ဖွင့်လှစ်မည့်ရက်စွဲ** - ၁၁-၁၂-၂၀၁၃ရက်မှ ၂၀-၁၂-၂၀၁၃ရက် (ညနေပိုင်း ၈ ရက်သင်တန်း)
**သင်တန်းကြေး** - ၄၀၀၀၀ (ကျပ်လေးသောင်းတိတိ)

အထက်ပါသင်တန်းကို ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဆရာ ဆရာမများ သင်ကြားမည်ဖြစ်ပါသည်။

**သင်တန်းစုံစမ်းရန်** - ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ) ဖုန်း-၅၂၂၈၇၅၊ ၅၂၂၈၇၆

## ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန Open Tender ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ရေသန့်ဆိုင်ရာအရန်ပစ္စည်းများ ဝယ်ယူစုဆောင်းထားရှိနိုင်ရန်အတွက် ကုမ္ပဏီများမှ Open Tender တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များနှင့် လျှောက်လွှာပုံစံများအား ၁၃-၁၂-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ရုံးအမှတ် ၄၀၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ စီမံရေးရာဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၆-၁၂-၂၀၁၃ ရက် (၁၆:၃၀)နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ** - ၃၀-၁၂-၂၀၁၃ ရက် (၁၃:၀၀)နာရီ ရုံးအမှတ် ၄၀၊ နေပြည်တော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင်စုံစမ်းနိုင်ပါသည်-
**ရုံးအမှတ် ၄၀၊ နေပြည်တော်၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**
**လွှတ်တော်နှင့်အိမ်တော်အဆောက်အအုံများ ထိန်းသိမ်းရေးအဖွဲ့**
**ဖုန်း-၀၆၇-၅၉၀၅၀၉၊ ၀၆၇-၅၉၀၄၄၃**

## စက်မှုဝန်ကြီးဌာန အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)ရှိ ကားကြီးရပ်နားကွင်းနှင့် စားသောက်ဆိုင်အား ငှားရမ်းရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းပိုင်ဆိုင်သည့် အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)ရှိ ကားကြီးရပ်နားကွင်းနှင့် စားသောက်ဆိုင်တို့ကို ငှားရမ်းမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူ ပုဂ္ဂိုလကလုပ်ငန်းရှင်များမှ ၂၄-၁၂-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၃:၀၀နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန်ဖိတ်ခေါ်အပ်ပါသည်။ တင်ဒါဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပြီး သံမဏိစက်ရုံများကြီးကြပ်ရေးဌာန(ရုံး-၄၁၊ နေပြည်တော်) နှင့် အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)တို့တွင် ထုတ်ယူနိုင်ပါသည်-

(က) **ဈေးနှုန်းတင်သွင်းလွှာများ စတင်ထုတ်ယူနိုင်မည့်ရက်** - ၁၃-၁၂-၂၀၁၃ ရက် (သောကြာနေ့)မှ ၂၃-၁၂-၂၀၁၃ရက် (တနင်္လာနေ့)အထိ ရုံးချိန်အတွင်း

(ခ) **ဈေးနှုန်းတင်သွင်းရမည့်နေရာ** - အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)

၂။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါ အောက်ဖော်ပြပါ တယ်လီဖုန်းများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

ဖုန်း-၀၆၇-၄၀၈၃၄၅ (သံမဏိစက်ရုံများကြီးကြပ်ရေးဌာန)၊ ဖုန်း-၀၆၆-၃၀၄၇၅၊ ၃၀၄၇၆ (အမှတ်-၁၊ သံမဏိစက်ရုံ၊ မြင်းခြံ)၊

**သံမဏိစက်ရုံများကြီးကြပ်ရေးဌာန**

## လက်ထပ်ပြီးစီးခြင်း

မောင်ရဲရင့်ဝင်းပိုင်နှင့် မယုဇင်မာမြင့်တို့သည် နှစ်ဖက်မိဘများ၏ သဘောတူညီခွင့်ပြုချက်အရ ၂၃-၁၀-၂၀၁၃ရက်တွင် ရုံးတော်၌ လက်ထပ်ပြီးစီးပါကြောင်း။

**ရဲရင့်ဝင်းပိုင်-ယုဇင်မာမြင့်**

**အမည်ပြောင်းလဲခြင်း**

ဦးတင်ရှိန်၏သမီး အမှတ်(၁၉) အလယ်တန်းကျောင်းခွဲ၊ ရွှေပြည်သာမြို့နယ်၊ ဒုတိယတန်း(ခ)မှ မရတနာတင်အား မဇွန်ဝင့်ဝါတင်ဟု ပြောင်းလဲခေါ်ပါရန်။

# ဒီဇင်ဘာ စုပေါင်းလမ်းလျှောက်

**သုံးခွ ဒီဇင်ဘာ ၉**

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းလမ်းလျှောက်ပွဲကို ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနတို့က ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းအုပ်ဆရာကြီးများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူလူထုများပါဝင်ကာ ဒီဇင်ဘာ ၇ ရက် နံနက် ၅ ရက်က ပထမပတ်အဖြစ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့မှ သုံးခွ-သန်လျင်ကားလမ်း သုံးခွအနောက်ကျေးရွာသို့ စုပေါင်း လမ်းလျှောက်ကြကြောင်း သိရသည်။ **(၀၂၈)**

# ဒီဇင်ဘာလစုပေါင်း လမ်းလျှောက်ပွဲကျင်းပ

**ပုသိမ် ဒီဇင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၇ ရက်နံနက် ၅ နာရီခွဲက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးရှေ့မှစတင်၍ ရပ်တုအဝိုင်းအထိ စုပေါင်းလမ်းလျှောက်ကြသည်။

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲတွင် လွှတ်တော်ဥက္ကဋ္ဌ ဦးတင်စိုး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်းပါဝင်ဆင်နွှဲကြသည်။

ထို့နောက် ရုပ်တုအဝိုင်းတွင် စုပေါင်း သွေးပူလေ့ကျင့်ခန်းများ ပြုလုပ်ကြသည်။ အဆိုပါ လမ်းလျှောက်ပွဲကို ဒီဇင်ဘာလ၏ စနေနေ့တိုင်းတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိသည်။

**(ခရိုင် ပြန်/ဆက်)**



# လူထုတွေ့ဆုံပွဲများကျင်းပရာ ကလေးမြို့ ကျက်သရေဆောင် မြို့တော်ခန်းမ

**ကလေး ဒီဇင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ကျက်သရေဆောင်မြို့တော်ခန်းမကို ညောင်ပင်သာရပ်ကွက် နယ်မြေ(၉) ကလေး-ကလေးဝ လမ်းမဘေးရှိ အလျား ၂၇၆/၂၉၄ ပေ၊ အနံပေ ၂၀၀၊ ဧရိယာ ၁ ဒသမ ၃၀၈ ဧကပေါ်ရှိ မြေနေရာတွင် ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီ ၂၆ ရက်တွင် ပန္နက်တင်မင်္ဂလာပွဲကျင်းပ၍ စတင်ဆောက်လုပ်ခဲ့ရာ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် လုပ်ငန်းအားလုံးပြီးစီးခဲ့ပြီး စုစုပေါင်းကုန်ကျငွေ ၃၂၄၁ ဒသမ ၈၃၂ သိန်း ကုန်ကျခဲ့ပြီး အဆောက်အအုံအတိုင်းအတာမှာ အလျားပေ ၁၄၀၊ အနံပေ ၈၀၊ အမြင့် ၂၁ ပေရှိပြီး သံကူကွန်ကရစ်တိုင် ကွန်ကရစ်ကြမ်းခင်းသွပ်မိုး ဖြစ်ကြောင်း သိရသည်။

မြို့တော်ခန်းမကြီးသည် စစ်ကိုင်းတိုင်းဒေသကြီးတွင် အကောင်းဆုံးသော မြို့တော်ခန်းမကြီးအဖြစ်နာမည်ကြီးပြီး မြန်မာမှုလက်ရာများဖြင့် တန်ဆာဆင်ထားကြောင်း တွေ့ရသည်။ မြို့တော်ခန်းမကြီး၏ ရှေ့တည့်တည့်တွင် မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန်ကို တက်ကြွစေသည့် ဗန္ဓုလမြင်းစီးရုပ်တုကြီးကလည်း ကလေးမြို့လမ်းဆုံမှနေ၍ ငွေကျပ်သိန်း ၆၀ နီးပါး အကုန်အကျခံပြောင်းရွှေ့ထားပြီး အုတ်ခုံပေါ်တွင် ဝင့်ဝင့်ထည်ထည် တည်ရှိနေသောကြောင့် မြို့တော်ခန်းမကြီးသည် ပို၍ ကျက်သရေတိုးနေပေတော့သည်။ **(အပေါ်ပုံ)**

ရှေးယခင်က လူထုတွေ့ဆုံပွဲများပြုလုပ်ကြရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှိ နေရဋ္ဌာခန်းမတွင်လည်းကောင်း၊ အားကစားရုံတွင် လည်းကောင်း ကျင်းပခဲ့သည်။ ယခုမြို့တော်ခန်းမကြီးပြီးစီးပြီဖြစ်၍ ကလေးမြို့လူထုတွေ့ဆုံပွဲများ၊ ဟောပြောပွဲများဆောင်ရွက်ရာ မြို့ကျက်သရေဆောင်ခန်းမကြီးဖြစ်ကြောင်း သိရသည်။ **သျှင်နေမင်း**

# အရန်သားဖွားဆရာမသင်တန်း ကျိုက်လတ်တွင်ဖွင့်လှစ်

**ကျိုက်လတ် ဒီဇင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့က ကြီးမှူးဖွင့်လှစ်သော အရန်သားဖွားဆရာမသင်တန်း (၂/၂၀၁၃) ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၆ ရက် နံနက် ၉ နာရီခွဲက ကျိုက်လတ်မြို့ ရွှေဝါလတ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ နာယက ဒေါ်ခင်ဌေးမြင့်က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်မြင့်မြင့်သီက ယခုကဲ့သို့ ကျိုက်လတ်မြို့တွင် သင်တန်းဖွင့်လှစ်ပို့ချပေးခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ယခုကဲ့သို့ သင်တန်းဖွင့်လှစ်ပေးခြင်းဖြင့် မြို့နယ်အတွင်း သားဖွားဆရာမ မရှိသောကျေးရွာ၊ ကျန်းမာရေးလက်လှမ်းမမီသော ကျေးရွာများ၊ မိခင်သေဆုံးမှုနှင့် ငါးနှစ်အောက် ကလေးငယ်များ သေဆုံးမှုလျော့နည်းရေးစသည့် ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးအတွက် အခြေအနေကောင်းများ ရရှိစေလာမည်ဖြစ်သည်။

ယခုဖွင့်လှစ်သော သင်တန်းကို စာတွေ့သုံးလ၊ လက်တွေ့သုံးလ စုစုပေါင်း ခြောက်လကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ဗုဒ္ဓပူဇနိယပွဲတော်တွင် တရားပွဲကျင်းပမည်

**ကျုံဒိုး ဒီဇင်ဘာ ၉**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့၏ နှစ်စဉ်ကျင်းပသော တောင်ပေါ်ကျောင်းတိုက်ဆုတောင်းပြည့် သစ္စာမဏ္ဍိုင် ကပ်ကျော် စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော် တရားပွဲကို နတ်တော်လဆန်း ၉ ရက်မှ ၁၅ ရက်အထိ သစ္စာမဏ္ဍိုင်ကပ်ကျော်စေတီတော်မြတ်ကြီး ရင်ပြင် ဓမ္မသဘင်တွင် ရွှေညဝါဆရာတော် ဦးပညာသီလ၊ မော်လမြိုင်မြို့ ဓမ္မကိတ္တိရိပ်သာဆရာတော် အရှင်ခမာဝုဓ၊ မော်လမြိုင်မြို့ မြေနီကုန်း (ဓမ္မရိပ်သာကျောင်း) ဆရာတော်ဦးကုန္တက၊ ပဲခူးမြို့ မဏ္ဍိုင်သာသနာ့တက္ကသိုလ် ဆရာတော် မဏ္ဍိုင်အရှင်သုန္ဒရစသော ဆရာတော်ကြီးများက တုနှိုင်းမရသော မြတ်ဗုဒ္ဓဘုရားရှင်၏ တရားဒေသနာ တော်များကို ည ၇ နာရီခွဲမှ ၉နာရီအထိ ဟောကြားချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

**နိုင်နိုင်ထွန်း(ကျုံဒိုး)**

# (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲမှတ်ပုံတင်ခြင်း စာရင်းအတည်ပြုခြင်းအစည်းအဝေးကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၉**

မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့်နိုင်ငံပေါင်း ၁၁ နိုင်ငံမှ အားကစားသမားမှတ်ပုံတင်ခြင်း၊ စာရင်းအတည်ပြုခြင်း အစည်းအဝေးကို ဒီဇင်ဘာ ၆ ရက် ညနေ ၃ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် ပင်လုံလမ်းရှိ Bo Bo Min ဟိုတယ်၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမျိုးမြင့်၊ APSF Vice President Mr.TAN HONG-KHOEN HENRY နှင့် ပြိုင်ပွဲဝင် ၁၁ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ အစည်းအဝေးတွင် မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် APSF Vice President Mr.TAN HONG KHOEN HENRY တို့က အမှာစကားပြောကြားပြီး ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ပြိုင်ပွဲဝင်နိုင်ငံပေါင်း ၁၁ နိုင်ငံမှ ကိုယ်စားလှယ်များက (၇)ကြိမ်မြောက်အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲနှင့်ပတ်သက်ပြီး သိရှိလိုသည်များကို မေးမြန်းအကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **နန္ဒာဆွေ**




**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား ဂိုဒေါင် အရောက် တန်ဖိုး DDP (ပေါင်းလောင်း) မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

**Tender No. 20/21/22/23 HPGE/2013-2014**

(က) ဓာတ်အားပေးစက်ရုံသစ်များအတွက်
I. Com TM-800 Mobile Terminal (5) Sets
Hand Set (20) Sets
(ခ) တီကျစ်အတွက် High Pressure Water Jet Pump (1) No
(ဂ) Single Cab (Ford Brand) (5) Nos
(ဃ) SUVs (Ford Brand) (1) No

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၆ရက် မွန်းတည့် ၁၂နာရီဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**
**ရုံးအမှတ်(၃၈)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၁၁၆၈ နှင့် ၄၁၁၀၇၆**



**စက်မှုဝန်ကြီးဌာန**
**အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**
**အမှတ်(၁၃) အကြီးစားစက်ရုံ (မကွေး)**
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းအောက်ရှိ အမှတ်(၁၃) အကြီးစားစက်ရုံ(မကွေး)မှ အောက်ဖော်ပြပါပစ္စည်းများအား စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည် -

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | တင်ဒါအမှတ် |
|---|---|---|---|
| (၁) | ရုံးသုံးစာရေးကိရိယာ (၃၅)မျိုး | 1 Lot | HI-13/13-14/001 |
| (၂) | အထွေထွေလုပ်ငန်းသုံးဆားကြမ်း | 14000 Kgs | HI-13/13-14/002 |

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်ပစ္စည်းများ၏ စံချိန်စံညွှန်း အချက်အလက်များနှင့်ပတ်သက်၍ ၁၀-၁၂-၂၀၁၃ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည် -
၃။ တင်ဒါများ နောက်ဆုံးထားတင်သွင်းရမည့်ရက်မှာ ၂၃-၁၂-၂၀၁၃ရက် မွန်းတည့် ၁၂ နာရီ ဖြစ်ပါသည်။

**စီမံကိန်းဌာန၊ အမှတ် (၁၃)အကြီးစားစက်ရုံ (မကွေး)**
**စက်မှုဝန်ကြီးဌာန၊ မကွေးမြို့၊ ဖုန်း-၀၆၃-၈၄၃၀၀၃၀၊ ၀၆၃-၈၄၃၀၀၄၁**



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနမှ ရုံးသုံးကွန်ပျူတာ၊ ဆက်စပ်သုံးပစ္စည်းများနှင့် မိတ္တူကူးစက်ကို မြန်မာငွေကျပ်ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။
၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် ဝယ်ယူမည့် ပစ္စည်းကိရိယာများစာရင်းအသေးစိတ်ကို ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ကွန်ပျူတာဌာန၊ ရုံးအမှတ် (၄)၊ နေပြည်တော်သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇-၄၁၁၁၅၈သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၉-၁၂-၂၀၁၃ရက်
**တင်ဒါပိတ်မည့်ရက်** - ၈-၁-၂၀၁၄ရက်
**တင်ဒါပိတ်မည့်အချိန်** - ညနေ ၄နာရီ

**တင်ဒါစိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့**
**ကျန်းမာရေးဦးစီးဌာန**



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ မုတ်ခွံရောရာများကို ရောင်းချမည်ဖြစ်ပါသဖြင့် နိုင်ငံသားမည်သူမဆို အိတ်ဖွင့်တင်ဒါ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **ပစ္စည်းကြည့်ရမည့်နေရာ** - အမှတ်(၆၉/၇၁)၊ မြမာလာလမ်း၊ သာကေတစက်မှုဇုန်၊ ရန်ကုန်
(ခ) **တင်ဒါတင်သွင်းရမည့်နေရာ** - မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ နေပြည်တော်
(ဂ) **တင်ဒါဖွင့်လှစ်မည့်နေရာ** - သတ္တုတွင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ်(၁၉)၊ နေပြည်တော်၊

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို နေပြည်တော်(ရုံးချုပ်)နှင့် ရန်ကုန်(ရုံးခွဲ)တွင် တစ်စုံလျှင် ၁၀၀၀ိ/-(ကျပ်တစ်ထောင်)နှုန်းဖြင့်ဝယ်ယူနိုင်ပြီး တင်ဒါပုံစံများကို ၁၆-၁၂-၂၀၁၃ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပါသည်။ တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၉-၁-၂၀၁၄ရက် ၁၆:၃၀နာရီဖြစ်ပြီး တင်ဒါဖွင့်ဖောက်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။
၃။ အသေးစိတ်သိရှိလိုပါက ဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၄၁၈၄၊ ၀၆၇-၄၁၄၀၈၃တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း**



## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၀)ရပ်ကွက်၊ လှော်ကားလမ်း၊ အမှတ်(၁၂၀၀/က)ဟုခေါ်တွင်သော မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ပိုင်ဆိုင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်မောင်သန်း LL.B, D.M.A, D.B.L., D.M.L, D.A (Psy)**
**WIPO, D.L.P (Switzerland)**
**Diploma in International Law**
**High Court Advocate & Legal Advisor**
**ရုံးခန်း- အမှတ် (၆၂)၊ အခန်း (၁၇)၊ Winner Firm ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**နေအိမ်-အမှတ် ၄၀၊ ပိတောက်ပင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၅၁၂၅၈၈၊ ၅၁၇၁၈၃၊ ၀၉-၅၀၄၂၀၀၃**

## မှုခင်းသတင်းနှင့်ကြော်ငြာ

## မူးယစ်ဆေးဝါးများ ခုံမြင့်ဖိနပ်အတွင်း ထည့်၍ သယ်ဆောင်လာ

**နောင်ချို ဒီဇင်ဘာ ၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(၂၄)မှတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၄ ရက် ည ၇ နာရီခန့်က နောင်ချိုအဝင် မိုင်တိုင် အမှတ် ၇၈/၅ တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နေကြစဉ် လားရှိုးမှ မန္တလေးဘက်သို့ ယာဉ်မောင်း ဦးလှအောင် မောင်းနှင်လာသော ၉က/ ---ဗင်ကား ယာဉ်ကို ယာဉ်မောင်း သက်သေဦးလှအောင် ပါဝင်သည့် သက်သေများနှင့်အတူ ရှာဖွေစစ်ဆေးရာ ယာဉ်၏နောက်ခန်းဘယ်အစွန်တွင် စီးနင်းလိုက်ပါလာသော ခရီးသည်အမျိုးသမီး ကျိုကျိန်မေ (၅၅နှစ်)စီးထားသည့် အဝါရောင် မိန်းမစီး ခုံမြင့် ကတ္တီပါဖိနပ်ညာဘက်အတွင်းမှ အံ့ဝှက်ပြုလုပ် ထည့်သွင်းသယ်ဆောင်လာသော ပလတ်စတစ်အိတ်အတွင်း 88 နှင့် 1 စာတန်းတစ်ဖက်စီပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ပါ တစ်ထုပ်၊ အလေးချိန် ၅၄ ဂရမ်နှင့် ဝဲဘက်အတွင်းမှ အံ့ဝှက် ပြုလုပ်သယ်ဆောင်လာသည့် ပလတ်စတစ်အိတ်အတွင်းထည့်လျက် ဘိန်းဖြူဟုယူဆရသောအဖြူမှုန့်အလေးချိန် ၁၁ ဒသမ ၅ ဂရမ်ခန့်ပါ တစ်ထုပ်တို့ကို ရှာဖွေသိမ်းဆည်းရမိခဲ့သဖြင့် နောင်ချို မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **(ဝဇ်ာ)**



## စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းဖြူများဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၉**

အမှတ်(၂၂) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မူဆယ်)မှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၆ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ က သက်သေများနှင့်အတူ ၁၀၅ မိုင်-ပန်ဆိုင်း(ကြူကုတ်)ကားလမ်း လုံခန်ရွာ အဝင်တွင် နမ့်တောင်းရွာဘက်မှ မူဆယ်မြို့နယ် ၁၀၅ မိုင် ရွာမကျေးရွာနေ ကစ္စနား(ခ) မာကျန်း(၂၀ နှစ်)မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေခဲ့သည်။

**အမှုဖွင့်အရေးယူ**

ထိုသို့ရှာဖွေရာ ၄င်းဝတ်ဆင်ထားသည့် အင်္ကျီနှင့်ဝမ်းဗိုက်ကြားမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၊ တန်ဖိုးငွေကျပ် ၃၈၀၀၀၀ နှင့် ဘိန်းဖြူဆပ်ပြာခွက်တစ်ခွက်၊ အလေးချိန် ၁၂ ဂရမ်၊ တန်ဖိုးငွေကျပ် ၂၄၀၀၀၀ တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သောကြောင့် ကစ္စနား(ခ)မာကျန်းအား မူဆယ် မြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်းသိရသည်။ **(အပေါ်ပုံ) ကိုရဲ**

## မြေထိုးစက်နောက်ပြန်လိမ့်ပြီးကြိတ်မိ

**နေပြည်တော် ဒီဇင်ဘာ ၉**

မကွေးတိုင်းဒေသကြီး ဆောမြို့နယ် ပြိုးကျေးရွာအနီး ဆော-ဆိပ်ဖြူ ကားလမ်း မိုင်တိုင်အမှတ် (၅၅/၇) နှင့် (၅၆/၀)ကြားတွင် ဒီဇင်ဘာ ၅ ရက် ည ၈ နာရီခွဲက ရပ်ထားသော မန်းပြည်တံခွန်လမ်းအဖွဲ့မှ Loter မြေထိုးစက်အပြာရောင်နောက်ပြန်လိမ့် ကြိတ်မိသဖြင့် မြေထိုးစက်အောက်၌ အိပ်နေသည့် စက်အကူစောင့်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကန်သာကျေးရွာနေ ညီညီအောင် (၁၈ နှစ်)မှာ ယာဘက်အပေါ်နှုတ်ခမ်းနှင့် အောက်မေးကြွေမှုဒဏ်ရာများရရှိပြီး သေဆုံးသွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စက်ကြီးယာဉ်ကို ပေါ့ဆစွာထားရှိခဲ့သူ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကံဆွယ်ကျေးရွာနေ ယာဉ်မောင်း ကျော်မင်းအောင်(ခ) ကျော်ထူး (၂၄ နှစ်)ကို ဆောမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

## ရပ်ထားသည့်ကားကို တိုက်မိ၍ ယာဉ်မောင်းပွဲချင်းပြီး သေဆုံး

**သာစည် ဒီဇင်ဘာ ၉**

သာစည်မြို့နယ် ဟံဇားရဲစခန်း အပိုင် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၃၅၂/၄ အနီးတွင် ဒီဇင်ဘာ ၅ ရက် ည ၉ နာရီခွဲက ကျောက်ဆည်မြို့အရှေ့ ချမ်းမြသာစည်ရပ်နေ ယာဉ်မောင်းကိုဦး (၄၅ နှစ်) မိတ္ထီလာဘက်မှ မန္တလေးဘက်သို့ မောင်းနှင်သော ၃ဃ/. . . ပါရာဒိုကားသည် စက်ပျက်၍ ရပ်ထားသော GF/ ဟွန်ဒါ ၂၂ ဘီး၊ ခဲရောင်ကားကို ကျော်တက်ရာ မျက်နှာချင်းဆိုင်မှ ကားတစ်စီးကို တွေ့၍ ရှောင်လိုက်စဉ် ကိုဦး၏ ကားသည် ရပ်ထားသောကား၏ ဝဲဘက်ကို ဝင်ရောက်တိုက်မိကာ ယာဉ်မောင်းကိုဦးမှာ မျက်နှာတစ်ခုလုံး ဒဏ်ရာများပြင်းထန်စွာရရှိကာ ပွဲချင်းပြီး သေဆုံးသွားခဲ့သည်။

ယာဉ်ပေါ်ပါ ဒေါ်လှမျိုးနွယ် (၄၀ နှစ်၊ ကိုနိုင်မျိုးဇော် (၁၈ နှစ်)၊ ကိုလှိုင်မျိုးကျော် (၂၂ နှစ်)တို့မှာလည်း ဒဏ်ရာများရရှိသွားသဖြင့် သာစည် ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် တင်ပို့ထားရသည်။ ယာဉ်တိုက်မှုကို ဟံဇားရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ဝ၁၂)**



## လွယ်တော်ခမ်းတံတား၌ စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းမိ

**တာချီလိတ် ဒီဇင်ဘာ ၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့၌ ဒီဇင်ဘာ ၇ ရက် ညနေ ၅ နာရီ ၄၅ မိနစ်က လွယ်တော်ခမ်းပူးပေါင်းစစ်ဆေးရေးဂိတ်အနီးရှိ လွယ်တော်ခမ်းတံတားတွင် စိတ်ကြွရူးသွပ်ဆေးပြား၄၀ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့စု (၃၀) တာချီလိတ်မှ ရဲအုပ်မြင့်နိုင်ဦး ဦးစီးသော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် လွယ်တော်ခမ်း ပူးပေါင်း စစ်ဆေးရေးဂိတ်အနီးရှိ လွယ်တော်ခမ်းတံတားတွင် ငှက်ပျောတောရွာဘက်မှ တာချီလိတ်ဘက်သို့ မင်းထိုက် မောင်းနှင်လာသည့် နံပါတ်မပါ၊ တရုတ်နိုင်ငံလုပ် MMAOTO အမျိုးအစား ခဲရောင် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၄င်းဆောင်းထားသည့် အပြာရောင် ဆိုင်ကယ်စီးဦးထုပ်အတွင်းမှ WY စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၄၀၊ ကာလတန်ဖိုးငွေကျပ် ၁၀၀၀၀၀ ခန့်ကို ရှာဖွေတွေ့ရှိရသဖြင့် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

မူးယစ်ဆေးဝါးများနှင့် အတူ လက်ဝယ်တွေ့ရှိသူ မင်းထိုက် (၃၆ နှစ်)ဟိုတယ်ညစောင့်လုပ်၊ ဝန်ထမ်းကုန်း၊ ဝမ်ကောင်း ရပ်ကွက် တာချီလိတ်မြို့နေသူအား တာချီလိတ်မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြင့်မိုရ်(တာချီလိတ်)**

## နွားမသုံးကောင် တရားမဝင်သယ်ဆောင်လာသူများအား အရေးယူထား

**နေပြည်တော် ဒီဇင်ဘာ ၉**

မကွေးတိုင်းဒေသကြီး မြိုင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၆ ရက် ည ၈ နာရီက သက်သေများနှင့်အတူ လှည့်ကင်းဆောင်ရွက်နေစဉ် မြိုင်-ပခုက္ကူကားလမ်းနှင့်တည်ပင် ကျေးရွာလမ်းဆုံတွင် ပခုက္ကူမြို့နယ် ချောက်ကန်ကျေးရွာနေ ဇင်မင်း (၂၅နှစ်) မောင်းနှင်ပြီး ၄င်း၏အစ်ကိုဖြစ်သူ နိုင်ဝင်း (၃၂နှစ်) လိုက်ပါလာသည့် သုံးဘီး ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာ ခြေ၊ လက်များ ကြိုးတုပ်ထားသည့် နွားမသုံးကောင် တန်ဖိုးငွေကျပ် ၄၇၅၀၀၀ ကို တွေ့ရှိရသဖြင့် စစ်မေးရာ သယ်ဆောင်ခွင့် အထောက်အထား တစ်စုံတစ်ရာပါရှိခြင်းမရှိဘဲ သယ်ဆောင်လာခြင်းဖြစ်ကြောင်း သိရှိရသောကြောင့် ဇင်မင်းနှင့် နိုင်ဝင်းတို့နှစ်ဦးကို မြိုင်မြို့မရဲစခန်းက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေပုဒ်မဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

## နေအိမ်ထဲ ဝင်ရောက်ရိုက်နှက်သူ ခင်ပွန်းဟောင်းအား အရေးယူထား

**နေပြည်တော် ဒီဇင်ဘာ ၉**

မကွေးမြို့နယ် ပဌနဂိုရ်ကျေးရွာနေ မဥမ္မာ(ခ) မစု (၄၁နှစ်) သည် ဒီဇင်ဘာ ၅ ရက် ည ၈ နာရီက နေအိမ်တွင်ရှိနေစဉ် လွန်ခဲ့သော ခြောက်နှစ်ခန့်က နှစ်ဦးသဘောတူ ကွာရှင်းခဲ့သည့် ခင်ပွန်းဟောင်းဖြစ်သူ တစ်ရွာတည်းနေ ရွှေတုတ်(ခ) မျိုးကျော်(၄၆နှစ်)မှာ နေအိမ်အောက်ထပ်သို့ ဝင်ရောက်လာပြီး ပြန်လည်ပေါင်းသင်းလိုကြောင်းနှင့် အိမ်ထောင်ရေး ဖောက်ပြန်သည်ဟု စွပ်စွဲကာ လက်ကိုအတင်းဆွဲသဖြင့် ရုန်းကန်ပြီး နေအိမ်ရှေ့သို့ ထွက်လာခဲ့သည်။

**အရေးယူထား**

ထိုသို့ထွက်လာစဉ် ရွှေတုတ်(ခ) မျိုးကျော်မှာ နောက်မှလိုက်လာပြီး မျက်နှာကို လက်ဝါးနှင့်ရိုက်သဖြင့် မဥမ္မာ(ခ) မစုတွင် နှုတ်ခမ်းအပေါ်၊ အောက် နာကျင်ဒဏ်ရာများ ရရှိခဲ့သောကြောင့် အရေးယူပေးရန် တိုင်တန်းခဲ့ရာ ရွှေတုတ်(ခ) မျိုးကျော်ကို မိကျောင်းရဲနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**


# ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ



### စက်မှုဝန်ကြီးဌာန
### အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း
### အမှတ်(၂၁)အကြီးစားစက်ရုံ(သထုံ)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ အမှတ်(၂၁)၊ အကြီးစားစက်ရုံ(သထုံ)၏ မော်တော်ယာဉ်တာယာထုတ်လုပ်မှုလုပ်ငန်းတွင် အသုံးပြုရန်အတွက် လိုအပ်သော သဘာဝရော်ဘာများကို အောက်ဖော်ပြပါ အမျိုးအစားအတိုင်း မြန်မာကျပ်ငွေ (စက်ရုံအရောက်ဈေးနှုန်း)ဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | အမျိုးအစား | အရေအတွက်(တန်) |
|---|---|---|
| ၁။ | Natural Rubber R.S.S(1) | 83 |
| ၂။ | Natural Rubber R.S.S(2) | 45 |
| ၃။ | Natural Rubber R.S.S(3) | 47 |
| ၄။ | Natural Rubber R.S.S(5) | 21.22 |

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များ၊ ဝယ်ယူမည့်ပစ္စည်း၏ သတ်မှတ်အရည်အသွေးနှင့် အသေးစိတ်အချက်အလက်များကို ၉-၁၂-၂၀၁၃ ရက်မှစတင်၍ အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပြီး အိတ်ဖွင့်ဈေးနှုန်းတင်ဒါများကို ၁၆-၁၂-၂၀၁၃ရက် ၁၃း၀၀ နာရီနောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

**အမှတ်(၂၁)၊ အကြီးစားစက်ရုံ(သထုံ)**
**ကြာပန်းကျေးရွာ၊ သထုံမြို့**
**ဖုန်း-၀၉-၄၃၀၀၅၈၉၅**
**၀၉-၄၃၀၀၅၈၉၆**
**၀၉-၂၅၅၇၀၄၇၈၁**



### ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ၅က/၈၇၃၃ Toyota Hilux LN 106 PU (4x4) ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းတင်(ခ)စိုင်းနော် ၉/ခအဇ(နိုင်)၀၀၆၈၉၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**



### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
### လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
### (တင်ဒါခေါ်ယူခြင်း)

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် လုပ်ငန်းသုံးပုံစံ(၃)မျိုးအား ရိုက်နှိပ်လိုပါသဖြင့် ၉-၁၂-၂၀၁၃ရက်မှစ၍ ၁၈-၁၂-၂၀၁၃ ရက်အထိ ရိုက်နှိပ်မည့်လုပ်ငန်းသုံးပုံစံများ၏ အသေးစိတ်အချက်အလက်များနှင့် တင်ဒါစည်းကမ်းချက် များအား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံနှင့်ဘဏ္ဍာဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ ရုံးအမှတ် ၄၈၊ နေပြည်တော်တွင်အခမဲ့လာရောက်ထုတ်ယူနိုင်ပြီး ၁၈-၁၂-၂၀၁၃ရက် ၁၆း၃၀နာရီနောက်ဆုံးထား၍ ဈေးနှုန်းလွှာများ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ မေးမြန်းစုံစမ်းလိုပါက လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ ဖုန်း-၀၆၇-၄၃၁၀၂၇ သို့ ရုံးဖွင့်ရက် ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန**



### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂/ဂ၊သစ်ဆိမ့်ကုန်းကျေးရွာ၊ မြေကွက်အမှတ် N-22၊ အကျယ်ပေ(၉၄×၁၈၀)ရှိ မြေကွက်အား လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဒေါ်ရှောလင့်(ခ)ဒေါ်ချောလင့်(ခ)ဒေါ်စောနှင်းနွယ် ၁၂/မကတ(နိုင်)၀၂၉၀၃၁ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေမှစရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက် လိုသူ မည်သူမဆို မြေကွက်ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ယူဆောင်၍ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ၁၄ရက်အတွင်း ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာလွင် LL.B, D.B.L (စဉ်-၇၆၅၂)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၂၂၂၊ စံပါယ်လမ်း၊ (၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၁၈၉၆၈၉၊ ၀၉-၇၃၀၆၂၀၈၇**



### Myanmar CNMC Nickel Co.,Ltd.
### (ဆရာဝန်နှင့်သူနာပြုဝန်ထမ်းအလိုရှိသည်)

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၃)သတ္တုတွင်းလုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ တကောင်းတောင်ဒေသ Myanmar CNMC Nickel Co.,Ltd. ၏ ဖယ်ရိုနီကယ်စက်ရုံရှိ ပုဂ္ဂလိကဆေးရုံတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဆရာဝန်နှင့်သူနာပြုအလိုရှိပါသည်-

- (က) တာဝန်ခံဆရာဝန် ကျား/မ ၁ ဦး
- (ခ) သူနာပြု ကျား/မ ၁ ဦး

၂။ **လိုအပ်သောအရည်အချင်း**

- (က) ဘွဲ့(သို့မဟုတ်) သက်ဆိုင်ရာအသိအမှတ်ပြု ကျွမ်းကျင်လက်မှတ်ရှိရမည်။
- (ခ) (၁)နှစ်စာချုပ်ဖြင့် လုပ်ကိုင်ရမည်။
- (ဂ) နေထိုင်ရန်အိမ်ရာနှင့် အစားအသောက်ကုမ္ပဏီမှတာဝန်ယူ၍ လစာညှိနှိုင်းဆောင်ရွက်ပေးမည်။

၃။ အထက်ဖော်ပြပါ အရည်အချင်းနှင့် ပြည့်စုံသူများသည် ၃၀-၁၂-၂၀၁၃ ရက် နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး၊ အမှတ်(၃)သတ္တုတွင်းလုပ်ငန်း၊ နေပြည်တော် ရုံးအမှတ် ၁၉၊ ဖုန်း-၀၆၇-၄၀၉၄၄၅ သို့လိပ်မူ၍ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ဘွဲ့(သို့မဟုတ်) အသိအမှတ်ပြု လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ နောက်ဆုံးနှစ်အမှတ်စာရင်းမိတ္တူ၊ အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ၊ ခြောက်လအတွင်းရိုက်ကူးထားသော ဓာတ်ပုံပူးတွဲ၍ လျှောက်ထားနိုင်ပါသည်။



### သဇင်မင်းမွန်လေး
### ပျိုးဥယျာဉ် နှင့် သဇင်ဥ/သဇင်တိုင်လုပ်ငန်း

**ဆိုင်(၁)**
- အမှတ်(C-1)၊ မြေပဒေသာကျွန်း၊ ဗဟန်း၊ ဖုန်း-၀၉-၄၃၁၄၂၀၁၀

**ဆိုင်(၂)**
- အမှတ်(A-2,3)၊ ယမုံနာလမ်း၊ ရန်ပြေမှတ်တိုင်၊ သာကေတ၊ ဖုန်း-၀၉-၂၅၀၀၃၁၅၆၄

နယ်သတင်းနှင့်ဆောင်းပါး



## သုံးခွမြို့ရှိ ရွှေဟောင်းလေးကျွန်းမာရ်အောင်စေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်မည်

**သုံးခွ ဒီဇင်ဘာ ၉**

မြန်မာနိုင်ငံ တစ်ဝန်းရှိ ရှေးဟောင်းစေတီပုထိုးများကို ဗုဒ္ဓဘာသာယုံကြည်သက်ဝင်သောမြန်မာတို့သည် ဗုဒ္ဓသာသနာတော်ကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတွင်းနေရာအနှံ့အပြားတွင်ခေတ်အဆက်ဆက် တည်ထားကိုးကွယ် ပြုပြင်မွမ်းမံ ထိန်းသိမ်းလာခဲ့ကြသည်။

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့ အမှတ်(၇)ရပ်ကွက်ရှိ ရှေးဟောင်းလေးကျွန်းမာရ်အောင် မြို့ဦးစေတီတော်မြတ်ကြီးကို ၂၀၀၂ခုနှစ်က လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပြီး နယ်လှည့်သာသနာပြု မူလပထမပရိတ်ချည် ဆရာတော် ဘဒ္ဒန္တစန္ဒိမာက ထီးတော်တင်လှူသည်။ ၂၀၀၈ခုနှစ်နာဂစ်မုန်တိုင်းဒဏ်ကြောင့် ထီးတော် စောင်းသွားသဖြင့် ပဲခူးမြို့(၁၀)မိုင်ကုန်း ပတ္တမြားကျောင်းတိုက် ဆရာတော် ဦးသုန္ဒရက စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်တို့ကို ချ၍ မွမ်းမံပြင်ဆင်ကာပြန်လည်တင်လှူသည်။ **(အပေါ်ပုံ)**

ယခုအခါ စေတီတော်ကြီး၏ ရွှေသင်္ကန်းများမှာ ရာသီဥတုဒဏ်နှစ်ကြာလာသည်နှင့် ပျက်စီးယိုယွင်းမှေးမှိန်လာသဖြင့် ရွှေသင်္ကန်းများ ပြန်လည်ကပ်လှူရန်လိုအပ်လာပါသည်။ ယခုဒီဇင်ဘာ၁ရက်အထိစေတနာရှင်ပြည်သူများက လှူဒါန်းငွေကျပ်၁၀၂ သိန်းကျော်ရရှိပြီး ကျပ် သိန်း၄၀၀ ကုန်ကျမည်ဟုသိရသည်။ သို့ဖြစ်ပါ၍ အလှူငွေများ လိုအပ်လျက်ရှိရာ ရွှေသင်္ကန်း ရာဆိုင်းတစ်ဆိုင်းလျှင် ကျပ်၄၀၀၀၀နှုန်းဖြင့် မိမိတို့စေတနာသဒ္ဓါအလျောက် ဒေါက်တာ ဦးခင်မောင်လင်း ဖုန်း-၀၅၆-၄၀၂၄၄၊ ဦးတင်မြင့် ဖုန်း- ၀၅၆-၄၀၈၂၄၊ ဦးစိန်လှိုင် ဖုန်း-၀၅၆-၄၀၂၇၈၊ ဦးသိန်းထွန်းဖုန်း-၀၉-၈၆၄၅၃၉၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

## လူဦးရေသန်းခေါင်စာရင်းနှင့် အိမ်အကြောင်းအရာ ရှင်းလင်းဟောပြော

**ကျောက်တံခါး ဒီဇင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုး၊ အတွင်းရေးမှူး လဝကဦးစီးမှူး ဦးဝင်းဇော်နှင့် အဖွဲ့သည် ဒီဇင်ဘာ ၁ရက် နံနက် ၁၀ နာရီက ပဲနွယ်ကုန်းမြို့မသာသနာ့ဗိမာန်၌ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ညနေပိုင်းတွင် ကျောက်တံခါးမြို့ကွင်းနောက်ရပ်ကွက် (အလက) ကျောင်း၌လည်းကောင်း ၂၀၁၄ခုနှစ် မတ်လ၃၀ရက်မှ ဧပြီ ၁၀ ရက်အထိ ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူမည်ဖြစ်၍ ပြည်သူများ သိသင့်သိထိုက်သည့် သန်းခေါင်စာရင်း ကောက်ယူရေးနှင့် အိမ်အကြောင်းအရာများကို ရပ်ကွက်နေပြည်သူများအား ရှင်းလင်းပြောကြားကြောင်း သိရသည်။ **(အောက်ပုံ)**

**ခင်ကို(ကျောက်တံခါး)**





## ကျပန်းစကားပြောနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ တာချီလိတ်၌ကျင်းပ

**တာချီလိတ် ဒီဇင်ဘာ ၉**

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း၏ ပံ့ပိုးကူညီမှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှမ်းပြည်နယ်(အရှေ့ပိုင်း)က ကြီးမှူးပြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို နိုဝင်ဘာ ၃၀ရက် နံနက်၉နာရီက တာချီလိတ်မြို့အောင်မြတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးနှင့် ရှမ်းပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းဆမ်တစ်တို့က အမှာစကား ပြောကြားသည်။ ယင်းနောက် ကျပန်းစကားပြောပြိုင်ပွဲကျင်းပရာ အခြေခံပညာအထက်တန်းကျောင်းငါးကျောင်းမှကျောင်းသားကျောင်းသူများကစာဖတ်ခြင်း၏ အကျိုးကျေးဇူး၊ အလိမ္မာစာမှာရှိ စာပေအလင်းရောင်ခေါင်းစဉ်များဖြင့် လည်းကောင်း၊ ကဗျာရွတ်ဆိုပြိုင်ပွဲတွင်စာပေစွမ်းအင်ခေါင်းစဉ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြရာ ကျပန်းစကားပြောပြိုင်ပွဲတွင် ဆန်ဆိုင်းအခြေခံပညာအထက်တန်းကျောင်းမှ မနှင်းအိဝေက ပထမ၊ ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ဟောင်လိတ်အခြေခံပညာအထက်တန်းကျောင်းမှ မောင်အောင်မျိုးဦးကပထမရရှိသည်။ ပြိုင်ပွဲအပြီးတွင် ကြိုတင်ကျင်းပခဲ့သော စာပေလေ့လာဖတ်ရှုမှုပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲဆုရရှိသူများ၊ ကျပန်းစကားပြောနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲတို့တွင်ဆုရရှိသူများအားခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေး၊ ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းဆမ်တစ်၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ခိုင်နှင့် တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ကြသည်။ ယင်းနောက် ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းဆမ်တစ်က အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## အမျိုးသမီးအိမ်တွင်းမှုအဆင့်မြင့်သင်တန်းနှင့် အခြေခံအိမ်တွင်းမှု သင်တန်းဆင်း

**ပခုက္ကူ ဒီဇင်ဘာ ၉**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနသည် နယ်စပ်ဒေသများတွင် တိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၉ကျောင်း၊ စက်မှုလက်မှု သင်တန်းကျောင်း လေးကျောင်း၊ အဆင့်မြင့် ပညာရပ်များ သင်ကြားပေးနိုင်ရန် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခုကို ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် တည်ထောင်ဖွင့်လှစ်ပေးခဲ့ပြီး တိုင်းရင်းသားလူမျိုးပေါင်းစုံ တက်ရောက်သင်ကြားလျက်ရှိကြောင်း၊ အလားတူ နယ်စပ်ဒေသများမှာ မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားအမျိုးသမီးများနှင့် ပတ်သက်ပြီး ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းပညာရပ်များ တတ်မြောက်စေရန် သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း သင်တန်းကျောင်း ၃၆ ကျောင်း ဖွင့်လှစ်ထားပြီး သင်တန်းများပေးခြင်း၊ ဘဝရပ်တည်မှုအတွက် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ မိမိနေထိုင်ရာ အရပ်ဒေသများတွင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်က အပ်ချုပ်စက်များကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးနိုင်ခဲ့ကြောင်း၊ ပခုက္ကူသင်တန်းကျောင်းမှာ အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ်(၁)မှ (၂၁)အထိ ၂၂၅ဦးအောင်မြင်ခဲ့ပြီး အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၁)မှ (၂၄)အထိ ၉၃၀ အောင်မြင်ခဲ့ကြောင်း၊ အိမ်တွင်းမှု လက်မှုလုပ်ငန်း(ကြိမ်)သင်တန်းအမှတ်စဉ် (၁)၌ တစ်ဦး၊ စုစုပေါင်း ၁၁၅၆ဦး ရှိနေကြောင်း၊ နိုဝင်ဘာ ၂၉ရက် နံနက် ၉နာရီတွင် အမျိုးသမီးအိမ်တွင်းမှုသင်တန်းကျောင်း (ပခုက္ကူ)၌ကျင်းပသောအဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၂၁)နှင့် အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၂၄)သင်တန်းဆင်းပွဲတွင်ပခုက္ကူခရိုင်အုပ်ချုပ်ရေးမှူးဦးတင်မောင်ဝင်းက သင်တန်းဆင်းပွဲတွင် ပြောကြားသည်။



ခရိုင်အုပ်ချုပ်ရေးမှူးက အဆင့်မြင့်သင်တန်းထူးချွန်ဆုရ ဂန့်ဂေါခရိုင်၊ ဇာဟော ကျေးရွာမှ မသဲစုမွန်အား လည်းကောင်း၊ အခြေခံအိမ်တွင်းမှုသင်တန်း ထူးချွန်ဆုရ ပခုက္ကူမြို့နယ် ချင်းငယ်ကျေးရွာမှ မယုယုမော်အား ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိုးစိုးသိန်းကလည်းကောင်း၊ သင်တန်းဆင်းလက်မှတ်များကို မြို့နယ်မိခင်ကလေးအသင်း ဒုတိယဥက္ကဋ္ဌက ဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(ဝဲပုံ) အောင်(မန်းတက္ကသိုလ်)**



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)
## ပင်လုံတက္ကသိုလ်
## ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

ပင်လုံတက္ကသိုလ် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်၊ ၂၀၁၃ ခုနှစ် စက်တင်ဘာလနှင့် ဒီဇင်ဘာလတွင် ကျင်းပခဲ့သော တတိယနှစ်(၂၀၁၀ အောင်)၊ ဝိဇ္ဇာ/သိပ္ပံစာမေးပွဲများ စတုတ္ထနှစ်ဥပဒေဘွဲ့ (၂၀၀၉အောင်) စာမေးပွဲနှင့် သိပ္ပံဂုဏ်ထူးဘွဲ့ (၂၀၀၉ အောင်)စာမေးပွဲနှင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ၂၀၁၃ခုနှစ် မတ်လတွင် ကျင်းပခဲ့သော မဟာဘွဲ့သင်တန်း(၂၀၀၆အောင်) စာမေးပွဲအောင်မြင်ခဲ့ကြသူများသည် ပင်လုံတက္ကသိုလ် နဝမအကြိမ် ဘွဲ့နှင်းသဘင် တက်ရောက်ယူရန်နှင့် အဝေးရောက်ဘွဲ့လျှောက်လွှာများ တင်သွင်းလျှောက်ထားနိုင်သည်။

**ဘွဲ့နှင်းသဘင်ကြေး**

**တက်ရောက်ဘွဲ့ကြေး-၁၅၀၀ိ/**

**အဝေးရောက်ဘွဲ့ကြေး-၁၀၀၀ိ/**

**လျှောက်လွှာတင်သွင်းရမည့်ရက်** - ၁၆-၁၂-၂၀၁၃ ရက်မှ ၁၀-၁-၂၀၁၄ရက်အထိ
**အစမ်းလေ့ကျင့်ရက်** - ၂၄-၁-၂၀၁၄ ရက် (သောကြာနေ့)
**ဘွဲ့နှင်းသဘင်အခမ်းအနား** - ၂၅-၁-၂၀၁၄ ရက် (စနေနေ့)

**မှတ်ချက်**

(၁) သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။
(၂) လွန်ခဲ့သောသုံးလအတွင်း ရိုက်ကူးထားသော (၂×၁.၅)လက်မ ရောင်စုံဓာတ်ပုံ သုံးပုံပူးတွဲ၍ လျှောက်ထားနိုင်ရမည်။
(၃) သတ်မှတ်ဘွဲ့ကြေးများကို ပင်လုံတက္ကသိုလ်ငွေလက်ခံဌာနတွင် ပေးသွင်းရပါမည်။
(၄) ရပ်ဝေးမှ ပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးပို့ရမည်ဖြစ်ပြီး ငွေပို့လွှာ၏အောက်ခြေတွင် **ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း**ဟု ဖော်ပြရမည့်အပြင် လျှောက်လွှာ၏ အမည်၊ စာမေးပွဲအောင်မြင်သည့်ခုနှစ်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာရပ် စသည်များကို တိကျစွာဖော်ပြလျှောက်ထားရမည်။ ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။
(၅) ဘွဲ့လျှောက်ထားရာတွင် တင်သွင်းရမည့် ဓာတ်ပုံများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား) နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ သပ်ရပ်စွာရိုက်ကူးထားသော ဓာတ်ပုံများဖြင့်သာ လျှောက်ထားရပါမည်။
(၆) တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားကို တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်ကို အဝေးရောက်ဘွဲ့လက်မှတ်များထုတ်ပေးသည့် အချိန်မှသာ ထုတ်ပေးမည် ဖြစ်ပါသည်။
(၇) အသေးစိတ်အချက်အလက်များကို ပင်လုံတက္ကသိုလ် ဖုန်း-၀၈၁-၃၀၄၅၁၊ ၃၀၄၅၄၊ ၃၀၄၅၇၊ ၃၀၆၉၇ တို့တွင် စုံစမ်းနိုင်ပါသည်။

**(လှမိုးအောင်)**
**မော်ကွန်းထိန်း**
**စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာန**
**ပင်လုံတက္ကသိုလ်**

## အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဝန်ထမ်းဟောင်းများ (၁၄)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကျင်းပမည်

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၌ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၇၅)နှစ်နှင့်အထက် ဝန်ထမ်းဟောင်းများအား (၁၄)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါန သံဃာ့ဆေးရုံကြီး အလှူတော်မင်္ဂလာခန်းမ၌ ဒီဇင်ဘာ ၂၉ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀း၃၀ နာရီတွင် ကျင်းပမည်ဖြစ်ရာ ယခင်နှစ် ကန်တော့ခံစာရင်းတွင်ပါဝင်ခြင်း မရှိသေးသော ၂၉-၁၂-၂၀၁၃ ရက်၌ အသက် (၇၅)နှစ်ပြည့်သည့် ဝန်ထမ်းဟောင်းများ ဆက်သွယ်ကြရန်နှင့် သက်ကြီးပူဇော်ပွဲသို့ဝန်ထမ်းဟောင်းများနှင့် တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များ တက်ရောက်ကြရန် နိုးဆော်ထားပြီးဖြစ်ပါသည်။

အလှူငွေများကို **ဦးလွင်ဦး ဖုန်း-၀၉-၅၀၄၆၇၈၀၊ ဦးတင်မြင့် ဖုန်း-၀၉-၄၃၁၇၅၄၅၅၊ ဦးစံနီမောင် ဖုန်း-၀၉-၇၃၀၄၆၁၈၇၊ ဦးအေးမောင်သန်း ဖုန်း-၀၉-၅၁၂၁၅၉၉၊ ဦးသိန်းဟန် ဖုန်း-၀၉-၅၂၇၅၄၆၈၊ ဦးမြင့်ရွှေ ဖုန်း-၀၉-၄၃၁၅၈၀၆၃၊ ဦးမြင့်သိန်း ဖုန်း-၀၉-၅၁၈၅၁၃၂၊ ဦးရဲမြင့် ဖုန်း-၀၉-၇၃၁၁၁၂၇၀** တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## ကြို့ပင်ကောက်မြို့နယ် အာစရိယပူဇော်ပွဲကျင်းပမည်

ကြို့ပင်ကောက်မြို့နယ်လုံးကျွတ် အာစရိယပူဇော်ပွဲကို ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အထကကျောင်းခန်းမဆောင်၌ ကျင်းပမည်ဖြစ်ပါသည်။ ရန်ကုန်မြို့မှ ကြို့ပင်ကောက်မြို့သို့ ဒီဇင်ဘာ ၂၁ ရက် နံနက် ၅ နာရီတွင် ဆူးလေဂိတ်မှစတင်၍ မြေနီကုန်း-ရိုးမဘဏ်ရှေ့၊ လှည်းတန်းမှတ်တိုင်၊ သုခလမ်းနှင့်အုတ်ကျင်းမှတ်တိုင်စုရပ်တို့တွင် အသီးသီးတင်ဆောင်၍ အင်းစိန်သီရိစန္ဒာအထူးကုဆေးရုံရှေ့မှ နံနက် ၆း၃၀ နာရီထက်နောက်မကျဘဲ ထွက်ပါမည်။

လိုက်ပါလိုသူများနှင့် အလှူငွေလှူဒါန်းလိုသူများ အောက်ပါပုဂ္ဂိုလ်များထံသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

**ဦးတင်မြင့်** ဖုန်း-၀၁-၆၄၀၂၅၉၊ ၀၉-၅၁၇၈၀၆၂
**ဦးသိန်းဝင်း** ဖုန်း-၀၉-၇၃၀၇၆၂၂၇ နှင့် ဦးထွေး ဖုန်း-၀၉-၅၄၀၀၈၅၇

**အမှုဆောင်အဖွဲ့**
**ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်)**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း စီမံကိန်းရုံးများတွင် အသုံးပြုရန်အတွက် မီးသတ်ဆေးဘူးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၀-၁၂-၂၀၁၃ရက်
**တင်ဒါပိတ်မည့်ရက်** - ၃၁-၁၂-၂၀၁၃ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

# အလုပ်အကိုင်အခွင့်အလမ်းနှင့်ဌာနဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုရေးစီးပွားရေးကြော်ငြာ

## လေလံတင်ရောင်းချရန်ကြော်ငြာစာ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ရှမ်းပြည်နယ်(လားရှိုး)၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်ရှိ အောက်ဖော်ပြပါပစ္စည်းများအား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

| လပ်ပုံအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | ပစ္စည်းတည်နေရာ |
|---|---|---|---|
| (၁) | ထင်းရှူးသစ်/တိုင် | ၂၂၅ လုံး | ADB II သစ်တောဝင်း |
| (၂) | ကျွန်းပင်ကျပ်တိုင် | ၂၈၄ လုံး | ညောင်ထောက်ကြိုးဝိုင်းအကွက်(၅/၆) |
| (၃) | ထင်းရှူးတိုင် | ၂၃၅၁ လုံး | ဟိုခိုကျေးရွာ |
| (၄) | ထင်းရှူးတိုင် | ၄၆၅၄ လုံး | ဟိုခိုကျေးရွာ |

လေလံတင်ရောင်းချခြင်းအား ကျောက်မဲခရိုင်သစ်တောရုံးတွင် ၂၂-၁၂-၂၀၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀း၀၀ နာရီတွင် ပြုလုပ်သွားမည်ဖြစ်ပါသည်။ လေလံဆွဲဝယ်ယူလိုသူများသည် လေလံဆွဲဝယ်ယူခွင့် လျှောက်လွှာများကို ၂၅-၁၁-၂၀၁၃ ရက်မှ ၂၀-၁၂-၂၀၁၃ ရက်အထိ ကျောက်မဲခရိုင်သစ်တောရုံးနှင့် နောင်ချိုမြို့နယ်သစ်တောရုံးတို့တွင် တစ်စုံလျှင် ၅၀၀၀ိ/နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၂၀-၁၂-၂၀၁၃ရက် နောက်ဆုံးထား၍ ကျောက်မဲခရိုင်သစ်တောရုံးသို့ လျှောက်လွှာတင်သွင်းရမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လေလံတင်ရောင်းချရေးကော်မတီ**
**ကျောက်မဲခရိုင်သစ်တောဦးစီးဌာန**
**ကျောက်မဲမြို့**

## ဆင့်မအကြိမ် ကိုရီးယားဘာသာ EPS-TOPIK စာမေးပွဲအောင်မြင်သူများအတွက်
# အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၉ ရက်နှင့် ၁၀ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ဆဋ္ဌမအကြိမ် ကိုရီးယားဘာသာ EPS-TOPIK (စိုက်ပျိုးရေး/မွေးမြူရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း) စာမေးပွဲအောင်မြင်သူများအတွက် အလုပ်လျှောက်လွှာ (Job Application Form)များအား ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၆ရက်မှစ၍ ယှဉ်တွဲပါရက်များအလိုက် ဖော်ပြထားသော ခုံနံပါတ်များအတိုင်း နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ ၅နာရီအထိ လျှောက်လွှာများထုတ်ပေးခြင်း၊ လက်ခံခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ လျှောက်လွှာများအား အောက်ပါနေ့ရက်များအလိုက် ပူးတွဲပါခုံနံပါတ်များအတိုင်း ထုတ်ပေးသွားမည်ဖြစ်ပါသည်။

| | | | | | | | |
|---|---|---|---|---|---|---|---|
| (က) | ၁၆-၁၂-၂၀၁၃ | ရက် | ခုံအမှတ် | ၂၀၀၀၀၀၀၁ | မှ | ၂၀၀၀၀၉၆၃ | အထိ |
| (ခ) | ၁၇-၁၂-၂၀၁၃ | ရက် | ခုံအမှတ် | ၂၀၀၀၀၉၆၅ | မှ | ၂၀၀၀၂၀၀၈ | အထိ |
| (ဂ) | ၁၈-၁၂-၂၀၁၃ | ရက် | ခုံအမှတ် | ၂၀၀၀၂၀၁၁ | မှ | ၂၀၀၀၃၀၇၁ | အထိ |
| (ဃ) | ၁၉-၁၂-၂၀၁၃ | ရက် | ခုံအမှတ် | ၂၀၀၀၃၀၇၃ | မှ | ၂၀၀၀၄၂၅၃ | အထိ |
| (င) | ၂၀-၁၂-၂၀၁၃ | ရက် | ခုံအမှတ် | ၂၀၀၀၄၂၅၄ | မှ | ၂၀၀၀၅၅၁၄ | အထိ |
| (စ) | ၂၁-၁၂-၂၀၁၃ | ရက် | ခုံအမှတ် | ၂၀၀၀၅၅၁၅ | မှ | ၂၀၀၀၆၅၈၂ | အထိ |

၃။ လျှောက်လွှာများ ပြန်လည်တင်သွင်းခြင်းကို အောက်ဖော်ပြပါနေ့ရက်များနှင့် ယှဉ်တွဲဖော်ပြပါခုံနံပါတ်များအတိုင်း လက်ခံဆောင်ရွက်သွားမည်ဖြစ်ပါသည်-

| | | | | | | | |
|---|---|---|---|---|---|---|---|
| (က) | ၂၃-၁၂-၂၀၁၃ | ရက် | ခုံအမှတ် | ၂၀၀၀၀၀၀၁ | မှ | ၂၀၀၀၀၅၇၉ | အထိ |
| (ခ) | ၂၄-၁၂-၂၀၁၃ | ရက် | ခုံအမှတ် | ၂၀၀၀၀၅၈၁ | မှ | ၂၀၀၀၁၁၅၉ | အထိ |
| (ဂ) | ၂၆-၁၂-၂၀၁၃ | ရက် | ခုံအမှတ် | ၂၀၀၀၁၁၆၁ | မှ | ၂၀၀၀၁၇၆၇ | အထိ |
| (ဃ) | ၂၇-၁၂-၂၀၁၃ | ရက် | ခုံအမှတ် | ၂၀၀၀၁၇၇၀ | မှ | ၂၀၀၀၂၄၃၂ | အထိ |
| (င) | ၂၈-၁၂-၂၀၁၃ | ရက် | ခုံအမှတ် | ၂၀၀၀၂၄၃၉ | မှ | ၂၀၀၀၃၀၇၁ | အထိ |
| (စ) | ၃၀-၁၂-၂၀၁၃ | ရက် | ခုံအမှတ် | ၂၀၀၀၃၀၇၃ | မှ | ၂၀၀၀၃၇၅၃ | အထိ |
| (ဆ) | ၃၁-၁၂-၂၀၁၃ | ရက် | ခုံအမှတ် | ၂၀၀၀၃၇၅၄ | မှ | ၂၀၀၀၄၄၅၉ | အထိ |
| (ဇ) | ၁-၁-၂၀၁၄ | ရက် | ခုံအမှတ် | ၂၀၀၀၄၄၆၁ | မှ | ၂၀၀၀၅၂၁၈ | အထိ |
| (ဈ) | ၂-၁-၂၀၁၄ | ရက် | ခုံအမှတ် | ၂၀၀၀၅၂၂၄ | မှ | ၂၀၀၀၆၁၃၄ | အထိ |
| (ည) | ၃-၁-၂၀၁၄ | ရက် | ခုံအမှတ် | ၂၀၀၀၆၁၃၅ | မှ | ၂၀၀၀၆၅၈၂ | အထိ |

၄။ လျှောက်လွှာထုတ်ယူရာတွင် သတိပြုရမည့်အချက်များ-

(က) လျှောက်လွှာအား ကာယကံရှင်ကိုယ်တိုင် နိုင်ငံကူးလက်မှတ်၊ စာမေးပွဲဖြေဆိုခွင့် ဖြတ်ပိုင်းများနှင့်အတူ ပြသဝယ်ယူရမည်။

(ခ) လျှောက်လွှာတစ်စောင်လျှင် ၄၅၀၀ိ/-ဖြင့် ရောင်းချပေးပါမည်။

(ဂ) ဓာတ်ပုံရိုက်ခြင်းအား စာမေးပွဲစစ်ဆေးခဲ့စဉ်က တင်ပြသည့်ပုံ၊ နိုင်ငံကူးလက်မှတ်ပါပုံနှင့် ယခုတင်ပြသည့် ဓာတ်ပုံတို့ ကွဲလွဲမှုမရှိစေရန် သတိပြုရပါမည်။

(ဃ) ဆေးစစ်ခြင်းအား သတ်မှတ်ထားသည့် ဆေးခန်းများ၌သာ ပြုလုပ်ရပါမည်။

၅။ လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ-

(က) အလုပ်လျှောက်လွှာနှင့်ပတ်စ်ပို့ဓာတ်ပုံ (၆)ပုံ။

(ခ) ကျန်းမာရေးဆေးစစ်ချက်မှတ်တမ်းမူရင်းနှင့် မိတ္တူ။

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် မိတ္တူ။

(ဃ) နိုင်ငံကူးလက်မှတ်မူရင်းနှင့် မိတ္တူ (နိုင်ငံကူးလက်မှတ်သက်တမ်းအနည်းဆုံး တစ်နှစ်ကျန်ရှိရမည်။)

(င) အိမ်ထောင်စုဝင်ဇယားမူရင်းနှင့် မိတ္တူ။

(စ) ပညာအရည်အချင်း အထောက်အထားမူရင်းနှင့် မိတ္တူ။

(ဆ) စက်မှု၊ လက်မှုပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှု အထောက်အထားရှိက မူရင်းနှင့်မိတ္တူ။

(ဇ) အခြားအလုပ်ခွင် Training သင်တန်းဆင်းလက်မှတ်များရှိက မူရင်းနှင့်မိတ္တူ။

၆။ လျှောက်လွှာများထုတ်ပေးခြင်းနှင့် လက်ခံခြင်းများအား အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ အမှတ် (၈/၁)၊ နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၌ပြုလုပ်ပါမည်။

၇။ အလုပ်လျှောက်လွှာတွင် အချက်အလက်များမှန်ကန်စွာဖြည့်စွက်ဖော်ပြရန်လိုအပ်ပါသည်။ မှားယွင်းစွာဖော်ပြဖြည့်စွက်ခဲ့ပါက ကာယကံရှင်၏တာဝန်သာ ဖြစ်ပါမည်။

အလုပ်လျှောက်လွှာနှင့်ပတ်သက်၍ သိရှိလိုသောအချက်များရှိပါက အောက်ပါဖုန်းနံပါတ်များသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ**
**အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**
**ဖုန်း-၀၁-၆၆၇၇၅၄၊ ၀၁-၆၅၆၈၄၃**

## ဆဋ္ဌမအကြိမ် သမိဒ္ဓေါဒယဝံသ
## အာစရိယပူဇော်ပွဲ လျှောက်ထားဖိတ်ကြားလွှာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ သမိဒ္ဓေါဒယသုခိတာရာမဒေါ်ဉာဏစာရီ မြန်အောင်သီလရှင်စာသင်တိုက်ရှိ ကျေးဇူးတော်ရှင် အဘွားဆရာကြီးများအား ပူဇော်ကန်တော့၍ ဩဝါဒခံယူပွဲနှင့် သာသနဓဇဓမ္မာစရိယဘွဲ့ရဆရာလေးများ၊ အစိုးရ ပါဠိပထမပြန်စာမေးပွဲ၌ ဂုဏ်ထူးဆုရ ဆရာလေးများ၊ သာမဏေကျော် လင်္ကာရဘွဲ့ရ ဆရာလေးများအား ဆုပေးပွဲ အခမ်းအနားကို (၁၃၇၅ခုနှစ် နတ်တော်လပြည့်ကျော် ၅ရက်) ၂၂-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၇း၀၀နာရီတွင် ကျင်းပမည်ဖြစ်ပြီး၊ ၎င်းနေ့ နံနက် ၉း၀၀နာရီတွင် ဆွမ်းကြီးလောင်းပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပါသောကြောင့် သမိဒ္ဓေါဒယနွယ်ဖွားတပည့် သီလရှင်ဆရာကြီး၊ ဆရာလေးများအားလုံး ၂၁-၁၂-၂၀၁၃ရက် (စနေနေ့)အရောက် မပျက်မကွက် ကြွရောက်ကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**မှတ်ချက်။** ၂၁-၁၂-၂၀၁၃ရက် (စနေနေ့) ညနေ ၆း၀၀နာရီတွင် မဇ္ဈိမဂုဏ်ရည် ဆရာတော် ဒေါက်တာဘဒ္ဒန္တကောဝိဒအရှင်သူမြတ်မှ နိဗ္ဗာန်ရောက်ကြောင်းတရား ဟောကြားပါမည်။

**ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့**

## ကလေးတက္ကသိုလ်
## အဋ္ဌမအကြိမ်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ကလေးတက္ကသိုလ်က ကြီးမှူးကျင်းပခဲ့သည့် အောက်ဖော်ပြပါ ပညာသင်နှစ်များ၏(ဘွဲ့) စာမေးပွဲအသီးသီးကို ဖြေဆိုအောင်မြင်ခဲ့ကြသူများသည် ကလေးတက္ကသိုလ် အဋ္ဌမအကြိမ်ဘွဲ့နှင်းသဘင်အခမ်းအနားတွင် တက်ရောက်ဘွဲ့ (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန်အတွက် ဘွဲ့နှင်းသဘင် လျှောက်လွှာများကို ၂၁-၁-၂၀၁၄ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

(က) **၂၀၁၂-၂၀၁၃ပညာသင်နှစ်** - မဟာသုတေသနဘွဲ့ စာမေးပွဲအောင်မြင်ပြီးသူများ
- မဟာဘွဲ့စာမေးပွဲ အောင်မြင်ပြီးသူများ
- ဂုဏ်ထူးဘွဲ့စာမေးပွဲ အောင်မြင်ပြီးသူများ
- ရိုးရိုးဘွဲ့စာမေးပွဲ အောင်မြင်ပြီးသူများ

၂။ လျှောက်ထားသူများသည် ကလေးတက္ကသိုလ်စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာနခွဲတွင် သတ်မှတ်ထားသည့်လျှောက်လွှာပုံစံ၊ မြန်မာဝတ်စုံ/တိုင်းရင်းသားဝတ်စုံ/အနောက်တိုင်းဝတ်စုံတို့ဖြင့် နောက်ဆုံးရိုက်ကူးထားသော(၂×၁½)လက်မအရွယ် ဓာတ်ပုံနှစ်ပုံနှင့် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူတို့ကို ပူးတွဲ၍ လျှောက်ထားကြရမည်။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့အတွက် ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ) နှင့် အဝေးရောက်ဘွဲ့အတွက် ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)ဖြစ်ပါသည်။ ဘွဲ့နှင်းသဘင်ကြေးကို ကိုယ်တိုင်ပေးသွင်းလိုသူများသည် ကလေးတက္ကသိုလ်ငွေလက်ခံဌာနသို့ ပေးသွင်းနိုင်ပါသည်။ ရပ်ဝေးမှ ပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order) ဖြင့် ပေးနိုင်ပါသည်။ ငွေပို့လွှာ၏ အောက်ခြေတွင် **ဘွဲ့နှင်းဘသင်ကြေး ပေးပို့ခြင်း**ဟုဖော်ပြပြီး ပါမောက္ခချုပ်၊ ကလေးတက္ကသိုလ်လိပ်မူ၍ လျှောက်လွှာရှင်၏ အမည်၊ ဘွဲ့ရစာမေးပွဲ ခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့်ခုနှစ်နှင့်လ၊ နေရပ်လိပ်စာအပြည့်အစုံကို တိကျစွာဖော်ပြရပါမည်။ ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။

၄။ (၂၀၁၂-၂၀၁၃)ပညာသင်နှစ်မတိုင်မီက ဘွဲ့ရစာမေးပွဲအောင်မြင်ပြီးသူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။

၅။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန်ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၆။ ဘွဲ့အပ်နှင်းမည့် အစီအစဉ်များကို ဆက်လက်ကြေညာသွားမည် ဖြစ်ပါသည်။

၇။ အသေးစိတ်အချက်အလက်များကို သိလိုပါက ကလေးတက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနသို့လည်းကောင်း ဖုန်း-၀၇၃-၂၁၄၆၇၊ ၂၁၃၄၄ လိုင်းခွဲ (၁၆)တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**(အောင်အောင်စိုး)**
**ဌာနမှူး၊ သင်တန်းရေးရာဌာန**
**ကလေးတက္ကသိုလ်**

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်(၁)၊ မြေကွက်အမှတ် ၈၅၄၊ ၈၅၅ အမည်ပေါက် ဦးမောင်အေး၏မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးရန်မြင့်ချို ၉/မနမ(နိုင်)၀၈၆၁၃၆ က မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထား မူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်(၁)၊ မြေကွက်အမှတ် ၄၈၉ အမည်ပေါက် ဦးထွန်းခင်၏မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်နီလာ ၁၂/သလန(ပြု)၀၀၀၆၉၀ က မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များ တင်ပြပြီး မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထား မူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ယမုံနာ(၂)၊ မြေကွက်အမှတ် က-၂၈၅၊ မြေကွက်တည်နေရာအမှတ် က-၂၈၅၊ ရွာမလမ်း၊ ယမုံနာ(၂)ရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးစိန်မောင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးစိန်မောင်(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်တိုးတိုးလွင် ၁၂/ဒပန(နိုင်)၀၁၈၄၃၄က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၃၀၈/က၊ မြေကွက်တည်နေရာအမှတ် ၃၀၈/က၊ ပင်းယ ၁၃လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်မြမြ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်မြမြနှင့် ခင်ပွန်း ဦးချစ်သန်း ကွယ်လွန်သဖြင့် ဒေါ်ခင်ဌေးရီ ၁၂/သဃက(နိုင်)၁၁၈၉၀၃၊ ဦးစန်းမြင့် ၁၂/ ဥကတ(နိုင်)၀၉၉၁၃၁၊ ဒေါ်မြင့်မြင့်ခိုင် ၁၂/ဥကတ(နိုင်)၀၉၉၄၁၁၊ ဒေါ်ချိုချို ၁၂/ ဥကတ(နိုင်)၀၇၈၃၆၉၊ ဒေါ်ဖြူဖြူ ၁၂/အစန(နိုင်) ၁၂၄၅၉၇ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ် ၁၇၀၉၇(၁၃-၉-၁၃)၊ ၁၇၀၉၆(၁၃-၉-၁၃)ဖြင့် လွှဲအပ်ခံရသူ အထွေထွေကိုယ်စားလှယ် ဒေါ်ခင်ဌေးရီ ၁၂/သဃက(နိုင်)၁၁၈၉၀၃မှ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၃၄၉(၂၅-၉-၁၃)ကိုတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အနောက်ပိုင်းခရိုင်၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် (၄)ရပ်ကွက်၊ ၂၇လမ်း၊ အမှတ်၁၄၀၊ အခန်း (၃/က) တတိယထပ်နှင့်စပ်လျဉ်း၍ ပန်းဘဲတန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဝန်ရုံးသို့ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ- ၁၆(၁)အရ အိမ်လခများပေးသွင်းခွင့်ပြုပါရန် ဒေါ်နှင်းရွှေ ၁၂/ပဘတ(နိုင်)၀၁၁၇၉၈၊ အမှတ် ၁၄၀၊ အခန်း ၃/က၊ တတိယထပ်၊ ၂၇လမ်းမှ လျှောက်ထားလာပါသည်။ အထက်ဖော်ပြပါ အိမ်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသောအထောက်အထားများ(မူရင်း)နှင့်တကွ ပန်းဘဲတန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဝန်ရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဝန်ရုံး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်အနောက်ပိုင်းခရိုင်**

## တိုက်ခန်းသစ်ရောင်းမည်
## (ပထမထပ်)

စမ်းချောင်းမြို့နယ်၊ လမ်းသန့်၊ ပေကျယ် (၁၂½×၅၀)၊ ပါကေး၊ ကြွေပြား၊ သံပန်း၊ ဆန်းရှိုတ်၊ အိပ်ခန်း ၁၊ ကိုယ်ပိုင်(ရေ၊မီး)၊ (ဝရန်တာ၊ ရေချိုးခန်း၊ မီးဖိုခန်း) ကြွေပြားခင်း/ကပ်၊ ပြင်ဆင်ပြီး အသင့်နေတိုက်ခန်းသစ်၊ လူနေခွင့်ရပြီး၊ ပွဲစားမလို။ ကျပ်သိန်း ၄၈၀။

**ဖုန်း-၀၉-၇၃၁၅၆၄၉၄၊ ၀၉-၄၂၀၁၂၈၈၇၅**

## ရောင်းမည်

၄၈ ပေ× ပေ၆၀
အုတ်တံတိုင်းကာပြီး
အဝီစိရေ၊ မီးစုံ (တိုက်ခံအိမ်သင့်တင့်ရုံပါ။)
ညိုနှိုင်းဈေး
ဥက္ကာလမ်းမပေါ်၊
စံပြရပ်ကွက်၊ မင်္ဂလာဒုံ

**ဖုန်း-၀၉-၃၁၅၃၄၂၇၉၊ ၀၉-၃၁၄၆၄၉၉၃**

## တိုက်ခန်းငှားမည်

ဖဆပလ ရပ်ကွက်၊
ကန်တော်လေးအိမ်ရာ
ငါးလွှာ၊ 1500 sft၊ 1MBR , 1BR
ဧည့်ခန်းပါကေး၊
မီးဖိုခန်းကြွေပြားအဆင့်မြင့်ပြင်ဆင်ပြီး
တစ်လ ၁၀သိန်း၊ ပွဲစားမလို။

**ဖုန်း-၂၀၅၆၄၉၊ ၀၉-၅၁၆၆၁၁၉**

10-12 (20).pmd 1 12/10/2013, 12:43 PM

## လူမှုရေးကြော်ငြာ

## ဝမ်းနည်းကြေကွဲခြင်း
### ဦးအောင်မြတ်
### B.E (Chemical)
### အသက်(၅၂)နှစ်

မန္တလေးမြို့၊ ၂၉ လမ်း၊ ဒေါင်းရိုးရပ်နေ (ဦးမျိုးညွန့်-ဒေါ်သီသီ)တို့၏သား၊ ဒေါ်သန်းသန်းမြတ် (ခ) တူးတူး (ယုဇန D ရုံ၊ ပထမထပ်၊ ဈေးချို)၏မောင် ဦးအောင်မြတ်သည် ၆-၁၂-၂၀၁၃ ရက် (သောကြာနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မရီမ၊ ခင်စန္ဒာလတ်၊ စန်းစန်းဝင်း၊ စန်းစန်းမေ၊ ခင်မေဝင်း၊ မြင့်မြင့်ရီ၊ ခင်ခင်ဝင်း၊ ဆွေဆွေလှ၊ ကြည်ကြည်ရင်၊ မြင့်သီတာ**

## (၂)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
### ဒေါ်ခင်ဆွေညွန့်(ခ)ဒေါ်ချယ်ရီ
### အသက်(၆၅)နှစ်

မတတ်တာကို တတ်အောင်သင်ပြပေးတဲ့ အမေ၊ မသိတာကို သိအောင် ပြောပြပေးတဲ့ အမေ၊ စကားပြောရာမှာ ဟုတ်ကဲ့ပါခင်ဗျာ၊ ဟုတ်ကဲ့ပါရှင့်လို့ သင်ပြပေးတဲ့အမေ

အမေရေ သားတို့ပြုသမျှ ကောင်းမှုကုသိုလ်များကို မြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

**အမေ့ရဲ့သား**
**မောင်မြင့်ဦး-မနွယ်နွယ်ဝင်း**
**မိသားစု**

## တစ်နှစ်ပြည့်လွမ်းဆွတ်သတိရအမျှပေးဝေခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဒုတိယဗိုလ်ချုပ်ကြီးမောင်လှ(ငြိမ်း) (ကြည်း-၈၁၉၉)
### အသက်(၇၉)နှစ်

ကျေးဇူးကြီးမားၡ ချစ်သောဖခင်ကြီးမိသားစုနှင့် ခွဲခွာသွားခဲ့သည်မှာ ၁၀-၁၂-၂၀၁၃ရက်တွင် (၁)နှစ်ပြည့်ခဲ့ပါပြီ။ ဖခင်ကြီးရဲ့ကျေးဇူးတရား၊ မေတ္တာစေတနာများကို နေ့စဉ်မပြတ်လွမ်းဆွတ်သတိရနေပါတယ်။ ဖခင်ကြီး အတွက်ရည်စူး၍ နေ့စဉ်၊ အပတ်စဉ်၊ လစဉ် (၁)နှစ်ပြည့်တဲ့ ယနေ့အထိ ပြုလုပ်ခဲ့သမျှသော ကုသိုလ်ကောင်းမှုများအား အမျှပေးဝေပါတယ်။

ဖခင်ကြီး အေးချမ်းမြင့်မြတ်သောဘုံဘဝမှ မြင်နိုင်၊ ကြားနိုင်၊ သာဓုခေါ်ဆိုနိုင်ပါစေ။

အမျှ-အမျှ-အမျှ

**ကျန်ရစ်သူဇနီး၊ သားသမီးများနှင့် မြေးများ**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၅၊ မြေကွက်အမှတ် ၂၇၉/က၊ မြေကွက်တည်နေရာ အမှတ်၂၇၉/က၊ ပင်းယ ၁၂ လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပ ဒေါ်စိန်ထူး အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်စိန်ထူးထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်လှလှကြည် ၁၂/ဥကတ(နိုင်)၁၇၃၉၅၅မှ ပါမစ်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ် ဂရန်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာမြအေး
### ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန
### အသက်(၆၅)နှစ်

ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြအေး အသက်(၆၅) နှစ်သည် ၂၉-၁၁-၂၀၁၃ရက် (သောကြာနေ့) နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မျိုးဆက်သစ် ကိုယ်ပိုင်အထက်တန်းကျောင်း**
**မြောင်းမြမြို့၊ ဧရာဝတီတိုင်းဒေသကြီး**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးအောင်နိုင်(ထားဝယ်)
### အသက်(၈၄)နှစ်

ဦးဝင်းနိုင်-ဒေါ်ဝေဝေလွင်တို့၏ ချစ်လှစွာသောဖခင် ဦးအောင်နိုင်(ထားဝယ်) အသက်(၈၄)နှစ်သည် ၇-၁၂-၂၀၁၃ ရက်(စနေနေ့)နံနက် ၆း၅၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မစိမ်း**

## “(၁၀)နှစ်မြောက်လွမ်းဆွတ်သတိရခြင်း”
### ဗိုလ်မှူးကျော်ဆန်းဝင်း
### D.S.A အပတ်စဉ်(၃၁)
### (10.12.2003) - (10.12.2013)

မိသားစုနှင့်ခွဲခွာသွားသည်မှာ နှစ်ပေါင်းကြာညောင်းပြီဖြစ်သော်လည်း အမြဲတမ်းလွမ်းဆွတ်သတိရလျက်ရှိကြပါတယ်။ နေ့စဉ်၊ လစဉ် နှစ်စဉ် ပြုလုပ်သော ကုသိုလ်ကောင်းမှုအစုစုကို မိသားစုမှ လက်ရှိရောက်ရာဘုံဘဝထက် တိုးတက်မြင့်မားသော ဘုံဘဝသို့ ခံစားစံစားနိုင်ရန်လည်း အမျှပေးဝေလျက်ရှိပါတယ်။ သားရောက်ရာဘုံဘဝ မှ သာဓုခေါ်ဆိုနိုင်ပါစေလို့ ဖေဖေမေမေတို့ မိသားစုမှအမြဲတမ်း ဆုတောင်းမေတ္တာပို့သနေပါတယ်။

ဖေဖေ+မေမေ – ဗိုလ်မှူးချုပ်ပြည့်စုံ (ငြိမ်း) + ဒေါ်အေးပြည့်ဝေခင်
ကိုအောင်ဇေယျာလွင် + မကလျာပြည့်ဝေချွန်
ဗိုလ်မှူးကြီးစိုးမင်းဦး + ဒေါက်တာဝန်ထွာပြည့်ဝေချွန်
မောင်ပြည့်ဘုန်းချွန် (ခ) မြင့်မိုရ်ပြည့်ဘုန်း
မောင်ပြည့်လျှမ်းချွန် (ခ) ဝေလျှံပြည့်ဘုန်း
မောင်ဟိန်းသတိုးချွန်
“ ပြည့်ဝေချွန်မိသားစု ”

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်ကြီးကျော်စွာဝေဖြိုး
### ကြည်း-၄၇၈၉၅၊ စစ်တက္ကသိုလ်အမှတ်စဉ်(၄၉)
### အသက်(၂၇)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့၊ စာတိုက်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ ဒေါက်တာခင်မောင်ဆွေ(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)-ဒေါ်စန်းစန်းအေး (ကံ့ကော်ဆေးခန်း)တို့၏ ချစ်လှစွာသောသားကြီး ဗိုလ်ကြီးကျော်စွာဝေဖြိုးသည် ၅-၁၂-၂၀၁၃ ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁း၂၀ နာရီတွင် တိုင်းပြည်တာဝန် ထမ်းဆောင်ရင်း ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ချစ်သောသူငယ်ချင်းများ**
**ဦးသီဟခိုင်၊ ဒေါ်မြနှင်းရည်လွင်၊ ဒေါ်မေဇင်ဖြိုးဝေ၊ ဒေါ်ဖြိုးသင်ဇာနှင့် ဒေါ်ဇင်မီမီလွင်**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်ခင်နွဲ့ရီ (ရွှေပုစွန်မိခင်ကြီး)
## အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၁၉၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ်နေ သီရိသုဓမ္မမဏိဇောတဓရ(ဦးပွင့်ကောင်း)၏ဇနီး၊ ဒေါက်တာတင်ဝင်း-Christa Danzebrink-Win၊ ဦးအောင်ကျော်မြင့်-ဒေါ်နွဲ့လေးရှိန်၊ ဦးမြင့်အောင်-ဒေါ်လှဲ့ဝင်းဆွေ၊ (ဦးဗေယျာပွင့်)- ဒေါ်မူမူမောင်၊ ဒေါက်တာတင့်စိုးလင်း (Managing Director)Pwint Gaung and Khin Nwe Ye Co.,Ltd. & Shwe Pu Zun Co.,Ltd.၊ ဦးတင့်လွင် (အင်ဂျင်နီယာမှူးကြီး-ပဆက)-ဒေါ်ပွင့်မာခိုင်၊ (ဒေါ်ပွင့်မာကြည်)၊ ဒေါက်တာမျိုးမင်း-ဒေါ်ပွင့်သီဂီတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး(၁၆)ယောက်၊ မြစ်(၈)ယောက်တို့၏ ဘွားဘွားကြီးသည် ၈-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၄း၀၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁၂-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

# နိုင်ငံတကာအလယ်တွင် မြန်မာနိုင်ငံအနေဖြင့် ပုံရိပ်ကောင်းများရရှိလာ လုံခြုံရေးအပိုင်းတွင် အလေးအနက်ထားဆောင်ရွက်ရန် လိုအပ်

**နေပြည်တော်  ဒီဇင်ဘာ  ၉**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၈/၂၀၁၃)ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ပြောကြားရာတွင် ဗဟိုကော်မတီအနေဖြင့် ယနေ့အစည်းအဝေးကို ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရခိုင်ပြည်နယ်၏ နောက်ဆုံးဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်နှင့် ကော်မတီက ရှေ့ဆက်ဆောင်ရွက်မည့်

*စာမျက်နှာ ၃ ကော်လံ ၁* ✳



ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)


**ယနေ့ မာတိကာ**

ဘီဂျေပီက အိန္ဒိယပြည်နယ် လေးပြည်နယ်တွင် ကွန်ဂရက်ပါတီအား အပြတ်အသတ်အနိုင်ရ — စာ-၄

အမျိုးသားပညာရေးဥပဒေနှင့် ကျန်းမာရေးဆိုင်ရာ ဆေးပညာရေးကဏ္ဍ
ဆောင်းပါး — စာ-၆

နိုင်ငံခြားသားသတင်းထောက်အဖွဲ့ မြန်မာ့မီးရထားခရီးသွားဝန်ဆောင်မှု လေ့လာရိုက်ကူး — စာ-၁၁

ဘိုင်ယန်မြူးနစ်ပွဲပေါင်း ၄၀ ရှုံးပွဲမရှိ — စာ-၁၄


# မြန်မာအမျိုးသားဘောလုံးအသင်း ဒုတိယမြောက်နိုင်ပွဲဆက်

**နေပြည်တော်  ဒီဇင်ဘာ  ၉**

**(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ အမျိုးသားဘောလုံးပွဲစဉ်များကို ဆက်လက်ကျင်းပလျက်ရှိရာ အုပ်စု(ခ)မှ မြန်မာနှင့် တီမောလက်စ်တေအသင်းတို့ ရန်ကုန်မြို့ လှူငယ်လေ့ကျင့်ရေးအားကစားကွင်း(သုဝဏ္ဏ)၌ ဒီဇင်ဘာ ၉ ရက် ညနေ ၆ နာရီ ၄၅ မိနစ်တွင် စတင်ယှဉ်ပြိုင်ကစားကြသည်။**



မြန်မာအသင်းခေါင်းဆောင် ကျော်ဇေယျာဝင်း တီမောလက်စ်တေအသင်းဘက်သို့ ဂိုးရရှိရန်ကြိုးစားနေစဉ်။

သတင်း-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-ဖိုးသော်ဇင်

မြန်မာအသင်းသည် ပွဲစတင်သည်နှင့် တီမောဘက်သို့ ထိုးဖောက်တိုက်စစ်ဆင်ရာ ကြည်လင်း အပိုင်ကန်သွင်းခွင့်ရရှိသော်လည်း ဂိုးဘားပေါ် ကျော်သွားသဖြင့် မြန်မာအသင်း နစ်နာခဲ့ရသည်။ တီမောတို့ မြန်မာအသင်းဘက်သို့ ထိုးဖောက်ကစားခဲ့သော်လည်း မြန်မာခံစစ်မှူးများ အဆင့်ဆင့်ဟန့်တားမှုဖြင့် ကြုံတွေ့ခဲ့ရသည်။

မြန်မာတို့ အပေးအယူမှန်မှန်ဖြင့် ထိုးဖောက်ကစားခဲ့ရာမှ ပွဲချိန် ၁၂မိနစ်၌ ပြစ်ဒဏ်ဘောရရှိခဲ့ရာ ကျော်ဇေယျာဝင်းက တိုက်ရိုက်ကန်သွင်းရာ တီမောနောက်ခံလူတစ်ဦးနှင့်ထိပြီး ဂိုးဝင်သွားသဖြင့် မြန်မာတို့အဖွင့်ဂိုး ရရှိခဲ့သည်။

မြန်မာအသင်း တီမောဘက်သို့ အကြိမ်ကြိမ်ထိုးဖောက်ကာ ဂိုးသွင်းခွင့်များဖန်တီးနိုင်ခဲ့သော်လည်း အဆုံးသတ် မသေချာမှုကြောင့် ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့ချေ။ မြန်မာဘောလုံးသမားများ တီမောကစားသမားများနှင့်

*စာမျက်နှာ ၅ ကော်လံ ၁* ✳

## (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုရရှိမှုဇယား

| အဆင့် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | မြန်မာ | ၁၃ | ၃ | ၆ | ၂၂ |
| ၂ | ဗီယက်နမ် | ၆ | ၃ | ၅ | ၁၄ |
| ၃ | အင်ဒိုနီးရှား | ၄ | ၄ | ၆ | ၁၄ |
| ၄ | ထိုင်း | ၃ | ၆ | ၁ | ၁၀ |
| ၅ | မလေးရှား | ၃ | ၅ | ၁၁ | ၁၉ |
| ၆ | ဖိလစ်ပိုင် | ၂ | ၄ | ၁ | ၇ |
| ၇ | လာအို | ၁ | ၂ | ၈ | ၁၁ |
| ၈ | ကမ္ဘောဒီးယား | ၀ | ၄ | ၅ | ၉ |
| ၉ | စင်ကာပူ | ၀ | ၁ | ၂ | ၃ |
| ၁၀ | ဘရူနိုင်း | ၀ | ၀ | ၀ | ၀ |
| ၁၁ | တီမောလက်စ်တေ | ၀ | ၀ | ၀ | ၀ |

**ကြော်ငြာအချပ်ပို ရှစ်မျက်နှာပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။



တကယ့်ဒတ်ကြေလိမ်းဆေးစစ်စစ်ဆိုရင် မိဿလင် ဒတ်ကြေလိမ်းဆေး

ဘားအံ အထက(၁)အာစရိယပူဇော်ပွဲ

YAR PYAE

LCCI (UK) Level I & II, Level III

09-31538581, 09-49382752, 09-420248049

ပြောင်းရွှေ့ပေးပါမည်

မြေကွက်ဝယ်လိုသည်

09 31268183

09 31589922

အပြောင်းအလဲအတိုင်းသိရှိနိုင်ရန် ကျန်းမာရေးကို ထိန်းသိမ်းပါ

လမ်းညွှန်ပါ သန္တမွန် သောက်ပါ

ဆီးဝမ်းလေမှန် ပေါ့ပါးကျန်းမာမည်

ကျော်

ထွေးအုပ် ရာထူးသင်္ဂဟ

PSC, ဗဟိုအား အထောက်အကူ

ပြည်ပပို့ကုန်၊ သွင်းကုန်လုပ်ငန်း လမ်းညွှန်သင်တန်း

Section A : 14-12-2013

Section B : 17-12-2013

## POSITION OPENING: IT ASSISTANTS TO SUPPORT A WELL-ESTABLISHED INTERNATIONAL COMPANY IN MYANMAR

**A. QUALIFICATIONS/LANGUAGE PROFICIENCY**

1 Bachelor degree in Computer Science/Engineering, Electrical/Electronic Engineering or other relevant field is required.

2 Three to five years of relevant work experience

3 Good command of English (4-skills) and Burmese are required.

**B. KNOWLEDGE/EXPERIENCE (most welcomed/preferred)**

IT and engineering background, work experience in IT assistance, support and helpdesk services to international organizations, versed in the knowledge of hardware/software/networking and interested in learning, cooperative among the colleagues and responsive to the end users.

**C. GENERAL DUTIES AND RESPONSIBILITIES**

Duties will be assigned to three main areas: **helpdesk support, hardware and application support, project-based support**. The main responsibilities and activities involve technical supports to end-users under the supervision of senior lead staff, documenting procedures and updating incident databases.

**D. LOCATION AND HOURS OF WORK**

Based in Yangon. Need frequent travels to sites such as on-shore and off-shore. Working during weekend may require per request. The fee for overtime and site visit is considered.

**E. DURATION OF POSITION**

Contract basis yearly renewed upon qualification and work fulfilled.

**APPLICATION**

Interested applicants should send a resume/CV with cover letter in English by December 16, 2013 to naingoko@gmail.com or hqsco.myanmar@gmail.com, or by courier at HQS Co., Ltd. No.586, Damaryone Street, 8 Mile, 10 Quarter, Hlaing, Yangon.

အလိမ်မှာ စာမှာရှိ

AC-Express

Saloon Hi-Ace

09-49589762

09-49589764

09-421013999

09-421014999

The Magic Paper

## WISE College မှ နိုင်ငံတကာ အသိအမှတ်ပြု Business Management Diploma ABE (UK) Diploma များအတွက် သင်တန်းသားများလက်ခံခြင်း

WISE College မှ Business Management Diploma ABE (UK) Diploma များကို ဖွင့်လှစ်သွားပါမည်။

1. Business Management Diploma
2. Business Management Higher Diploma (Part-I)
3. Business Management Higher Diploma (Part-II)
4. Business Management Graduate Diploma

ကြေငြာချက်

ဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံလျှပ်စစ်ပညာသင်ကျောင်းအသင်း

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

မြေကွက်ဒုံ(ရန်ကုန်)

(40'x60') မြေကွက်

ဆင်မလိုက်ဈေးကွက်နှင့်

(1700 Sqft), 1MBR, 2BR, 10th Floor

Ph-0943138530, 0973184590, 09250266260

ကန့်ကွက်နိုင်ပါသည်

ကန့်ကွက်နိုင်ပါသည်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အလုပ်ခန့်ထားရေးအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများတွင် အလုပ်ခန့်ထားနိုင်ရန်အတွက် အောက်ဖော်ပြပါဘွဲ့ရများအား သရုပ်ပြ၊ လစာနှုန်း (၇၉၀၀၀ိ- ၁၀၀၀ိ-၈၄၀၀၀ိ) ရာထူးနေရာများ၌ အလုပ်ခန့်ထားရန်အတွက် သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ လိုအပ်သော စာရွက်စာတမ်းများ ပူးတွဲတင်ပြ၍ နီးစပ်ရာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများတွင် ၂၀-၁၂-၂၀၁၃ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်-

- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
- (ခ) M.E, B.E(Q), M.C.Tech, M.C.Sc, M.Sc(Phys), M.Sc (Chem), M.Sc (Maths), M.A (Eng), M.A (TEFL), M.A (Myan) ဘွဲ့ ရရှိသူဖြစ်ရမည်၊
- (ဂ) Master ဘွဲ့ရများသည် ၃၀-၁၁-၂၀၁၃ ရက်တွင် အသက် (၂၈)နှစ်ထက်မကြီးသူ ဖြစ်ရမည်ဖြစ်ပြီး B.E(Q) ဘွဲ့ရများသည် ၃၀-၁၁-၂၀၁၃ ရက်တွင် အသက်(၂၅) နှစ်ထက် မကြီးသူ ဖြစ်ရမည်ဖြစ်မည်၊
- (ဃ) ခြောက်လအတွင်း ရိုက်ထားသော ပတ်စ်ပို့ဓာတ်ပုံသုံးပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊
- (င) ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိရေးထိုးနိုင်ရမည်၊
- (စ) တစ်လအတွင်းပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာ၊
- (ဆ) တစ်လအတွင်း ပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း ကျေးရွာ/ရပ်ကွက်/ရဲစခန်းထောက်ခံစာ၊
- (ဇ) ခြောက်လအတွင်း ပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်မိတ္တူ။

၂။ သတ်မှတ်ချက်ကိုက်ညီသူများသည်အလုပ်ဝင်ခွင့် ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့၊ နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်မူရင်းများတင်ပြနိုင်ရမည်။ လျှောက်လွှာများကို နီးစပ်ရာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများ၌ ထုတ်ယူနိုင်ပါသည်။ အသေးစိတ်သိလိုပါက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး ဖုန်း-၀၆၇-၄၀၄၀၁၇ တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
## အလုပ်ခန့်ထားရေးအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများတွင် အလုပ်ခန့်ထားနိုင်ရန်အတွက် M.Com ဘွဲ့ရများအား စာရင်းကိုင်(၂) လစာနှုန်း(၇၉၀၀၀ိ-၁၀၀၀ိ-၈၄၀၀၀ိ)နှင့် B.Com ဘွဲ့ရများအား စာရင်းကိုင်(၃)၊ လစာနှုန်း (၇၃၀၀၀ိ-၁၀၀၀ိ-၇၈၀၀၀ိ) ရာထူးနေရာများ၌ အလုပ်ခန့်ထားရန်အတွက် သတ်မှတ်ချက်များနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ လိုအပ်သော စာရွက်စာတမ်းများပူးတွဲတင်ပြ၍ နီးစပ်ရာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများတွင် ၂၀-၁၂-၂၀၁၃ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်-

- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
- (ခ) M.Com, B.Com ဘွဲ့ရရှိသူဖြစ်ရမည်၊
- (ဂ) M.Com ဘွဲ့ရများသည် ၃၀-၁၁-၂၀၁၃ ရက်တွင် အသက် (၂၈)နှစ်ထက်မကြီးသူ ဖြစ်ရမည်ဖြစ်ပြီး B.Com ဘွဲ့ရများသည် ၃၀-၁၁-၂၀၁၃ရက်တွင် အသက် (၂၅)နှစ်ထက် မကြီးသူဖြစ်ရမည်ဖြစ်မည်၊
- (ဃ) ခြောက်လအတွင်း ရိုက်ထားသော ပတ်စ်ပို့ဓာတ်ပုံသုံးပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊
- (င) ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိရေးထိုးနိုင်ရမည်၊
- (စ) တစ်လအတွင်းပြုလုပ်ထားသောကျန်းမာရေးကောင်းမွန်ကြောင်းဆေးထောက်ခံစာ၊
- (ဆ) တစ်လအတွင်း ပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း ကျေးရွာ ရပ်ကွက်/ရဲစခန်းထောက်ခံစာ၊
- (ဇ) ခြောက်လအတွင်း ပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်မိတ္တူ။

၂။ သတ်မှတ်ချက် ကိုက်ညီသူများသည်အလုပ်ဝင်ခွင့် ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့၊ နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်မူရင်းများ တင်ပြနိုင်ရမည်။ လျှောက်လွှာများကို နီးစပ်ရာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများ၌ ထုတ်ယူနိုင်ပါသည်။ အသေးစိတ်သိလိုပါက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး ဖုန်း-၀၆၇-၄၀၄၀၁၇ တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

### တိုက်ခန်းငှားမည်

၃၃ပေ×၂၂ပေ၊ မြေညီထပ်၊ လှိုင်သီရိအိမ်ရာ၊ တိုက်၅၊ အခန်း၀၀၈၊ အင်းစိန်လမ်း၊ သံလမ်းနှင့် သုခမှတ်တိုင်ကြား၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ ရုံးခန်းပြုလုပ်ရန် အထူးသင့်လျော်သည်။ ကားအဝင်အထွက်ကောင်း၊ ကားရပ်နားရန်နေရာရှိ၊ အိမ်သုံးရေသန့်စက်တပ်ဆင်ပြီး။**ဖုန်း-၀၉-၂၅၄၁၀၉၂၇၃၊ ၀၉-၄၃၁၁၃၃၅၂၊ ၀၉-၄၂၃၆၈၁၇၂၀**



### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်းကွက်သစ်၊ မြေကွက်အမှတ်၅၈၀ အမည်ပေါက် ဦးထွန်းမြင့်၏မြေကွက်ကို လက်ရှိဝယ်ယူ ပိုင်ဆိုင်သူ ဒေါ်သီတာစန်းရီ ၁၂/ပဇတ(နိုင်)၀၁၁၁၅၀ က မြေကွက်စလစ်မူရင်းနှင့် အရောင်းအဝယ်စာချုပ်မူရင်းများတင်ပြပြီး မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်း မရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၂) မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ဖလမ်းရပ်ကွက်၊ မြေကွက်အမှတ်၄၀၉ အမည်ပေါက် ဦးကနေဇာ၏ မြေကွက်ကို လက်ရှိဝယ်ယူ ပိုင်ဆိုင်သူ ဒေါ်အေးအေးမော် ၉/မထလ(နိုင်)၁၇၀၀၄၈ က မြေကွက်စလစ်မူရင်းနှင့် အရောင်းအဝယ်စာချုပ်မူရင်းများ တင်ပြပြီး မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၂) မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၁၅/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| (၁) | IFB-120(2013-2014) | 4 ¼" & 3½" Square Kelly with Bushing | (3)Items | US$ |
| (၂) | IFB-121(2013-2014) | (5)Ton Air Winch for EMSCO, Oil Well, D3T2SR-1 & 2 | (4) Nos | US$ |
| (၃) | IFB-122(2013-2014) | Submersible Pump (440 IGPM,450 Ft Head, 75 KW (100 HP), 400 V | (1) Lot | US$ |
| (၄) | IFB-123(2013-2014) | Derrick Shaker Unit Flow Line Mud Cleaner FLC-504 | (2) Sets | US$ |
| (၅) | IFB-124(2013-2014) | Safety Harness & Flexible Steel Tail Ropes for Drilling Rigs | (3)Items | US$ |
| (၆) | IFB-125(2013-2014) | Insert Pump | (48)Items | US$ |
| (၇) | IFB-126(2013-2014) | Working Barrels, Working Valves, Standing Valves | (9)Items | US$ |
| (၈) | IFB-127(2013-2014) | Tubing and Casing Swab Cups | (4)Items | US$ |
| (၉) | IFB-128(2013-2014) | Magna Dewax & Wild Cat 441(AMC) | (2)Items | US$ |
| (၁၀) | IFB-129(2013-2014) | Stuffing Box | (4)Items | US$ |
| (၁၁) | IFB-130(2013-2014) | Sucker Rod, Pony Rod | (17)Items | US$ |
| (၁၂) | IFB-131(2013-2014) | Plastic Valve Cups and Plastic Seating Cups | (8)Items | US$ |
| (၁၃) | IFB-132(2013-2014) | 2" , 3" Flow Line Pipes | (2)Items | US$ |
| (၁၄) | IFB-133(2013-2014) | Sucker Rod Elevator | (5)Items | US$ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် ၄၄ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၆-၁-၂၀၁၄ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် ၄၄ နေပြည်တော်သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆**

### ကျေးဇူးဆပ်ပါမည်

အောင်ခိုင်ခိုင်စိုး No.3779 ငါးဖမ်းစက်လှေ၏ ဂရန်မူရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။

**ဦးထွန်းယု ၆/ထဝန(နိုင်)၀၀၆၈၃၀**
**အမှတ်၃၆၇၊ အောက်လမ်း၊ မရမ်းကုန်းမြို့နယ်**
**ဖုန်း-၀၉-၅၆၄၁၂၂၀**







### အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်(မာလာမြိုင်-အုတ်ကျင်း)၊ (၁၆)ရပ်ကွက်၊ ဘူတာရုံလမ်း၊ အမှတ်၁၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀/A)၊ မြေကွက်အမှတ်၆၊ မြေချိန်ဧရိယာ ၂ဒသမ၆၈၄ဧကရှိ မြေပိုင်မြေကွက်မှာ ဦးဂျေဒူရေး တရားဝင် အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။

ယင်းမြေကွက်မှ တရားဝင်ခွဲစိတ်ရခြင်းမရှိသေးသော ဒေါ်စန်းမြင့် ခေါင်းရင်းတစ်ကွက်ကျော် ဧရိယာ အလျား၅၂ပေ×အနံ၅၅ပေတို့အား ဦးသိန်းလှ ISN-၀၉၉၇၄၄က ၆-၄-၈၄ ရက်တွင် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူလက်ရောက်ရရှိ နေထိုင်လျက်ရှိပါသည်။

ယခုအခါ ဝယ်ယူသူဦးသိန်းလှမှာ ကွယ်လွန်သွားပြီဖြစ်သဖြင့် ၎င်း၏ဇနီး ဒေါ်သန်းမြင့် (ဘ)ဦးရွှေဝင်း ၁၂/လမန(နိုင်)၀၁၁၁၅၇က အမွေဆက်ခံပိုင်ဆိုင် လက်ရှိနေထိုင်လျက် ရှိပါသည်။

အဆိုပါ ဦးသိန်းလှဝယ်ယူခဲ့သောမြေကွက်အစိတ်အပိုင်းနှင့်ပတ်သက်၍ ဒေါ်သန်းမြင့်က တရားဝင်အမည်ပေါက် လွှဲပြောင်းဆောင်ရွက်မည်ဖြစ်ပါသဖြင့် အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အိအိစိုး LL.B** — **အထက်တန်းရှေ့နေ**
**ဦးမြင့်စိုး LL.B** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၄၅၀၄)**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၈၊ လူနေရပ်ကွက်အမှတ် ၃၈၊ မြေကွက်အမှတ် ၂၅၄ဟုခေါ်တွင်သော အကျယ်အဝန်း(ပေ၄၀×ပေ၆၀) ရှိမြေကွက်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးစိုးဝင်း N/OKA-၀၃၆၅၅၅က အမည်ပေါက် ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူထံမှ အဆိုပါမြေကွက်နှင့် အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေနှင့်အိမ် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**သရဖူ-အိမ်ခြံမြေနှင့် ဥပဒေအကြံပေး အထွေထွေဝန်ဆောင်မှုလုပ်ငန်း**
**ဒေါ်ခိုင်မြတ်ဝေ(စဉ်-၃၂၁၁၆)(အထက်တန်းရှေ့နေ)**
**အမှတ် ၈၃၄၊ ဗိုလ်မှူးဗထူးလမ်း၊ ၄၇ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**
**ဖုန်း-၀၉-၈၅၃၂၂၉၂၊ ၀၉-၄၃၀၅၇၇၀၈**

### အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ အင်းလျားမြိုင်လမ်း၊အမှတ် 34/A နေ ဦးတင်အောင်ဝင်း ၁၀/မလမ(နိုင်)၁၅၈၁၀၀၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေကွက်အမှတ် ၁၆၆၆၊ (အလျားပေ၄၀×အနံပေ၆၀)၊ ဧရိယာ စတုရန်းပေ ၂၄၀၀ အကျယ်အဝန်းရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ၁၄၉ ရပ်ကွက်၊ အမှတ် ၁၆၆၆ ဟု ခေါ်တွင်သော မြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ကျွန်ုပ်၏မိတ်ဆွေက ဦးအဗ္ဗဒူလာထံမှ ဝယ်ယူထားသော လက်ရှိပိုင်ရှင်ဖြစ်သူ ဦးကျော်သိန်း ၁၂/ဒဂတ(နိုင်)၀၁၃၂၃၅ ထံမှ ၁၈-၁၁-၂၀၁၃ ရက်တွင် နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ် ကတိစာချုပ်ချုပ်ဆိုကာ ကာလတန်ဖိုးငွေပေးချေပြီး အပြီးအပိုင် ဝယ်ယူလက်ရှိထားပိုင်ဆိုင်သောမြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်ပြီး ဝယ်ယူသူ ဦးတင်အောင်ဝင်း တစ်ဦးတည်းသာပိုင်ဆိုင်ပြီး အခြားမည်သူတစ်ဦးတစ်ယောက်မျှ ပိုင်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးစစ်ဦးကို LL.B** — **အထက်တန်းရှေ့နေ(စဉ်-၂၉၆၄၄)**
**ဒေါ်ရီနွယ်စိုး LL.B** — **အထက်တန်းရှေ့နေ(စဉ်-၃၁၈၂၄)**
**အမှတ်၄/၂၂၊ ရွှေချီ ၉လမ်း၊ ပျဉ်းမနားမြို့**

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၄၂၊ မြေကွက်အမှတ် ၅၃၊ မြေအကျယ်အဝန်းပေ(၂၀×၆၀)ရှိ ဒေါ်နွယ်နွယ်လှိုင် MTA-၁၇၆၇၇၁ အမည်ပေါက် နှစ်၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မူလအမည်ပေါက်ထံမှ နှစ်ဦးသဘောတူ ဆက်စပ်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထား၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဒေါ်ရှုခင် ၁၂/ဥကတ(နိုင်)၁၃၀၇၀၀က ကျွန်ုပ်၏မိတ်ဆွေအား ပြန်လည်ရောင်းချရန် ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူပြီး လက်ဝယ်ပိုင်ဆိုင်ထားသော မြေနှင့်အိမ်ဖြစ်သည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေသဘောတူညီခွင့်ပြုချက်မရဘဲ အဆိုပါမြေကွက်နှင့်နေအိမ်ပေါ်သို့ ကျူးကျော်ဝင်ရောက်ခြင်း၊ လွှဲပြောင်းရောင်းချခြင်းစသည့်တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ရန်အတွက် သတိပေးတားမြစ်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်နိုင်ရန်အတွက် ကျွန်ုပ်အား ညွှန်ကြားထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်ကြည် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၀၀၂၂)**
**အမှတ် ၅၄၄၊ မှော်ရုံလမ်း ၂၀၊ ၄ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၃၁၀၀၄၉၉၄**

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ရွှေတောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph:209200, 430480, 544383

RUBY 519100
09-51-77212 538100



## “မွေးနေ့မင်္ဂလာ ဆုတောင်းလွှာ”

ဟာရီ ဦးဇော်နိုင်ဦး [ဥက္ကဋ္ဌ၊ နိုင်ဂရု(ပ်) ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်] ၏

(၁၀-၁၂-၂၀၁၃) နေ့တွင် ကျရောက်သော မွေးနေ့မင်္ဂလာ ရည်မြွတ်မှတ်သည့် နောင်နှစ်ပေါင်း (၁၂၀) တိုင်အောင်

ချစ်သောမိသားစု၊ မိတ်ဆွေအပေါင်းအသင်းများ၊ ဝန်ထမ်းများနှင့်အတူ ပျော်ရွှင်စွာမွေးနေ့ပေါင်းများစွာကို

အမြဲပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်

ချစ်ဇနီး - ဒေါ်မိုးသီတာဆွေ
ချစ်သား၊ သမီးများ - မောင်ကောင်းမြတ်နိုင် + မစုမြတ်နိုးဦး
မောင်ဝင်းမြတ်နိုင်၊ မောင်ညီမင်းမြတ်နိုင်၊ မမွန်မြတ်နိုင်
ချစ်မြေးလေး - မပိုးအိမ်မြနိုင်






ဦးသာချင် ၏ သွက်ချာပါဒ လေငန်းဆေးပြား

Certificate TH09/3125

ISO 9001:2008 နှင့် GMP

Certificate TH06/3966.01


စုပေါင်းပိုင်အဆောက်အအုံ
(CONDOMINIUM)
နိုဝင်ဘာလ (၁၅)ရက် ၂၀၁၃ ခုနှစ်မှ
ဒီဇင်ဘာလ (၁၅)ရက် ၂၀၁၃ခုနှစ်အတွင်း
ဝယ်ယူသူ မိတ်ဆွေများအတွက်
Discount + 22nd Payment Time
အထူးအစီအစဉ်ဆောင်ရွက်ထားပါသည်။
MGW
MANDALAY GOLDEN WING
Construction Limited
Yangon Showroom
No (39), 7 Mile, Pyay Road, Mayangone Township, Yangon, Myanmar.
Phone : 95-1- 656851, 656852, 95-9- 420097992, 420097993, 420097994, 420097995, 5039498
Fax : 95-1- 656850, E-Mail : diamondinya@myanmar.com.mm


PLAYGROUND
MINI MART
FITNESS CENTRE


" Yangon's Premier Luxury No 1 Lifes
Diamond
INYA
Palace
အင်းယားကန်အနီးမှအဆင့်မြင့်နန်းတော်
Facilities
Facilities Restaurant, Shops, Mini Mart, Bakery, Coffee Shop,
Business Centre, Banquet, Playground, Squach, Table Tennis, Snooker, Yo
Fitness Centre, Spa, Lift, Car Wash, Stairs, Office, Lobby, Swimming Pool,
Indoor Garden
Car Parking
Project Management Construction Management
Group
- Mark Petrovic (Design Director and Managing Director - French)
- Philippe Cardot (Senior Project Manager - French)
- Larry Park (Construction Manager - British)
- William Childress (Design Manager - American)
- Jeremy Sarawy (Project Director - French)
- Narit Chantrathama (Planning Manager - Thailand)
- Anthony Smith (Contract Manager - British)
M.G.W Engineer Group
BANQUET
LOBBY
RESTAURANT

# မွေးနေ့မင်္ဂလာဆုတောင်းလွှာ

နိုင်ဂရု (ပ်) ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၊ ဥက္ကဋ္ဌ ဦးဇော်နိုင်ဦး ၏

(၁၀-၁၂-၂၀၁၃) ရက်နေ့တွင် ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ် မှသည်

နှစ်ပေါင်း (၁၂၀) ကျော်တိုင်အောင် ကာယသုခ၊ စိတ္တသုခ၊ နှစ်ဖြာသော ကျန်းမာ ချမ်းသာခြင်းများနှင့်ပြည့်စုံပြီး

ချစ်သောမိသားစု၊ ချစ်သောဝန်ထမ်းများ၏ တိုးတက်ရာတိုးတက်ကြောင်းအဖြာဖြာတို့အား

ဦးဆောင်လမ်းညွှန်မှုပေးကာ ထာဝရပျော်ရွှင်ချမ်းမြေ့သောဘဝကို အောင်မြင်စွာလျှောက်လှမ်းနိုင်ပါစေကြောင်း

ဆုမွန်ကောင်းတောင်းလျက် . . .

NAING Group Holding Co., Ltd. ဝန်ထမ်းများ
NAING Group Capital Co., Ltd. ဝန်ထမ်းများ
NAING Group Construction Co., Ltd. ဝန်ထမ်းများ
Champion Construction Co., Ltd. ဝန်ထမ်းများ
Myanmar New Generation Design Co., Ltd. ဝန်ထမ်းများ
Grand Paradise Landscape Co., Ltd. ဝန်ထမ်းများ
NAING Family Co., Ltd (Cherry Oo) ဝန်ထမ်းများ
Champion Construction Materials Co., Ltd. ဝန်ထမ်းများ
Champion Oversea Trading Co., Ltd. ဝန်ထမ်းများ
Geo-Tech Pile Co., Ltd. ဝန်ထမ်းများ
Mega Mix Batching Plant Co., Ltd. ဝန်ထမ်းများ
Lucky Concrete Precast Products Manufacturing Co., Ltd. ဝန်ထမ်းများ


# ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ၊ပါတာမ်းလမ်းအမှတ်(၁၁၇) တွင်တည်ရှိသော လွယ်ဟိန်းကုမ္ပဏီလီမိတက် (ကုမ္ပဏီမှတ်ပုံတင်အမှတ်-၂၉၉/၁၉၉၂-၁၉၉၃)၏ ညွှန်ကြားချက်အရ ပါရှိသည့် ဒါရိုက်တာ ဒေါ်တာစိုးဆင်လွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

မှတ်ပုံတင်အမှတ်-၄/၂၀၀၁/၂၀၁၃ | မှတ်ပုံတင်အမှတ် - ၄/၂၀၀၂/၂၀၁၃ | မှတ်ပုံတင်အမှတ် - ၄/၂၀၀၃/၂၀၁၃

လွယ်ဟိန်းကုမ္ပဏီလီမိတက်သည် အထက်ဖော်ပြပါ ALPINE, Life, BLUE MOUNTAIN ကုန်အမှတ်တံဆိပ်များကို တစ်ဦးတည်းမူပိုင်အဖြစ် တရားဝင်သုံးစွဲရန် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

ဖော်ပြပါကုန်အမှတ်တံဆိပ်များကို နိုင်ငံတကာကုန်အမှတ်တံဆိပ် အဆင့်အတန်းသတ်မှတ်ချက်အုပ်စု-၃၂တွင်ပါဝင်သော ရေသန့်၊ သောက်ရေသန့်တို့ကို ထုတ်လုပ်ဖြန့်ချိရောင်းချရာတွင် ဒီဇိုင်းအမျိုးမျိုး ၊ ပုံစံမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး၊ ပုံသဏ္ဍာန်အမျိုးမျိုး၊ အရောင်အမျိုးမျိုးတို့ပြုလုပ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတဝှမ်းလုံးတွင်အသုံးပြုလျက်ရှိပါသည်။

ထို့ပြင် ယင်းကုန်အမှတ်တံဆိပ်များကို ကျွေးမှုပုံစံအမျိုးမျိုး၊ ပလတ်စတစ်ဘူးပုံစံအမျိုးမျိုး ၊ ထုတ်ပိုးမှုပုံစံအမျိုးမျိုး၊ စာရွက်စာတမ်း ၊ဆိုင်းဘုတ် ၊ဘလောက် ၊ဗင်နိုင်း ၊စတေကာ၊ တံဆိပ်တုံး ၊လျှပ်စစ်နီယွန်၊ငွေရပြေစာဖြတ်ပိုင်း ၊Letter Head ၊ရေဒီယိုရုပ်မြင်သံကြား၊သတင်းစာ၊မဂ္ဂဇင်း ၊ဂျာနယ် ၊Website၊ email၊ အစရှိသည်တို့တွင် အရောင်အသွေးအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ကိုပြုလုပ်ပြီးလျှင် ရိုက်နှိပ်၊ကပ်နှိပ်၊ရေးဆွဲ၊ကြော်ငြာ၍ အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ပါ၍ လွယ်ဟိန်းကုမ္ပဏီတစ်ဦးတည်းမူပိုင်သုံးစွဲသည့် အထက်ပါ ကုန်အမှတ်တံဆိပ်များကို ခွင့်ပြုချက်မရှိဘဲ တစ်ဦးတစ်ယောက် (သို့မဟုတ်)ကုမ္ပဏီ(သို့မဟုတ်) အဖွဲ့အစည်းတခုခုက ထပ်တူဖြစ်စေ ၊ ဆင်တူယိုးမှားဖြစ်စေ ၊ အရောင်အဆင်းတူ၍ဖြစ်စေ ၊ တစ်စိတ်တစ်ဒေသဖြစ်စေ တစ်နည်းနည်း တုပပြုလုပ်သုံးစွဲခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ ပြစ်မှုကြောင်း၊ တရားမကြောင်းများဖြင့် ထိရောက်စွာ တရားစွဲဆို အရေးယူသွား မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွယ်ဟိန်းကုမ္ပဏီလီမိတက်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ကျော်ထွန်း LL.B.,LLM.
အထက်တန်းရှေ့နေ(စဉ်-၁၃၅၀၆)
အမှတ်(၄၆)၊ပထမထပ်၊မဟာဗန္ဓုလပန်းခြံလမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့၊ဖုန်း-၀၉-၅၂၀၀၀၃၃၀၀၊၀၉-၅၂၀၁၈၉၉၁၈၉။

မြန်မာ့အလင်း

<၂၇>ကြိမ်မြောက်
အရှေ့တောင်အာရှ
အားကစားပြိုင်ပွဲ
အထူးကဏ္ဍ

27th SEA Games Special

2013, December 10, Tuesday



# ပန်ကြပ်ဆီလတ်အားကစားဖွင့်ပွဲနှင့်အတူ မြန်မာကစားသမားအနိုင်ရ

နေပြည်တော် ဒီဇင်ဘာ ၉

ယခုကျင်းပလျက်ရှိသော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးတွင် အားကစားနည်း ၃၃ မျိုးရှိသည့်အနက် ပန်ကြပ်ဆီလတ်အားကစားနည်းကို ယနေ့နံနက် ၉ နာရီက ဇေယျာသီရိအားကစားရုံ(C)၌ စတင်ဖွင့်လှစ်ကျင်းပသည်။ အဆိုပါအခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာ ပန်ကြပ်ဆီလတ်အတွင်းရေးမှူးက ပြိုင်ပွဲအကြောင်းအရာများကို ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ဇော်နိုင်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပြိုင်ပွဲများကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ပြိုင်ပွဲကို မောင်းတီး၍ ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ဝန်ကြီးက အားကစားသမားများကို လိုက်လံနှုတ်ဆက်သည်။ ယင်းနောက် ပြိုင်ပွဲဝင်အသင်းများ ပြိုင်ပွဲကျင်းပမည့်နေရာမှ ပြန်လည်ထွက်ခွာသွားကြပြီး ပြိုင်ပွဲအစဉ်အလာအရ ပြိုင်ပွဲဓားအပ်နှံခြင်းနှင့် မြန်မာ့သိုင်းအဖွဲ့ချုပ်မှ မျိုးဆက်သစ်လေးများ၏ မြန်မာ့သိုင်းသရုပ်ပြသခြင်းဖြင့် တက်ရောက်လာကြသည့် အားကစားသမားများနှင့် ဧည့်သည်တော်များကို ဖျော်ဖြေတင်ဆက်ကြပြီး ပန်ကြပ်ဆီလတ်အားကစားဖွင့်ပွဲ အောင်မြင်စွာပြီးဆုံးသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပန်ကြပ်ဆီလတ်အားကစား Class A အမျိုးသားပြိုင်ပွဲကို နံနက် ၁၀ နာရီခွဲတွင် စတင်ကျင်းပသည်။ ပထမဆုံးပွဲစဉ်အဖြစ် ထိုင်းအသင်းနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ထိုင်းအသင်းက အနိုင်ရရှိသည်။ ဒုတိယပွဲစဉ်အနေဖြင့် အင်ဒိုနီးရှားအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကြရာ မလေးရှားကစားသမားကို အင်ဒိုနီးရှားကစားသမားက အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ တတိယပွဲစဉ်ကျင်းပရာ မြန်မာအသင်းနှင့် လာအိုအသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး မြန်မာအသင်းမှကစားသမားဇေယျာသည် တစ်ဖက်လာအိုအသင်းကစားသမားအား ပွဲစဉ်တိုင်းတွင် အမှတ်များရရှိအောင် ယှဉ်ပြိုင်တိုက်နိုင်ခဲ့ပြီး လာအိုအသင်းကို အနိုင်ရရှိသည်။ စာမျက်နှာ ၄ »



သတင်း-ဇူလိုင်မိုး၊ သိမ့်သိမ့်မိုး
ဓာတ်ပုံ-ကိုကိုနေ

ပန်ကြပ်ဆီလတ်ပြိုင်ပွဲဖွင့်ပွဲတွင် မြန်မာ့သိုင်းအဖွဲ့ချုပ်မှ မျိုးဆက်သစ်လူငယ်လေးများ၏ မြန်မာ့သိုင်းသရုပ်ပြခြင်းဖြင့် ဖျော်ဖြေတင်ဆက်နေစဉ်။



သေနတ်ပစ်ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံခြားသားဧည့်သည်အသင်းများ၏ ပြိုင်ပွဲဝင်သေနတ်များကို ကြည့်ရှုစစ်ဆေးစဉ်။

# သေနတ်ပစ်အားကစားပြိုင်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံခြားဧည့်သည်အသင်းများ၏ သေနတ်များအားစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၉

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပွဲတော်ကြီးအတွင်း ကျင်းပမည့် သေနတ်ပစ်အားကစားပြိုင်ပွဲများတွင် မြန်မာအပါအဝင် ဖိလစ်ပိုင်၊ လာအို၊ အင်ဒိုနီးရှား၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ ဗီယက်နမ်နိုင်ငံများမှ သေနတ်ပစ်အားကစားသမားများသည် ဝင်ရောက်ယှဉ်ပြိုင်ကြရန်အတွက် အထူးလေ့ကျင့်ပြင်ဆင်နေကြခြင်းများနှင့်အတူ ယနေ့ ဒီဇင်ဘာ ၉ ရက် နံနက် ၁၀ နာရီက ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အပြည်ပြည်ဆိုင်ရာသေနတ်ပစ်အားကစားကွင်းတွင် နိုင်ငံခြားဧည့်သည်အသင်းများ၏ သေနတ်ပစ်ပြိုင်ပွဲတွင် အသုံးပြုကြမည့် ပစ္စတိုသေနတ်များကို ဝိတ်ချိန်ခြင်း၊ အင်္ကျီ အပျော့၊ အမာများ စစ်ဆေးခြင်း၊ သေနတ်ဒင်/မောင်းများကို စစ်ဆေးခြင်းပြုလုပ်ခဲ့သည်။ "အင်္ကျီကိုစစ်မယ်၊ (Thickness) အင်္ကျီအထူအပါး၊ (Stressness) အင်္ကျီ ကျုံ့နိုင်/ဆွဲနိုင်အား ဒါတွေအားလုံးကို စမ်းသပ်စစ်ဆေးပါတယ်၊ ပြီးတော့ သေနတ်ဝိတ်ချိန်မယ်၊ ပစ္စတိုရဲ့ အတိုင်းအတာက မောင်းကို စစ်ဆေးပါတယ်။ မောင်းက မာလို့မရပါဘူး၊ နောက်ပြီး သူတို့အသုံးပြုစီးကြမယ့် Shoe ဖိနပ်တွေကိုလည်း စစ်ဆေးပါတယ်။ ဖိနပ်ကလည်း မာလို့မရပါဘူး။ ဖိနပ်ကလမ်းလျှောက်ရင် ၂၂ ဒသမ ၅ ဒီဂရီချိုးဝင်နိုင်ရပါမယ်။ ဒါတွေအားလုံးကို စစ်ဆေး နေတာပါ" ဟု ပြိုင်ပွဲမှတာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။ **သတင်းနှင့်ဓာတ်ပုံ - စိုးဝင်း(SP)**



ဒီဇင်ဘာ ၉ ရက်က ဇေယျာသီရိအားကစားရုံ(A)၌ ဘတ်စကက်ဘောပြိုင်ပွဲ ကျင်းပရာ မြန်မာနှင့် အင်ဒိုနီးရှားတို့ ယှဉ်ပြိုင်ကစားစဉ်။ ဓာတ်ပုံ-သူရ(တောင်ငူ)

မြန်မာအမျိုးသမီးခြင်းလုံး သုံးထပ်ကွမ်းရှေ့တံဆိပ်ဆုဆွတ်ခူး စာ-၂

နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်သုံးဆုရှင် ဝေဖြိုးအောင်နှင့် တွေ့ဆုံမေးမြန်း စာ-၂

ဆီးဂိမ်းအားကစားပြိုင်ပွဲလှုပ်ရှားမှုသတင်းပုံရိပ်များ စာ-၃

# င်းအတွက် ဝတ်စုံများပံ့ပိုး

ပြီး နိုင်ငံ့ဂုဏ်ဆောင်လက်ရွေးစင်ကစားသမားဟောင်း
ပါ မီးရှူးတိုင်ကို ဒီဇင်ဘာ ၁၁ ရက်တွင် ရန်ကုန်မြို့မှ
ဆောင်မည်ဖြစ်သည်။



ဖွင့်ပွဲ၊ပိတ်ပွဲ အခမ်းအနားနှင့် မီးရှူးတိုင်လက်ဆင့်ကမ်းသယ်ဆောင်ပွဲတွင် ပါဝင်မည့် အားကစားသမားများဝတ်ဆင်မည့်ဝတ်စုံများကို Royal Golden Owls Co.,Ltd. (RGO and 47 Collection) က ပံ့ပိုးကူညီပေးထားသည်။ ဖွင့်ပွဲ၊ပိတ်ပွဲအခမ်းအနားတွင် ဝတ်ဆင်ရန် ငွေကျပ်သိန်း ၁၂၀၀ တန်ဖိုးရှိ Cheer girls ဝတ်စုံ ၃၀၀၊ Count Down ဝတ်စုံ ၁၅၀၀၊ လေ့ကျင့်ရေးဝတ်စုံ အထည် ၈၀၀၀၊ မီးရှူးတိုင်သယ်ဆောင်မည့် အားကစားသမားများနှင့် ဘေးအရန်လိုက်ပါမည့်သူများအတွက် အားကစားဝတ်စုံ ၅၈၂ စုံ၊ အလံတင် အခမ်းအနားတွင် အားကစားသမားများဝတ်ဆင်မည့် ဝတ်စုံ ၁၁၈ စုံ၊ လုံခြုံရေးဝတ်စုံအစုံ ၂၀ တို့ကို Royal Golden Owls Co.,Ltd. (RGO and 47 Collection) မှ ပံ့ပိုးကူညီပေးထားကြောင်း သိရသည်။

**ဖိုးသော်ဇင်**

# ဆောင် ရွှေတံဆိပ်သုံးဆုရှင် အောင်နှင့် တွေ့ဆုံမေးမြန်း

**နေပြည်တော် ဒီဇင်ဘာ ၉**

် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အားကစား
ှ် ဝူရှူးအားကစားနည်းဖြင့် ရွှေတံဆိပ်သုံးဆု ဆွတ်ခူး
ာနိုင်ငံ၏ ဂုဏ်ဆောင်ခဲ့သည့် ဝူရှူးသူရဲကောင်း ဝေဖြိုး
ပြက်တွေ့ဆုံမေးမြန်းမိသမျှ တင်ပြလိုက်ရပါသည်။
ရှူးအားကစားမှာ ဘယ်ကစားနည်းတွေနဲ့ ရွှေတံဆိပ်
ရှိခဲ့တာပါလဲ။
ာစ်ဦးချင်း၊ နန်ချွမ်၊ ဒီနေ့နန်တောင်းတို့ဖြစ်ပါတယ်။
တွရအောင် ဘယ်လိုကြိုးစားပြင်ဆင်ပြိုင်ပွဲဝင်ခဲ့ပါသလဲ။
ဆုတွေရအောင် သက်ဆိုင်ရာလူကြီးများရဲ့ ဝိုင်းဝန်းပံ့ပိုး
ရှုတ်နည်းပြနှင့်မြန်မာနည်းပြများရဲ့ လမ်းညွှန်သွန်သင်ပြ
နစ်တကျလိုက်နာလေ့ကျင့်ပြိုင်ပွဲဝင်ခဲ့တာပါ။ ဒါကြောင့်
ာံဆိပ်ဆုတွေ ရရှိခဲ့တာဖြစ်ပါတယ်။
းပြတွေက ဘယ်သူတွေပါလဲ။
းပြ ဆရာခင်စိုး၊ နည်းပြချုပ် ဆရာမ ဆွေဆွေသန်း၊
းမှူး ဗိုလ်ကြီးထွန်းထွန်းဦးတို့အပြင် ဝိုင်းဝန်းပြသပေး
ဆရာမနည်းပြတွေဖြစ်ပါတယ်။ ဆရာအားလုံးကို
ာူးတင်ပါတယ်။
ဦလေး အဓိကထားယှဉ်ပြိုင်ခဲ့ရတဲ့ ပြိုင်ပွဲဝင်တွေက
တွေ ဖြစ်ပါသလဲ။
အင်ဒို၊ ဗီယက်နမ်တို့ကို အဓိကထားယှဉ်ပြိုင်ခဲ့ရပါတယ်။
းအားကစားနည်းကို ဘယ်အရွယ်ကတည်းက စတင်
ပါလဲ။ အခုအသက်က ဘယ်နှစ်နှစ်ထဲမှာလဲ။
ာ အရွယ်ခန့်က စတင်ကစားခဲ့တာပါ။ အခု ၂၃ နှစ်ထဲ
ါပြီ။
က ဝူရှူးပြိုင်ပွဲတွေမှာ ဆုတံဆိပ်ရရှိခဲ့မှုတွေကို ပြောပြ

က အငယ်ပြိုင်ပွဲတွေမှာ ရွှေတံဆိပ် ၁၁ ခု၊ ငွေတံဆိပ်
တံဆိပ်လေးခုရရှိပြီး ၂၀၁၁ ခုနှစ်ဆီးဂိမ်းမှာ ရွှေတံဆိပ်
ဒြးတံဆိပ် တစ်ခုရရှိခဲ့ပါတယ်။
ာံဆိပ် သုံးခုဆွတ်ခူးရရှိခဲ့တဲ့အပေါ် ညီလေးခံစားမိတာ
ည်းရှင်းပြပေးပါ။
ာရမလဲ အတိုင်းမသိ ဝမ်းသာမိတာပေါ့ဗျာ။ ရင်ဘတ်
မ်းသာမိတယ်။ မျက်ရည်လည်တဲ့အထိကို ခံစားမိပါ
းအတွက် ကျေးဇူးရှင်မိဘနှစ်ပါးနဲ့ သက်ဆိုင်ရာလူကြီး
ပြဆရာ ဆရာမတွေကို အလွန်ကျေးဇူးတင်ပါတယ်။
ဖြစ်လက်ခံကျင်းပတဲ့ အခုလို ဆီးဂိမ်းပြိုင်ပွဲမှာ နိုင်ငံ့
နိုင်ခဲ့လို့ များစွာလည်း ဂုဏ်ယူဝမ်းမြောက်မိပါတယ်ဗျာ။
နေနဲ့ ဝူရှူးအားကစားနည်းနဲ့ပတ်သက်ပြီး ရှေ့ဆက်
ျှော်မှန်းထားပါသလဲ။
ှ် (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲမှာ ရွှေတံဆိပ်ဆု
ံဆွတ်ခူးရရှိနိုင်အောင် ဆက်လက်ကြိုးစားအားထုတ်
င်ပွဲဝင်သွားဖို့ မျှော်မှန်းထားပါတယ်။ **ချမ်းသာ(မိတ္ထီလာ)**



(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(မန္တလေးဇုန်) အလံတင်အခမ်းအနား ကျင်းပစဉ်။ ဓာတ်ပုံ-တင်မောင်(မန္တလေး)




(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝူရှူးပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရ ဝေဖြိုးအောင်၏ ယှဉ်ပြိုင်ကစားကကွက်။ ဓာတ်ပုံ-စိုးညွန့်

# ဆီးဂိမ်းအားကစားပြိုင်ပွဲလှုပ်ရှားမှုသတင်းပုံရိပ်များ

(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ခြင်းလုံးပြိုင်ပွဲ၌ ရွှေတံဆိပ်ကို ဆွတ်ခူးရယူပေးနိုင်သည့် အမျိုးသားခြင်းလုံးအသင်း ယှဉ်ပြိုင်ဟန်။ ≫ ဓာတ်ပုံ-ဖိုးသော်ဇင်



(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝူရှူးပြိုင်ပွဲ၌ ရွှေတံဆိပ်ရှင် ဝေဖြိုးအောင်အား ကစားဖော်များ၏ ဂုဏ်ပြုအနမ်း။ » ဓာတ်ပုံ-ဖိုးသော်ဇင်






(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ လက်ဝှေ့ပြိုင်ပွဲတွင် မြန်မာအသင်းမှ နွယ်နီဦး အနိုင်ရရှိသွားစဉ်။ « ဓာတ်ပုံ-သူရ(တောင်ငူ)



(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နပန်းပြိုင်ပွဲကို သုဝဏ္ဏအားကစားရုံ(၁)၌ ကျင်းပရာ ပထမနေ့ စတင်ယှဉ်ပြိုင်စဉ်။ « ဓာတ်ပုံ-သန်းထိုက်(လှိုင်သာယာ)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ပန်ကြပ်ဆီလတ် အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနား ကျင်းပရာ ဆိုင်းဘုတ်ကိုင်အဖွဲ့များ နိုင်ငံအလိုက် ပါဝင်နေရာယူစဉ်။ ≫ ဓာတ်ပုံ-သူရ(တောင်ငူ)



# ဆီးဂိမ်းပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲများအတွင်း နိုင်ငံကိုယ်စားပြုနှင့် အားကစားနည်း ဆိုင်းဘုတ်များကိုင်ဆောင်ရန် မြန်မာအမျိုးသမီးငယ်လေးများ အဆင်သင့်ဖြစ်နေ



**နေပြည်တော် ဒီဇင်ဘာ ၉**

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲများ ကျင်းပစဉ်တွင် နိုင်ငံပေါင်း ၁၁ နိုင်ငံကိုယ်စားပြု ဆိုင်းဘုတ်များနှင့် အားကစားနည်း ၃၃ မျိုးတို့၏ အထိမ်းအမှတ်ဆိုင်းဘုတ်များ ကိုင်ဆောင်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဆိုင်းဘုတ်ကိုင်အလှမယ် ၃၃ ဦးကို စနစ်တကျ ရွေးချယ်လေ့ကျင့်ပေးခဲ့ပြီး ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများအတွက် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ ဆိုင်းဘုတ်ကိုင်အမျိုးသမီး ၃၃ ဦးတို့ကို ၂၀၁၂ ခုနှစ်အတွင်း သတင်းစာနှင့် ရုပ်မြင်သံကြားများမှ လျှောက်လွှာများခေါ်ယူခဲ့ပြီး အဆင့်ဆင့်ရွေးချယ်စိစစ်ကာ ကိုယ်စားပြုဆိုင်းဘုတ်များ ကိုင်ဆောင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ မျိုးဆက်သစ်လူငယ်များကို ဆိုင်းဘုတ်ကိုင်အလှမယ်အဖြစ် ရွေးချယ်ခန့်အပ်ခဲ့ခြင်းကို ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအမျိုးသမီးအဖွဲ့ချုပ်တို့က ယဉ်ကျေးမှုတက္ကသိုလ်များတွင် လာရောက်လျှောက်ထားခွင့်ပြုခဲ့ပြီး ၂၀၁၂ ခုနှစ် မတ်လတွင် အပြီးသတ်လူရွေးချယ်မှုများပြုလုပ်ကာ စခန်းသွင်းလေ့ကျင့်ပေးခဲ့ခြင်းဖြစ်သည်။ "အိမ်ရှင်အဖြစ် လက်ခံကျင်းပမယ့် ဆီးဂိမ်းပြိုင်ပွဲကြီးမှာ ကျရာအခန်းကဏ္ဍကနေ ပါဝင်ခွင့်ရရှိလို့ အလွန်ဂုဏ်ယူမိပါတယ်။ သမီးတို့အနေနဲ့ တတ်နိုင်တဲ့ဘက်က တာဝန်ကျေပွန်အောင် ထမ်းဆောင်သွားမှာ ဖြစ်ပါတယ်။ သမီးတို့ ၃၃ ဦးမှာ အများစုက တက္ကသိုလ်ကျောင်းသူတွေဖြစ်ပြီး သက်ဆိုင်ရာ တက္ကသိုလ်များမှလည်း လေ့ကျင့်ကာလအတွက် ခွင့်ပြုချက်ရယူပြီး လာရောက်ခဲ့ခြင်းဖြစ်ပါတယ်။ တိုင်းရင်းသားပေါင်းစုံ ပါဝင်ပြီး အတူတူလေ့ကျင့်ကြရတဲ့အတွက် ပျော်စရာလည်း ကောင်းပါတယ်။ သွားလာရေးအခက်အခဲနဲ့ အခြားအခက်အခဲတွေအနည်းအကျဉ်းရှိခဲ့ပေမယ့် ဆီးဂိမ်းပြိုင်ပွဲကြီး အောင်အောင်မြင်မြင်နဲ့ ပြီးဆုံးနိုင်ရေးအတွက်နဲ့နှိုင်းယှဉ်ရင် မပြောပလောက်တဲ့ အခက်အခဲမျိုးသာရှိခဲ့ပါတယ်။ သမီးတို့ရဲ့ အုပ်ချုပ်သူတွေက အဓိကမှာကြားထားတဲ့အချက်ကတော့ ကျန်းမာရေးဖြစ်ပါတယ်။ ကွင်းအတွင်းမှာ ဆိုင်းဘုတ်ကိုင်ဆောင်ပြီး လမ်းလျှောက်ကြရမှာဖြစ်တဲ့အတွက် ကျန်းမာရေးကောင်းမွန်ဖို့လိုအပ်ပါတယ်။ မူးတာ မောတာမျိုး လုံးဝဖြစ်လို့မရပါဘူး။ နောက်တစ်ခုက လမ်းလျှောက်ပုံလမ်းလျှောက်နည်းတွေနဲ့ မျက်နှာအနေအထား၊ လက်အနေအထားကိုပါ စနစ်တကျသင်ကြားပေးပါတယ်။ သမီးတို့အနေနဲ့ တာဝန်ကျေပွန်အောင် ထမ်းဆောင်သွားမှာပါ" ဟု (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှဆီးဂိမ်းပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲများကျင်းပစဉ်တွင် အားကစားနည်း ၃၃ မျိုးနှင့် နိုင်ငံကိုယ်စားပြုဆိုင်းဘုတ်များ ကိုင်ဆောင်မည့် အမျိုးသမီးငယ် ၃၃ ဦးတို့က ဖြေကြားသည်။ ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်ရှိ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံအမျိုးသမီးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက အဆင့်ဆင့်ရွေးချယ်ကာ သင်ကြားပြသပေးခဲ့သည့် အမျိုးသမီး ၃၃ ဦးတို့၏ ဆီးဂိမ်းဖွင့်ပွဲ၊ ပိတ်ပွဲများအတွင်း အလှအပပြင်ဆင်ရန်အတွက် မိတ်ကပ်ခင်စန်းဝင်းနှင့် ဒီဇင်ဘာနှင်းတို့က တာဝန်ယူထားပြီးဆံထုံးများထုံးနိုင်ရန်အတွက် ကိုမာနှင့် စိုးစိုးတို့က တာဝန်ယူထားသည်။ ဖွင့်ပွဲ၊ ပိတ်ပွဲနေ့ အခမ်းအနားဝတ်စုံများကို မမဋ္ဌူနှင့် ဖိနပ်ကို ရွှေနိုင်ငံတို့က ပံ့ပိုးကူညီပေးမည်ဖြစ်သည်။

**သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-သွန်းဝဿန်**

» စာမျက်နှာ ၁ မှ

မြန်မာအသင်းမှ ကစားသမား ဇေယျာသည် မြန်မာနိုင်ငံအတွက် ဆုများရယူပေးမည့် အသင်းအတွက် အားထားရသော ကစားသမားတစ်ဦးဖြစ်ပြီး လေ့ကျင့်မှုများကို ပြိုင်ပွဲမကျင်းပမီ တစ်နှစ်ခွဲလောက်ကတည်းက စတင်လေ့ကျင့်ခဲ့ကြောင်းလည်း သိရသည်။ ထို့နောက် နံနက်ပိုင်း နောက်ဆုံးပွဲစဉ်အဖြစ် ဗီယက်နမ်အသင်းနှင့် ဘရူနိုင်းအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကြရာ ဗီယက်နမ်အသင်းက အနိုင်ရရှိခဲ့သည်။

# မြန်မာပန်ကြပ်ဆီလတ်အသင်း ရွှေလေးခုမျှော်မှန်း



**ပန်ကြပ်ဆီလတ်ပြိုင်ပွဲတွင် မြန်မာအသင်းနှင့် လာအိုအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။** (ဓာတ်ပုံ-မေမိုးသဲ)

**နေပြည်တော် ဒီဇင်ဘာ ၉**

(၂၇)ကြိမ်မြောက် ဆီးဂိမ်း၏ ပန်ကြပ်ဆီလတ် Class-A အတိုက်ပြိုင်ပွဲ ပထမနေ့ပွဲစဉ်များကို ယနေ့နံနက် ၁၀နာရီတွင် ဇေယျာသီရိအားကစားရုံ(C)၌ ယှဉ်ပြိုင်ကစားကြရာ မြန်မာပန်ကြပ်ဆီလတ်အသင်းက ရွှေတံဆိပ်ဆွတ်ခူးနိုင်မည်ဟု ယုံကြည်ကြောင်း ပန်ကြပ်ဆီလတ်အသင်းနည်းပြ ဦးဇော်ဝင်းက ပြောကြားသည်။

"မြန်မာအသင်းအနေနဲ့ အဓိကထား ယှဉ်ပြိုင်ရမှာက အင်ဒိုနီးရှားနဲ့ ဗီယက်နမ်အသင်းတို့ဖြစ်ပါတယ်၊ ကျွန်တော်တို့အသင်းအနေနဲ့ လေ့ကျင့်ချိန်က တစ်နှစ်ခွဲလောက်ရခဲ့ပါတယ်။ မြန်မာအသင်းအနေနဲ့ ဆုတံဆိပ်ဆွတ်ခူးပေးနိုင်ရန် အားအထားရဆုံး ကစားသမားကတော့ ဇေယျာဖြစ်ပါတယ်။ အခုကစားသွားတဲ့ပွဲမှာလည်း ဇေယျာက လာအိုအသင်းကို အပြတ်အနိုင်ရခဲ့ပါတယ်။ ဒါပေမယ့် ကစားနေတုန်းက သူ့စိတ်တွေ တအားလှုပ်ရှားနေတာကို တွေ့ရတယ်။ ဘေးကနေပြီး အမြဲသတိပေးနေရတယ်။ တစ်ခုခုလွဲချော်သွားမှာကို စိုးရိမ်နေတာကြောင့်ပါ။ ကျွန်တော်တို့အသင်းကို တစ်ဖက်ပြိုင်ဘက်အသင်းကို အထင်မသေးဖို့၊ လျှော့မတွက်ဖို့ အမြဲပြောထားပါတယ်။ အခု လာအိုအသင်းကို အနိုင်ရသွားတဲ့အတွက် အလွန်ပျော်ပါတယ်။ ကိုယ်နဲ့လက်ပွန်းတတီးနေလာတဲ့ကလေးဆိုတော့ အောင်မြင်စေချင်ပါတယ်။ ကျွန်တော်တို့ မြန်မာပန်ကြပ်ဆီလတ်အသင်းအနေနဲ့ ရွှေတံဆိပ်အနည်းဆုံးလေးခုရမယ်လို့ မျှော်မှန်းထားပါတယ်"ဟု အသင်းတာဝန်ခံ ဦးအေးထွဋ်က ပြောကြားသည်။

"အခုလိုပွဲဦးထွက်မှာပဲ အနိုင်ကစားနိုင်ခဲ့လို့ ကျွန်တော်အလွန်ပျော်ပါတယ်။ ဆုတံဆိပ်ရအောင်လည်း ကျွန်တော်ကြိုးစားသွားမှာပါ။ Joint Training လုပ်ခဲ့တုန်းကလည်း အခက်အခဲတွေ အများကြီးကျော်ဖြတ်ခဲ့ရပါတယ်။ ကစားနေတုန်းကလည်း ကျွန်တော်စိတ်တွေလှုပ်ရှားနေခဲ့ပါတယ်။ ပရိသတ်ကနေပြီး မြန်မာဇေယျာလို့အော်ပြီး အားပေးသံတွေကြားလိုက်ရတော့ ကျွန်တော်ပိုပြီးအားတွေတက်လာခဲ့တယ်။ ငါနိုင်ကိုနိုင်ရမယ်လို့တွေးပြီး ကြိုးစားယှဉ်ပြိုင်ခဲ့ပါတယ်။ နောက်ပွဲတွေမှာလည်း အကောင်းဆုံးကြိုးစားသွားမှာပါ" ဟု ပန်ကြပ်ဆီလတ်အားကစား၏ အတိုက်ပြိုင်ပွဲကို ယှဉ်ပြိုင်ခဲ့သော ကစားသမား ဇေယျာက ပြောကြားသည်။

ပန်ကြပ်ဆီလတ်အားကစား၏ အတိုက်ပြိုင်ပွဲတွင် မြန်မာအသင်းသည် လာအိုအသင်းကို Step(1) သုံးမိနစ်အတွင်း ၂၀-၁၀ မှတ်ဖြင့်လည်းကောင်း၊ Step(2)တွင် ၅၀-၄၄ မှတ်ဖြင့်လည်းကောင်း၊ Step(3)တွင် ၄၉-၁၃ မှတ်ဖြင့်လည်းကောင်း အပြတ်အသတ်အနိုင်ရရှိခဲ့ပြီး ဆက်လက်၍ ထိုင်းအသင်းသည် စင်ကာပူအသင်းကိုလည်းကောင်း၊ အင်ဒိုနီးရှားအသင်းသည် မလေးရှားအသင်းကိုလည်းကောင်း၊ ဗီယက်နမ်အသင်းသည် ဘရူနိုင်းအသင်းကိုလည်းကောင်း အသီးသီးအနိုင်ရရှိသွားခဲ့ကြသည်။ ဒီဇင်ဘာ ၁၀ ရက်တွင် ပြိုင်ပွဲများကို ဇေယျာသီရိအားကစားရုံ(C)၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ရာ မြန်မာအသင်းသည် အင်ဒိုနီးရှားအသင်းနှင့် ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဇူလိုင်မိုး၊ သိမ့်သိမ့်မိုး**